## မြတ်ဗုဒ္ဓ၏အဆုံးအမတရား

နေမင်းသည် နေ့၌တောက်ပ၏။ လဝန်းသည် ညဉ့်၌ထွန်းလင်း၏။ မင်းသည် ချပ်ဝတ်တန်ဆာဆင်သော်တောက်ပ၏။ ဗြာဟ္မဏသည် ဈာန်ဝင်စားသော်တောက်ပ၏။ ဗုဒ္ဓဘုရားရှင်သည် နေ့ညဉ့်ပတ်လုံး တန်ခိုးတော်ဖြင့်တောက်ပ၏။ **ဓမ္မပဒ**


# မြဝတီ နေ့စဉ်

အများအမှန် ပိုင်းခြားသိမြင် မြဝတီနေ့စဉ်


### ဒို့တာဝန်အရေးသုံးပါး

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၃၂၇)

၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက်
၂၀၂၅ ခုနှစ်၊ မတ် ၁၁ ရက်၊ အင်္ဂါနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဘယ်လာရုစ်သမ္မတနိုင်ငံတို့နှင့် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အထူးလေယာဉ်ပေါ်၌ မီဒီယာများ၏ သီးသန့်မေးမြန်းမှုများကို ပြန်လည်ဖြေကြား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မီဒီယာများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားစဉ်။

**နေပြည်တော် မတ် ၁၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin ၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးစဉ်အဖြစ်လည်းကောင်း၊ ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Alexander Gregoryevich Lukashenko ၏ ဖိတ်ကြားချက်အရ ဘယ်လာရုစ်သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့် တရားဝင်ချစ်ကြည်ရေးခရီးစဉ်အဖြစ်လည်းကောင်း မတ်လ ၃ ရက်နေ့မှ ၉ ရက်နေ့အထိ သွားရောက်ခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မတ်လ ၉ ရက်နေ့ ဒေသစံတော်ချိန် မွန်းလွဲပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ နိုဗိုစီဗစ်မြို့၊ သာမာရှဲဗာလေဆိပ်မှ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာခဲ့ပြီး ညနေပိုင်းတွင် နေပြည်တော် တပ်မတော်လေဆိပ်သို့ ပြန်လည်ရောက်ရှိခဲ့သည်။

ထိုသို့ပြန်လည်ထွက်ခွာလာစဉ် အထူးလေယာဉ်ပေါ်၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မီဒီယာများ၏ သီးသန့်မေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့သည်။ ဖြေကြားမှုအပြည့်အစုံမှာ–

"ကျွန်တော်တို့နိုင်ငံက ပါတီစုံဒီမိုကရေစီစနစ်ကို သွားမှာ နံပါတ်တစ်အချက်ပေ့ါ။ ကျွန်တော်တို့က လွတ်လပ်ရေးရပြီးတာ ၇၇ နှစ်တာကြာခဲ့ပြီ။ ကျွန်တော်တို့မှာ ပဋိပက္ခပေါင်းများစွာနဲ့ ကြုံတွေ့ခဲ့ရတယ်။ တကယ်တော့ ကျွန်တော်တို့မှာရှိတဲ့ လူသားအပါအဝင် သယံဇာတအရင်းအမြစ်တွေ များစွာရှိတယ်။ ဒါတွေကို အသုံးချမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ တိုင်းပြည်က မုချတိုးတက်တဲ့တိုင်းပြည်တစ်ခုဖြစ်ရမယ်။ ဒီအတွက် ကျွန်တော်တို့က ပူးပေါင်းဆောင်ရွက်မှုအလားအလာကိုရှာတဲ့အခါမှာ ရုရှားနိုင်ငံဟာ ကျွန်တော်တို့အတွက် ပူးပေါင်းဆောင်ရွက်မှုအလားအလာရှိတဲ့ နိုင်ငံတစ်ခုအဖြစ် ကျွန်တော်တို့မြင်တာပေ့ါ။ ရုရှားနိုင်ငံတင်မကပါဘူး။ နိုင်ငံတွေများစွာရှိပါတယ်။ သို့သော်လည်းပဲ အလျင်မြန်ဆုံးဆောင်ရွက်ပေးနိုင်မယ့်နိုင်ငံက ရုရှားနိုင်ငံဖြစ်တယ်ဆိုတာ ကျွန်တော်သိပါတယ်။ ဒါကြောင့် ရုရှားနိုင်ငံကို ကျွန်တော်သွားခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့က နိုင်ငံရေးအရ ဆုံးဖြတ်ပြီးသားဖြစ်ပါတယ်။

**စာမျက်နှာ ၁၆ ကော်လံ ၁** ☆

**ဆောင်းပါး**

- ခိုင်မာသော ယုံကြည်ချက်နှင့်အတူ စာ - ၁၁ သို့
- ဝင်ငွေတိုးစေဖို့ ရော်ဘာတိုးချဲ့စိုက်ကြပါစို့ စာ - ၇ သို့

## ကျောက်ဆည်မြို့နယ်၌ ချည်မျှင်ရှည်ဝါ ၁၆၆၆၆ ဧက စိုက်ပျိုးခဲ့ပြီး အထွက်နှုန်း ၇၄၉၂၀၉၃ ပိဿာထွက်ရှိ

စာ - ၉ သို့




## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ မတ် ၁၁ ရက်)

# အောင်အောင်မြင်မြင် ချစ်ကြည်ရေးခရီးစဉ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာဗလာဒီမာပူတင်၏ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ နိုင်ငံတော်အဆင့်တရားဝင်ချစ်ကြည်ရေးခရီးစဉ်အဖြစ်လည်းကောင်း၊ ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ မစ္စတာလူကာရှန်းကော့၏ဖိတ်ကြားချက်အရ ဘယ်လာရုစ်သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့်တရားဝင်ချစ်ကြည်ရေးခရီးစဉ်အဖြစ်လည်းကောင်း မတ်လ ၃ ရက်မှ ၉ ရက်အထိ သွားရောက်ခဲ့ပြီး မတ်လ ၉ ရက် ညနေပိုင်းတွင် မြန်မာနိုင်ငံ နေပြည်တော် တပ်မတော်လေဆိပ်သို့ပြန်လည်ရောက်ရှိခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် မီဒီယာများ၏မေးမြန်းမှုများကို ပြန်လည်ဖြေကြားရာတွင် **“ရုရှားနိုင်ငံရော ဘယ်လာရုစ်နိုင်ငံရော သူတို့နိုင်ငံမှာရှိတဲ့ ပြည်သူတွေကရော မြန်မာနိုင်ငံအပေါ်မှာ စိတ်ဝင်တစားနဲ့တော်တော်ဖြစ်လာတာကို ကျွန်တော်တွေ့တယ်ဗျ။ ဒါဟာ ကျွန်တော်တို့အတွက်(နောက်အနာဂတ်နိုင်ငံအတွက်)(နောင်နိုင်ငံတော်အနာဂတ်အတွက်လည်း)ကောင်းတဲ့လက္ခဏာတစ်ခုပေါ့ဗျာ။ နောက်တစ်ခုကလည်း ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲလုပ်မယ်လို့ ကျွန်တော်ပြောခဲ့တာရှိတယ်။ ဒါကို ကျွန်တော်တို့ ခိုင်ခိုင်မာမာလုပ်မှာပါ။ ပါတီစုံဒီမိုကရေစီစနစ်ကို တကယ်လိုချင်လို့ရှိရင် ကဏ္ဍကောစလုပ်မနေနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ပဲလိုပါတယ်။ အဲ့ဒါလုပ်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့နိုင်ငံ မုချအောင်မြင်ရမယ်ဗျ။ မုချအောင်မြင်ရမယ် ကျွန်တော်ဒါကိုပြောရဲပါတယ်”**ဟူ၍ထည့်သွင်းဖြေကြားခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဦးဆောင်သည့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်မှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်မြို့၊ မော်စကိုမြို့၊ စိန့်ပီတာစဘတ်မြို့၊ ဆာမားရာမြို့နှင့်ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့တို့သို့သွားရောက်ခဲ့သည်။ ထိုဒေသများမှာ မြန်မာနိုင်ငံနှင့်ရာသီဥတုအနေအထားကွာဟချက်အရ အပူချိန် အနုတ် ၂ မှ အနုတ် ၁၂ ဒီဂရီစင်တီဂရိတ်(အေးခဲသော)အနေအထားအထိရှိသည်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့သို့ အသွားအပြန်မိုင်ပေါင်းတစ်သောင်းကျော်ခန့်အထိသွားရောက်၍ နိုင်ငံတော်အကျိုးစီးပွားကို တစိုက်မတ်မတ်ဦးတည်ပြီး ခရီးစဉ်အတွင်း နေ့မအားညမနားဖြင့် နိုင်ငံများအကြား စိုက်ပျိုးရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ ကုန်သွယ်ရေးကဏ္ဍ၊ ပညာသင်ကြားမှုမြှင့်တင်ရေးဆိုင်ရာကဏ္ဍ၊ ခရီးသွားကဏ္ဍများ တိုးမြှင့်ရေးဆိုင်ရာကိစ္စများတွင် ပြည်သူအချင်းချင်း၊ လုပ်ငန်းရှင်များအချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများပေါ်ပေါက်လာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ နိုင်ငံတော်အဆင့် တရားဝင်ချစ်ကြည်ရေးခရီးစဉ်နှင့်ပတ်သက်သည့်သတင်းများကို အချိန်နှင့်တစ်ပြေးညီထုတ်လွှင့်ခဲ့သည့်အတွက် ပြည်သူများအားလုံးသိမြင်ကြပြီးဖြစ်သည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍသုံးရပ်စလုံးတွင် အောင်မြင်မှုများရရှိခဲ့သည်။ နိုင်ငံရေးနှင့်ပတ်သက်လျှင် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့အနေဖြင့် ယခင်ကတည်းက နိုင်ငံတကာမျက်နှာစာမှာ မြန်မာနိုင်ငံဘက်ကရပ်တည်ခဲ့ပြီး ယခုလည်း ရပ်တည်လျက်ရှိသည်။ ဆက်လက်ပြီး ရပ်တည်သွားမည်ဆိုသည့် ခိုင်ခိုင်မာမာအာမခံချက်ရရှိခဲ့သည်။ မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ အစောဆုံးသည် ဒီဇင်ဘာလနောက်ဆုံးပတ်၊ နောက်အကျဆုံးသည် ဇန်နဝါရီလ ဒုတိယပတ်ခန့်တွင်ကျင်းပမည်ဖြစ်သည်။ ရွေးကောက်ပွဲနှင့်ပတ်သက်၍ ရုရှားနိုင်ငံ၊ ဘယ်လာရုစ်နိုင်ငံတွေအပြင် ကျန်သည့်နိုင်ငံတကာကထောက်ခံပေးထားသည်။ ရုရှားနိုင်ငံ၊ ဘယ်လာရုစ်နိုင်ငံတို့က ထဲထဲဝင်ဝင် ဝင်ရောက်ထောက်ခံပေးသည့်အပြင် လေ့လာစောင့်ကြည့်ရေးအဖွဲ့များလည်းလွှတ်ပေးမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ပြည်သူများလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို မလွဲမသွေပြန်သွားပြီး စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီလမ်းကြောင်းကို အောင်မြင်စွာဆောင်ရွက်ပေးမည်ဖြစ်သည်။ စီးပွားရေးနှင့်ပတ်သက်၍ ရုရှားနိုင်ငံနှင့်ဘယ်လာရုစ်နိုင်ငံတို့မှာ နည်းပညာမြင့်မားစွာပိုင်ဆိုင်ထားသည့်နိုင်ငံများဖြစ်သည်။ မြန်မာနိုင်ငံသည် စိုက်ပျိုးရေး၊ မွေးမြူရေးကိုအခြေခံသည့် စက်မှုစီးပွားကိုသွားမည့်နိုင်ငံအဖြစ်ဆောင်ရွက်နေသည့်နိုင်ငံဖြစ်သည်။ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံတွင် အခွင့်အလမ်းကောင်းများရှိထားသည်။ ဘယ်လာရုစ်နိုင်ငံသည် မြန်မာနိုင်ငံ၏အကျယ်အဝန်းနှင့် နှိုင်းယှဉ်လျှင် သုံးပုံတစ်ပုံမျှသာကျယ်ဝန်းသည်။ ကုန်းတွင်းပိတ်နိုင်ငံဖြစ်သည်။ လူဦးရေမှာ အများဆုံး ၉ ဒသမ ၁ သန်းခန့်သာရှိသည်။ သို့သော် စိုက်ပျိုးရေးကဏ္ဍတစ်ခုတည်းကရရှိနေသည့် GDP မှာ ၉ ဘီလီယံနီးပါးရှိသည်။ စိုက်ပျိုးမှုတွင် မြေကန့်သတ်ချက်၊ ရာသီဥတုကန့်သတ်ချက်တွေရှိသည့်ကြားမှ အောင်မြင်ဖြစ်ထွန်းအောင်ဆောင်ရွက်နိုင်လျှင် မြန်မာနိုင်ငံကဲ့သို့ မြေ၊ ရာသီဥတုကောင်းမွန်သည့်နိုင်ငံမှာ မဖြစ်ထွန်းစရာအကြောင်းရှိမည်မဟုတ်ပေ။ လိုအပ်နေသည်မှာ ခေတ်မီစိုက်ပျိုးရေးစနစ်ဖြစ်သည်။

မြန်မာ့စီးပွားရေးတစ်ဟုန်ထိုးတိုးတက်လာနိုင်သည့် ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းမှာ ရပ်ဆိုင်းထားသည်မှာကြာမြင့်ခဲ့ပြီဖြစ်သည်။ ထားဝယ်ရေနက်ဆိပ်ကမ်းကိုလည်း ရုရှားနိုင်ငံနှင့်ဆောင်ရွက်နိုင်ရန် MoU လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ နှစ်နိုင်ငံကူးလူးသွားလာရေးတိုးချဲ့ရန်နှင့် ခရီးသွားကဏ္ဍတိုးချဲ့ဆောင်ရွက်ရေးကိုလည်း ဆောင်ရွက်ခဲ့သည်။ ထို့ပြင် ပညာရေး၊ ကျန်းမာရေး၊ အားကစား၊ ယဉ်ကျေးမှု၊ ဥပဒေကာကွယ်ရေးဆိုင်ရာကိစ္စရပ်များ စသည့်နယ်ပယ်များတွင် ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးနိုင်ခဲ့သည်။ ထို့ကြောင့် နိုင်ငံတော်အကြီးအကဲဦးဆောင်သည့်အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ အောင်မြင်မှုများမှာ နိုင်ငံနှင့်ပြည်သူများအတွက် **အောင်အောင်မြင်မြင် ချစ်ကြည်ရေးခရီးစဉ်**အဖြစ် ဂုဏ်ပြုရေးသားလိုက်ရပေသည်။ ။

## ၂၀၂၅ ခုနှစ်၊ နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ဒို့တာဝန်အရေး(၃)ပါးကို အစဉ်အမြဲဦးထိပ်ပန်ဆင်ပြီး တပ်မတော်၏အဓိကလုပ်ငန်းကြီး(၃)ခုဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့်ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များအား ကျရာအခန်းကဏ္ဍမှအားသွန်ခွန်စိုက်ပါဝင်ဆောင်ရွက်ရေး။

(ခ) နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး စစ်မှန်သည့်ထာဝရငြိမ်းချမ်းရေးရရှိရန်ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဦးတည်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ်ကျရောက်လာနိုင်သည့် ဘေးအန္တရာယ်များမှကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏လူမှုဘဝလုံခြုံရေးနှင့်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရေး။

(ဃ) ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## ဘိုကလေးမြို့နယ်၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအား စာစစ်ဌာနကိုးခုဖွင့်လှစ်ကျင်းပမည်

ဘိုကလေး မတ် ၁၀

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအား စာစစ်ဌာနကိုးခုဖွင့်လှစ်၍ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစာစစ်ဌာနကိုးခုအနက် ဘိုကလေးမြို့ပေါ် စာစစ်ဌာနနှစ်ခုပါဝင်ပြီး ကျန်ရှိသည့် စာစစ်ဌာနခုနစ်ခုမှာ ကျေးရွာစာစစ်ဌာနများဖြစ်ကြောင်း၊ မြို့ပေါ်စာစစ်ဌာနနှစ်ခုမှာ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းစာစစ်ဌာနနှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းစာစစ်ဌာနဖြစ်ပြီး ကျေးရွာစာစစ်ဌာနခုနစ်ခုမှာ မြင်းကကုန်းအခြေခံပညာအထက်တန်းကျောင်း၊ စက်ဆန်းအခြေခံပညာအထက်တန်းကျောင်း၊ အောက်လှည်းဆိပ်အခြေခံပညာအထက်တန်းကျောင်း၊ ဟေမာန်အခြေခံပညာအထက်တန်းကျောင်း၊ ရုပ်ဆိုင်အခြေခံပညာအထက်တန်းကျောင်း၊ ပေချောင်းကြီးအခြေခံပညာအထက်တန်းကျောင်းနှင့် ကဒုံကနီအခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနများဖြစ်ကြောင်း သိရသည်။

ယခုနှစ်ကျင်းပမည့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘိုကလေးမြို့နယ်အနေဖြင့် ဖြေဆိုမည့်ကျောင်းသား၊ ကျောင်းသူဦးရေ ၁၄၀၀ ရှိကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်စွာကျင်းပနိုင်ရေး တာဝန်ရှိသူများကလည်း သက်ဆိုင်ရာကဏ္ဍအလိုက် ကြိုတင်စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မိုးစက်(ဘိုကလေး)**

## သဖင်(FM)အသံလွှင့်အစီအစဉ်

၁၁-၃-၂၀၂၅(အင်္ဂါနေ့)

| | |
|---|---|
| ၁။ ၀၈:၀၀ နှလုံးသားဝယ်ဘုရားတည် | ၄။ ၁၆:၀၀ တပ်မတော်စာတိုက်ခန်း |
| ၂။ ၁၁:၅၀ လှပကျန်းမာ | ၅။ ၁၇:၀၀ ထင်ရှားကျော်ကြားပုဂ္ဂိုလ်များ |
| ၃။ ၁၄:၅၀ Speech On Air | ၆။ ၂၁:၂၀ Memory Box |

မြဝတီ နေ့စဉ်
The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# သစ်မျိုးစုံဥယျာဉ်ပညာပေးပြခန်းဖွင့်ပွဲအခမ်းအနားနှင့် စီမံကိန်းပြီးမြောက်အောင်မြင်ခြင်း အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် မတ် ၁၀

သစ်တောဦးစီးဌာနနှင့်အာရှနှင့်ပစိဖိတ်ဆိုင်ရာ သစ်တောများပြန်လည်ထူထောင်ရေးနှင့် ရေရှည်တည်တံ့သော သစ်တောစီမံအုပ်ချုပ်မှုဆိုင်ရာကွန်ရက်အဖွဲ့ - APFNet တို့ပူးပေါင်း၍ မဲခေါင်ဒေသ(မြန်မာနိုင်ငံ)တွင် သစ်တောဂေဟစနစ်များ ဘက်စုံစီမံအုပ်ချုပ်ခြင်းနှင့် သရုပ်ပြခြင်းစီမံကိန်း၏ သစ်မျိုးစုံဥယျာဉ်ပညာပေးပြခန်းဖွင့်ပွဲအခမ်းအနားနှင့် စီမံကိန်းပြီးမြောက်အောင်မြင်ခြင်းအလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိသစ်တောသုတေသနဌာနရေဆင်း၌ ကျင်းပသည်။

အခမ်းအနားသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဒုတိယဝန်ကြီး ဦးမင်းသူ၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တက္ကသိုလ်များ နယ်မြေ(ရေဆင်း)မှပါမောက္ခချုပ်များ၊ APFNet အတွင်းရေးမှူးရုံးမှအမှုဆောင်ညွှန်ကြားရေးမှူးနှင့်တာဝန်ရှိသူများ၊ ဆက်စပ်ဌာနများမှ ကိုယ်စားလှယ်များ၊ စီမံကိန်းဧရိယာမှ ဒေသခံများတက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက သစ်မျိုးစုံဥယျာဉ်ပညာပေးပြခန်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် APFNet အတွင်းရေးမှူးရုံးမှ အမှုဆောင်ညွှန်ကြားရေးမှူးက ဂုဏ်ပြုအမှာစကားပြောကြားသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် ပညာပေးပြခန်းအတွင်း ပြသထားသော သစ်မျိုးစုံဥယျာဉ်ပုံစံငယ်၊



သစ်တောသစ်ပင်များ၏ သစ်မျိုးစေ့ပုံသဏ္ဍာန်များ၊ အရွက်သဏ္ဍာန်များ၊ သစ်မျိုးများ၏ အကာနှင့်အနှစ်သား ကွာခြားမှုပြကွက်များကိုလည်းကောင်း၊ ရေငွေ့ထိန်းခန်းအတွင်း အအေးပိုင်းဒေသသစ်တောသစ်ပင်၊ အလှပင်၊ သစ်ခွနက်နှင့်ပင်ပျော့ပင် ၇၅ မျိုးထိန်းသိမ်းထားရှိမှုကိုလည်းကောင်း၊ သစ်မျိုးစုံဥယျာဉ်အတွင်း အပင်မျိုးရင်း ၄၀ ၊ မျိုးစိတ် ၁၃၁ မျိုးကို ဇုန်ရှစ်ဇုန်ဖြင့် ဇုန်အလိုက် မျိုးဆက်ပင်များပြုစုခြင်း၊ ဝါးပင်၊ သစ်တောသစ်ပင်၊ အလှပင်နှင့် အသီးပင်များ စိုက်ပျိုးဆောင်ရွက်ထားရှိမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် စီမံကိန်းပြီးမြောက်အောင်မြင်ခြင်း အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ တက်ရောက်လာသူများက သစ်မျိုးစုံဥယျာဉ်နှင့် စီမံကိန်းဧရိယာကျေးရွာများရှိ သီးနှံသစ်တောရောနှောစိုက်ခင်းများနှင့်စပ်လျဉ်း၍ ဆက်လက်ဆောင်ရွက်သင့်သော အချက်အလက်များနှင့် ရေရှည်တည်တံ့အောင် လုပ်ဆောင်သင့်သော အစီအမံများကို အုပ်စုဖွဲ့ဆွေးနွေးပြီး ရလဒ်များကို ပြန်လည်သုံးသပ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာ့တိုင်းရင်းဆေးသမားတော်နေ့(တပေါင်းလပြည့်နေ့) အထိမ်းအမှတ်အခမ်းအနားကျင်းပ

နေပြည်တော် မတ် ၁၀

၁၃၈၆ ခုနှစ် တပေါင်းလပြည့်နေ့တွင် ကျရောက်မည့် မြန်မာ့တိုင်းရင်းဆေးသမားတော်နေ့အထိမ်းအမှတ် အခမ်းအနားကို ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ယမန်နေ့ နံနက်ပိုင်းက ကျင်းပရာ အခမ်းအနားတွင် သဘာပတိအဖြစ် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းက ဆောင်ရွက်ပြီး အခမ်းအနားကို နဝရတ်ကတိသစ္စာသံပြိုင်ရွတ်ဆို၍ ဖွင့်လှစ်သည်။

ထို့နောက် သဘာပတိက မြန်မာ့တိုင်းရင်းဆေးသမားတော်နေ့ကျင်းပခြင်း ရည်ရွယ်ချက်မှာ "ပညာရှင် ရှေးဆေးသမား၊ ကျေးဇူးတရားမမေ့ပြား" ဆိုသည့်ဆောင်ပုဒ်အတိုင်း ပြည်သူလူထု၏ကျန်းမာရေးကို တိုင်းရင်းဆေးပညာဖြင့် စောင့်ရှောက်ခဲ့ကြသော သမားတော်ကြီးများ၏ ဂုဏ်ကျေးဇူးများ၊ ခက်ခဲနက်နဲသော မြန်မာ့တိုင်းရင်းဆေးပညာရပ်၏ ဂုဏ်ကျေးဇူးများကို လေးစားဂုဏ်ပြုသောအားဖြင့် တပေါင်းလပြည့်နေ့ကို မြန်မာ့တိုင်းရင်းဆေးသမားတော်နေ့အဖြစ် သတ်မှတ်ခဲ့ကြောင်း၊ တပေါင်းလသည် ဆောင်းဥတုအကုန် နွေဥတုအစဖြစ်သောကြောင့် ရာသီဥတုမှာ မပူလွန်းမအေးလွန်းဘဲ ညီညွတ်မျှတသော အချိန်ကာလဖြစ်ကြောင်း၊ နေ၊ လ၊ ကြယ်တာရာ၊ ၂၇ လုံးသော နက္ခတ်နှင့် ဂြိုဟ်ကြီးကိုးလုံးတို့ တပေါင်းတစည်းတည်း ပြည့်စုံစွာ ထွက်ပေါ်သောအချိန်အခါလည်းဖြစ်ကြောင်း၊ ရွက်ဟောင်းကြွေ၍ တစ်ဖန်ထွက်ပေါ်လာသော ရွက်သစ်များက အာဟာရပြည့်ဝပြီး ဆေးဖက်ဝင်စေကာ သက်ရှိသတ္တဝါများအပေါ် သဘာဝအလျောက် ကျန်းမာရေးညီညွတ်မှုကို ဖြစ်စေခြင်းတို့ကြောင့် တပေါင်းလပြည့်နေ့ကို နေ့ကောင်းနေ့မြတ်အဖြစ်မှတ်တမ်းပြု၍ မြန်မာ့တိုင်းရင်းဆေးသမားတော်နေ့ဟုသတ်မှတ်ကာ ခေတ်အဆက်ဆက် သမားတော်ကြီးများက အစဉ်အလာမပျက်ကျင်းပခဲ့ခြင်းဖြစ်ကြောင်း။





တိုင်းရင်းဆေးပညာစနစ်တကျဖွံ့ဖြိုးတိုးတက်စေရန် ယခင်က တိုင်းရင်းဆေးပညာ ဒီပလိုမာချီးမြှင့်ခဲ့ရာမှ နိုင်ငံတော်က ၂၀၀၂ ခုနှစ်တွင် တိုင်းရင်းဆေးတက္ကသိုလ် ဖွင့်လှစ်၍ မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့၊ မြန်မာ့တိုင်းရင်းဆေးပညာမဟာဘွဲ့၊ မြန်မာ့တိုင်းရင်းဆေးပညာပါရဂူဘွဲ့အထိ အဆင့်ဆင့်တက်လှမ်းနိုင်ရန် စဉ်ဆက်မပြတ် အလေးထားပံ့ပိုးလျက်ရှိကြောင်း၊ တိုင်းရင်းဆေးပညာကဏ္ဍကို ခေတ်နှင့်အညီ ရင်ပေါင်တန်းနိုင်စေရန် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၊ အာဆီယံ၊ ဘင်း(မ်)စတက်၊ မဲခေါင်စသော နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆက်စပ်လျက်ရှိသောညီလာခံများ၊ နီးနှောဖလှယ်ပွဲများတွင် အဖွဲ့ဝင်နိုင်ငံများနှင့်အတူ ပါဝင်တက်ရောက် ဆွေးနွေးညှိနှိုင်းပြီး တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းရင်းဆေးသမားတော်များအနေဖြင့် မြန်မာ့တိုင်းရင်းဆေးသမားတော်များ၏ ဂုဏ်ပုဒ်မြင့်အောင် အရှိန်အဟုန်ဖြင့်ကြိုးစားကြရမည်ဖြစ်ပြီး အားလုံးဝိုင်းဝန်းကြံဆ၍ မြန်မာ့တိုင်းရင်းဆေးလောက ပိုမိုတိုးတက်အောင် ခေတ်စနစ်နှင့်အညီ ဝိုင်းဝန်းဆောင်ရွက်ကြရန်နှင့် မြန်မာ့တိုင်းရင်းဆေးပညာရပ်ကြီးသည် တစ်ဆင့်ထက်တစ်ဆင့် မြင့်သည်ထက်မြင့်ပြီး အောင်မြင်တိုးတက်ပါစေလို့ ဆုမွန်ကောင်းတောင်းကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာ့တိုင်းရင်းဆေးသမားတော်နေ့ကျင်းပရခြင်းနှင့်ပတ်သက်ပြီး တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစုစုဒွေးက ရှင်းလင်းပြောကြား၍ သက်ကြီး၊ ဝါကြီးတိုင်းရင်းဆေးသမားတော်ကြီးများအား ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဂါရဝပြုလက်ဆောင်များပေးအပ်ကြပြီး စွမ်းဆောင်ရည်ဆုရ ခုတင်(၅၀)ဆံ့ တိုင်းရင်းဆေးရုံ ပဲခူးမြို့မှ ဆေးရုံအုပ် ဦးအောင်စိုးလွင်က ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**





# မအူပင်မြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဖူးစားပြောင်းဧက ၂၅၀၀၀ ကျော်စိုက်ပျိုးပြီးစီး

မအူပင် မတ် ၁၀

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဖူးစားပြောင်းဧက ၂၅၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မအူပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မင်းထွန်း၏ပြောဆိုချက်အရ သိရသည်။

မအူပင်မြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဖူးစားပြောင်းလျာထားဧက ၂၅၄၀၁ ဧကကို ၂၀၂၄ ခုနှစ် အောက်တိုဘာလက စတင်စိုက်ပျိုးခဲ့ရာ လက်ရှိတွင် ၂၅၆၅၁ ဧကအထိ စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ တောင်သူတွေ အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့ လိုအပ်တဲ့ နည်းပညာနဲ့တခြားကူညီမှုတွေကို ကြိုတင်လုပ်ဆောင်ပေးခဲ့ပါတယ်။ အခု ဖူးစားပြောင်းတွေ လျာထားဧကထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဖူးစားပြောင်းတွေ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်စေဖို့ စိုက်ပျိုးနည်းစနစ်နဲ့ တခြားလိုအပ်တဲ့ပံ့ပိုးမှုတွေကို စိုက်ပျိုးရေးဦးစီးဌာနနဲ့ဆက်စပ်ဌာနတွေ ပူးပေါင်းဆောင်ရွက်ပေးနေပါတယ်။ အရင်နှစ်တွေကထက် အထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်စေဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့ စနစ်တကျဆောင်ရွက်ပေးထားပါတယ်။ တောင်သူအသိပညာပေး လုပ်ငန်းတွေကိုလည်း အဆက်မပြတ်လုပ်ဆောင်ပေးခဲ့ပါတယ်" ဟု ဦးဇော်မင်းထွန်းကပြောသည်။

ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မအူပင်မြို့နယ်၌ ဖူးစားပြောင်းများ အခက်အခဲမရှိ စိုက်ပျိုးနိုင်ရန်၊ ရွက်လိပ်ပိုး၊ ရွက်ဖျက်ပိုး၊ ငမြောင်တောင်ပိုး စသည့်ပိုးမွှားအန္တရာယ်များ မကျရောက်စေရန်၊ သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိစေရန်နှင့် သီးနှံအရည်အသွေးကောင်းမွန်စေရန် စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူအသိပညာပေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သုတကျော်**

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

**ရွှေဥဒေါင်း**

**ယမန်နေ့မှအဆက်**

ကျွန်ုပ်တို့မိသားစုတစ်စုသည် ပျော်ပျော်ပါးပါးခရီးသွားကြမည်ဆိုကာ မီးရထားဖြင့်မပြန်ဘဲ သင်္ဘောဖြင့် စုန်ဆင်းလာကြရာ ကျွန်ုပ် အလုပ်ပြန်ဝင်ဖို့ ရက်မစေ့မီတစ်ရက်တွင် ရန်ကုန်သို့ ဆိုက်ရောက်ရန် ဖြစ်လေသည်။ သို့ရာတွင် လမ်းခရီး၌ သောင်တင်လျက်ရှိသော အစိုးရသင်္ဘောတစ်စင်းကို ကျွန်ုပ်တို့သင်္ဘောက သဲသဲမဲမဲဆွဲချဖို့ ကြိုးစားသည်နှင့် အချိန်တစ်ရက် ဖင့်သွား၏။ သောင်တင်သောသင်္ဘောကိုလည်း လက်လျှော့၍ ပစ်ထားခဲ့သည်။

## မလိုသူများ၏လက်ချက်

ရန်ကုန်သို့ပြန်ရောက်သည်မှာ တစ်ရက်နောက်ကျသော်လည်း အစိုးရအလုပ်မဟုတ်သဖြင့် ကိစ္စမရှိနိုင်ဆိုကာ စိတ်ပူပန်ခြင်းမရှိချေ။ ညတွင်သင်္ဘောဆိုက်၍ နောက်နေ့၌ အလုပ်တိုက်သို့သွားသောအခါ အလုပ်သမားများသည် ကျွန်ုပ်အား မျက်နှာထားတစ်မျိုးနှင့် ကြည့်ကြခြင်းကို ကျွန်ုပ်ရိပ်မိ၏။ သို့ရာတွင် အကြောင်းခြင်းရာကိုမူကား ကျွန်ုပ် ဘာမျှမသိရသေးပေ။ ကျွန်ုပ်သည် မိမိ၏စားပွဲတွင်ထိုင်ကာ စာရွက်များကို ရှင်းလင်းလျက်ရှိစဉ် တိုက်အုပ်ဦးလှဖေရောက်လာ၍ ကျွန်ုပ်ထံသို့ စာတစ်စောင်ပို့လိုက်၏။ ယင်းမှာ ထုချေလွှာတောင်းသည့်စာပင် ဖြစ်လေသည်။ ထုချေရမည့်အချက်များမှာ (၁) ခွင့်တစ်လယူရာ တစ်ရက်နောက်ကျ၍ ပြန်ရောက်ခြင်း၊ (၂) ဝက်ဆင်တိုက်မှကုန်ပစ္စည်းများကို သူရိယတိုက် လက်ထောက်မန်နေဂျာဟုဆိုကာ အကြွေးယူခြင်းတို့ ဖြစ်လေသည်။ ဤနှစ်ချက်အနက် တစ်ရက်နောက်ကျခြင်းမှာ ဖော်ပြခဲ့ပြီးသည့်အတိုင်း သင်္ဘောဆိုက်ရောက်ခြင်း နောက်ကျသောကြောင့်ဖြစ်၍ အရေးမကြီးလှပေ။ ဒုတိယအချက်မှာ ဟုတ်ခဲ့လျှင် အရေးကြီးပေရာ ဟုတ်မဟုတ် ရှင်းပြရန်လိုပေသည်။ ကျွန်ုပ်သည် ယင်းစွပ်စွဲချက် ဖြစ်ပေါ်လာရခြင်းနှင့်ပတ်သက်၍ စုံစမ်းကြည့်သောအခါ ကျွန်ုပ် ခွင့်သွားခိုက်တွင် ဝက်ဆင်ကုမ္ပဏီသည် သူရိယတိုက်ကြီးကို ကြွေးဝရမ်းကပ်ထားကြောင်း၊ နံနက်အချိန်တွင် ဦးလှဖေရောက်လာသောအခါ တံခါးတွင်ကပ်ထားသည့် ဝရမ်းစာရွက်ကိုမြင်၍ ကျွန်ုပ်အပေါ် အကြွေးငွေလေးဆယ်ရရန်ရှိသောကြောင့် ဝရမ်းကပ်သည်ဟု ကြားရသည်တွင် ကျွန်ုပ်အား စိတ်ဆိုးကြောင်း၊ ကျွန်ုပ်ကလည်း လက်ထောက်မန်နေဂျာအဖြစ်နှင့် အကြွေးယူသည်ဟုဆိုသောကြောင့် ဦးလှဖေ သာ၍စိတ်ဆိုးကြောင်း သိရှိရလေသည်။

## ဆပ်စ်ပင်းချခံရခြင်း

ဤစွပ်စွဲချက်ကို ထုချေရာ၌ အကြွေးယူခြင်း၊ မယူခြင်းသည် အရေးမဟုတ်။ လက်ထောက်မန်နေဂျာဟူသောရာထူးကိုအသုံးပြု၍ ယူခြင်း ဟုတ်မဟုတ်သည်သာ အရေးကြီး၏။ ထိုစဉ်အခါက ဝက်ဆင်တိုက်သည် အလုပ်လက်ကိုင်ရှိသော စာရေးစာချီများအားပင် 'လခထုတ်ပေး' အကြွေးပေးလျက်ရှိရာ သူရိယတိုက်အယ်ဒီတာတစ်ယောက်ဖြစ်သော ကျွန်ုပ်အဖို့မှာ လက်ထောက်မန်နေဂျာတစ်ယောက်ဟူ၍ လိမ်လည်လှည့်ဖြားနေဖို့မလိုခြင်းမှာ အလွန်ရှင်းသောအချက်ဖြစ်၏။ တင်ရှိသော အကြွေးမှာလည်း ၄၀ ကျပ်မျှသာဖြစ်၍ မည်သည့်အလုပ်သမားမဆို ယုံကြည်နိုင်လောက်သောအကြွေးဖြစ်၏။ သို့ပါလျက် သံတွဲမောင်နှင့်ရန်ဖြစ်သော စာရေးသည် သူ့ကိုချဲလင့်ချ်လုပ်သည့်အတွက် ကျွန်ုပ်အပေါ် အာဃာတထားသည့်လက္ခဏာနှင့် ကျွန်ုပ်မရှိခိုက် ဝက်ဆင်ကုမ္ပဏီအား ဘာတွေပြောသည်မဆိုနိုင်။ သူရိယတိုက်ကို ဝရမ်းလာကပ်ခြင်းဖြစ်လေသည်။ မည်သို့ပင်ဖြစ်စေ ကျွန်ုပ်သည် လက်ထောက်မန်နေဂျာတစ်ယောက်အနေဖြင့် အကြွေးယူခြင်းမဖြစ်နိုင်သည်ကို ရှင်းလင်းစွာထုချေ၍ ဦးလှဖေထံသို့ တင်ပို့လိုက်ရာ ဦးလှဖေက ဤကိစ္စကို စုံစမ်းရန်အတွက် ကျွန်ုပ်အား ဆပ်စ်ပင်း Suspension လုပ်လိုက်သည်ဟူသော စာပြန်လာသည်နှင့် ကျွန်ုပ်အိမ်သို့ ပြန်လာခဲ့သည်။ ကျွန်ုပ်သည် ထိုအချိန်၌မူ ဘယ်သူတွေက ချောက်ချထားသည်ဟု မရိပ်မိသေးဘဲ ကျွန်ုပ်၏ အလွန်ရှင်းသောထုချေချက်ကို ရုတ်တရက်လက်မခံခြင်းမှာ အကုသိုလ်ကံဖိစီးနှိပ်စက်ခြင်း သက်သက်ဖြစ်သည်ဟု သဘောပိုက်လျက်ရှိသည်။

## အလုပ်ဖြုတ်ခံရခြင်း

အိမ်သို့ ပြန်ရောက်၍ မိဘများအား အဖြစ်အပျက်ကိုပြောပြသောအခါ ဖခင်သည် ဆရာလွန်းကို သိသည်နှင့် ထိုညတွင် ၎င်း၏အိမ်သို့သွား၏။ ကျွန်ုပ်အဖို့မှာမူ အကယ်၍ အလုပ်ပြုတ်စေဦးတော့ ရွှေဥဒေါင်းအမည်နှင့် ဝတ္ထုရေးစားလျှင် ယုတ်စွအဆုံး ချွေချွေတာတာစားနိုင်လောက်သည်ဟု ယုံကြည်သောကြောင့် စိတ်ပူပန်လောက်အောင်မရှိလှ။ သို့သော် မိဘများကို ဇွတ်ခေါ်လာခဲ့သည့်အခေါက်တွင်မှ စိတ်မချမ်းသာဖွယ်ဖြစ်ရသည်ဆိုကာ သူတို့အတွက် ဝမ်းနည်းမိပါသည်။ ထိုည၌ ဖခင်ပြန်လာသောအခါ ဆရာလွန်းလည်းပါလာ၏။ ကျွန်ုပ် ကြားသိရသည်မှာ ဖခင်နှင့် ဆရာလွန်းသည် ဦးလှဖေ၏အိမ်သို့ရောက်ခဲ့ကြောင်း၊ အကျိုးအကြောင်းကိုပြောပြသောအခါ ဦးလှဖေက "ဆရာ့လူက ဘာမှဝန်မခံဘူး ဆရာရဲ့၊ မခက်ဘူးလား" ဟုပြောကြောင်း၊ သို့ဖြစ်၍ ကျွန်ုပ်က ဝန်ခံစေလိုကြောင်းနှင့် ဖခင်ကရော ဆရာလွန်းကပါ ကျွန်ုပ်အား တိုက်တွန်းကြလေ၏။ ကျွန်ုပ်က အပြစ်မရှိဘဲလျက်နှင့် ဘာကိုမှဝန်ခံစရာမရှိကြောင်း ပြောသောအခါ ဖခင်က "ဘာပဲဖြစ်ဖြစ် အဖေတို့ စိတ်ချမ်းသာအောင် ဝန်ခံလိုက်ပါ ငါ့သားရယ်" ဟု ဖိ၍ပြောပြန်ရာ ဆရာလွန်းကလည်း ကူညီ၍ပြောပြန်၏။ သူတို့၏ ထင်မြင်ချက်ကား ဟုတ်ဟုတ်မဟုတ်ဟုတ် ဦးလှဖေက ဝန်ခံစေလိုသည့်အတိုင်း ဝန်ခံလိုက်၍ အလုပ်မပြုတ်လျှင် အားလုံးအေးသွားမည်ဟု ဆိုကြလေသည်။ ကျွန်ုပ်ကား မကြံတတ်အောင် ဖြစ်နေလေပြီ။ အစအဆုံး သက်ာရှင်းခွင့်ရလျှင် ကျွန်ုပ်၌ အပြစ်မရှိကြောင်း ဖော်ပြနိုင်လောက်ပါလျက် ဖခင်နှင့်ဆရာလွန်းတို့က တစ်ဖက်သတ်ဖိပြီး ဝန်ခံခိုင်းနေကြရာတွင် ငြင်းဆန်ရန်မတတ်နိုင်တော့ဘဲ ၎င်းတို့၏ဆန္ဒအတိုင်း လိုက်နာပါတော့မည်ဟုပြောပြီးလျှင် စာတစ်ရွက်တွင် 'ကျွန်တော်ဝန်ခံပါတယ်' ဟုရေး၍ ဆရာလွန်း၏လက်သို့ ပေးလိုက်သဖြင့် ဆရာလွန်းလည်း ပြုံးပြုံးရွှင်ရွှင်ပြန်သွားလေ၏။ ထို့နောက် ရက်သတ္တပတ်ခန့်လောက်တွင် ကျွန်ုပ်၏ 'အမှု' ကို ဒါရိုက်တာဘုတ်အဖွဲ့သို့တင်၍ ဆွေးနွေးပြီးလျှင် ကျွန်ုပ်အား အလုပ်မှ နုတ်ပယ်လိုက်သည်ဟူသော အမိန့်ချမှတ်လိုက်ကြလေသည်။

## ယူကျုံးမရဖြစ်ရပုံ

ကျွန်ုပ်၏ပြစ်ချက်မှာ လက်ထောက်မန်နေဂျာဟန်ဆောင်သည်ဆိုခြင်းပင်ဖြစ်ရာ ကျွန်ုပ်သည် ဝက်ဆင်ကုမ္ပဏီသို့လည်းကောင်း၊ တခြား

> **"ကျွန်ုပ်၏ပြစ်ချက်မှာ လက်ထောက်မန်နေဂျာဟန်ဆောင်သည်ဆိုခြင်းပင်ဖြစ်ရာ ကျွန်ုပ်သည် ဝက်ဆင်ကုမ္ပဏီသို့လည်းကောင်း၊ တခြားတစ်စုံတစ်ယောက်သောပုဂ္ဂိုလ်သို့လည်းကောင်း၊ မိမိကိုယ်ကို လက်ထောက်မန်နေဂျာဖြစ်ပါသည်ဟူ၍ နှုတ်ဖြင့်လည်းကောင်း၊ စာဖြင့်လည်းကောင်း ဘယ်သောအခါမှ ပြောဆိုရေးသားခြင်းမရှိခဲ့ဖူးပါလျက် (အမှန်မှာလည်း လက်ထောက်မန်နေဂျာဖြစ်ရခြင်းထက် အယ်ဒီတာဖြစ်ရခြင်းကို ကျွန်ုပ်ပို၍ဂုဏ်ယူပါသည်။)ဖခင်နှင့် ဆရာလွန်းတို့၏ တိုက်တွန်းမှုကြောင့် ဖြောင့်ချက်သဘောမျိုး ရေးပေးလိုက်မိခြင်းအတွက် ယူကျုံးမရဖြစ်မိပါသည်. . ."**

တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်သို့လည်းကောင်း၊ မိမိကိုယ်ကို လက်ထောက်မန်နေဂျာဖြစ်ပါသည်ဟူ၍ နှုတ်ဖြင့်လည်းကောင်း၊ စာဖြင့်လည်းကောင်း ဘယ်သောအခါမှ ပြောဆိုရေးသားခြင်းမရှိခဲ့ဖူးပါလျက် (အမှန်မှာလည်း လက်ထောက်မန်နေဂျာဖြစ်ရခြင်းထက် အယ်ဒီတာဖြစ်ရခြင်းကို ကျွန်ုပ် ပို၍ဂုဏ်ယူပါသည်။) ဖခင်နှင့် ဆရာလွန်းတို့၏ တိုက်တွန်းမှုကြောင့် ဖြောင့်ချက်သဘောမျိုး ရေးပေးလိုက်မိခြင်းအတွက် ယူကျုံးမရဖြစ်မိပါသည်။ ကျွန်ုပ်အမှုကို ဒါရိုက်တာဘုတ်အဖွဲ့သို့တင်၍ ကျွန်ုပ်ကိုစစ်ဆေးပါက လက်ထောက်မန်နေဂျာ ဟန်မဆောင်ဖူးခြင်းကို ရှင်းလင်းအောင်ပြနိုင်လောက်ပါသည်။ တိုက်အုပ်ဦးလှဖေသည် ကျွန်ုပ်ကို အလွယ်တကူဖြုတ်လိုသည့်အတွက်ကြောင့် (ဟုတ်မဟုတ်တော့ မပြောတတ်။) ဝန်ခံခိုင်းခြင်းဖြစ်သည်ဟု တွေးထင်လိုက်မိရာတွင် တိုက်အုပ်ဦးလှဖေနှင့်ပတ်သက်၍ ကျွန်ုပ်ဆောက်လုပ်ထားသည့် 'လေထဲမှ ရဲတိုက်' ကြီးသည် တစ်ခါတည်းပြိုကျပျက်စီးသွားပါတော့သည်။

## အထက်မြက်ဆုံးဆူးကြီး ပေါက်လာခြင်း

ရှင်းပါဦးအံ့။ ကျွန်ုပ်သည် သူရိယတိုက်သို့ ရောက်သည့်နေ့မှစ၍ ကျွန်ုပ်ထက်ရာထူးကြီးသည့် ဦးလှဖေ၊ ဦးဘဖေနှင့် ဦးဘကလေးတို့ သုံးယောက်ကို တစောင်းမှ အမြဲစောင့်၍ အကဲခတ်ခဲ့၏။ ဦးဘကလေးသည် ကျွန်ုပ်ထက် လမျှလောက်သာကြီး၍ ဘိလိယက်ကစားဖက်လည်း ဖြစ်ခြင်း၊ အလုပ်အားဖြင့် ဆက်သွယ်မှုလည်းမရှိခြင်းကြောင့် အရေးတကြီးမထားဘဲ တိုက်အုပ်နှစ်ယောက်ကို ပို၍ဂရုစိုက်ခဲ့၏။

**ဆက်လက်ဖော်ပြပါမည်။**

---

# ယခုဘဏ္ဍာနှစ် ဆယ့်တစ်လတာကာလအတွင်း ပြည်ပသို့ ရေထွက်ကုန် ငါးမက်ထရစ်တန် ၃၅၀၀၀၀ ကျော် တင်ပို့နိုင်



ရန်ကုန် မတ် ၁၀

မြန်မာနိုင်ငံမှ ပြည်ပသို့ ရေထွက်ကုန်ပစ္စည်းများတင်ပို့လျက်ရှိရာ ယခုဘဏ္ဍာနှစ် ဆယ့်တစ်လတာကာလအတွင်း ပြည်ပသို့ ရေထွက်ကုန်ငါးတင်ပို့မှုအနေဖြင့် မက်ထရစ်တန် ၃၅၀၀၀၀ ကျော် တင်ပို့နိုင်ခဲ့ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ၂၀၂၄ ခုနှစ် ဧပြီလ ၁ ရက် မှ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်အထိ ဆယ့်တစ်လတာကာလအတွင်း ပြည်ပသို့ ပုံမှန်ကုန်သွယ်မှုမှ ရေထွက်ကုန်ငါးမက်ထရစ်တန် ၁၆၁၅၁၀ ဒသမ ၆၄၉ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၂၁၉ ဒသမ ၇၆၃ သန်း၊ နယ်စပ်ကုန်သွယ်မှုမှ ရေထွက်ကုန်ငါးမက်ထရစ်တန် ၁၈၂၅၄၈ ဒသမ ၅၈၇ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၁၆၁ ဒသမ ၃၃၃ သန်းရရှိခဲ့သည့်အတွက် စုစုပေါင်း ငါးမက်ထရစ်တန် ၃၅၄၀၅၉ ဒသမ ၂၃၆ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၃၈၁ ဒသမ ၀၉၆ သန်းရရှိခဲ့သည်။

ပြီးခဲ့သည့်ဘဏ္ဍာနှစ် ကာလတူက ပြည်ပသို့ ငါးမက်ထရစ်တန် ၃၀၀၆၁၉ ဒသမ ၇၉၉ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၃၄၄ ဒသမ ၃၄၉ သန်းရရှိခဲ့သည့်အတွက် ယခင်ဘဏ္ဍာနှစ်ကထက် ငါးမက်ထရစ်တန် ၅၃၄၃၉ ဒသမ ၄၃၇ တန်ပိုမိုတင်ပို့နိုင်ပြီး အမေရိကန်ဒေါ်လာ ၃၆ ဒသမ ၇၄၇ သန်း ပိုမိုရရှိခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံမှ ပုစွန်အပါအဝင် ငါးစသည့်ရေထွက်ကုန်များကို တရုတ်၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ ဂျပန် စသည့်နိုင်ငံပေါင်း ၄၀ ကျော်သို့တင်ပို့လျက်ရှိပြီး ရန်ကုန်မြို့မှတစ်ဆင့်ပုံမှန်တင်ပို့သည့်အပြင် နယ်စပ်ကုန်သွယ်ရေးမှလည်း တိုက်ရိုက်တင်ပို့ကြောင်း သိရသည်။

**စောယု**

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့၊ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။"**

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

# နယ်စပ်ရေးရာဝန်ကြီးဌာန ဥပဒေအသိပညာပြန့်ပွားရေးဆင့်ပွားသင်တန်းအမှတ်စဉ်(၂) သင်တန်းဆင်းပွဲကျင်းပ





**နေပြည်တော် မတ် ၁၀**

နယ်စပ်ရေးရာဝန်ကြီးဌာန ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်းအမှတ်စဉ်(၂) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဧရာဝတီခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဥပဒေပညာရပ်များကို သိရှိနားလည်မှသာ လူမှုစီးပွားဘဝမြှင့်တင်ရေးလုပ်ငန်းများကို အကျိုးရှိစွာ အသုံးချနိုင်မည်ဖြစ်သည့်အတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်းများကို ရုံးဌာနများနှင့် ကျောင်းများတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များနှင့်အညီ စဉ်ဆက်မပြတ်ဖွင့်လှစ်ပေးလျက်ရှိကြောင်း၊ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် သင်တန်းကာလအတွင်း လေ့လာသင်ကြားခဲ့ရသည့် ဥပဒေပညာရပ်များကို မိမိတို့လုပ်ငန်းနယ်ပယ်အတွင်း၌ အကျိုးရှိစွာ အသုံးချကျင့်သုံးဆောင်ရွက်ကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဥပဒေရေးရာဟောပြောပွဲ၌ သင်တန်းဆင်းဝန်ထမ်းများက **"မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေ/နည်းဥပဒေ"**နှင့် **"ပြည်သူပိုင်ပစ္စည်းများကာကွယ်ရေးအက်ဥပဒေ"** တို့ကိုလည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက **"အွန်လိုင်းအသုံးပြုလိမ်လည်မှု (Cyber Scam)နှင့် လောင်းကစားမှု (Online Gambling) များ တားဆီးကာကွယ်နှိမ်နှင်းရေးဆိုင်ရာအသိပညာ"**တို့ကိုလည်းကောင်း ဆွေးနွေးပြောကြားမှုများကို ကြည့်ရှုအားပေးပြီး သင်တန်းဆင်းဝန်ထမ်းများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်းအမှတ်စဉ်(၂) သင်တန်းကို မတ်လ ၃ ရက်တွင် သင်တန်းသား၊ သင်တန်းသူ ၂၀ ဦးဖြင့် ရက်သတ္တတစ်ပတ်ကြာ စတင်ဖွင့်လှစ်ပေးခဲ့ပြီး အဆိုပါသင်တန်း၌ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ ရုံးလုပ်ငန်းလက်စွဲ၊ ခရီးစရိတ်လက်စွဲ ဥပဒေ/ နည်းဥပဒေ၊ ပြည်သူပိုင်ပစ္စည်းများအား ကာကွယ်ရေးဥပဒေ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့် ဝန်ထမ်းကျင့်ဝတ်သိကောင်းစရာများ အစရှိသည့်ဘာသာရပ်များကို ဥပဒေရေးရာဝန်ကြီးဌာနက ဖွင့်လှစ်သင်ကြားခဲ့သည့် ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းများသို့ တက်ရောက်ပြီးသည့် အရာထမ်း၊ အမှုထမ်းများ ပေါင်းစပ်စုဖွဲ့၍ စနစ်တကျလေ့ကျင့်သင်ကြားဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။ (၅၀၀)

# နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ဥပဒေကိုပြင်ဆင်သည့် ဥပဒေ(မူကြမ်း)ပြဋ္ဌာန်းနိုင်ရေး အပြီးသတ်ညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် မတ် ၁၀**

နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ(မူကြမ်း) ပြဋ္ဌာန်းနိုင်ရေးအတွက် အပြီးသတ်ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ဥပဒေရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်ဒေါက်တာသီတာဦး၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော်၊ ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာစန်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးမင်းရွှေနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင်ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က အဖွင့်အမှာစကားပြောကြားပြီး ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ(မူကြမ်း) ပြဋ္ဌာန်းနိုင်ရေးနှင့် စပ်လျဉ်း၍ ဥပဒေ(မူကြမ်း)ရေးဆွဲရခြင်းအပေါ် ရှင်းလင်းတင်ပြဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ(မူကြမ်း)သည် ပြင်ဆင်ရန်လိုအပ်သောဥပဒေ(မူကြမ်း)ဖြစ်ကြောင်း သုံးသပ်တွေ့ရှိရသဖြင့် အဆိုပါဥပဒေ(မူကြမ်း)အား ပြင်ဆင်နိုင်ရေး အပြီးသတ်ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

**၁၀-၃-၂၀၂၅ ရက်နေ့**
**ဓာတ်သတ္တု(ရွှေ)**
**ရည်ညွှန်းဈေး(Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၅,၄၉၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး**
**သတ်မှတ်ရေးကော်မတီ**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ၂၀၂၅ ခုနှစ် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ



နေပြည်တော် မတ် ၁၀

၂၀၂၅ ခုနှစ် မတ်လ ၁၅ ရက်တွင် ကျရောက်သော ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရုံးအမှတ်-၃ ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်ဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းနှင့် ဦးကျော်ရွှေထွန်း၊ မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ (World Consumer Rights Day) အထိမ်းအမှတ်အခမ်းအနားကို ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ယခုနှစ်အတွက် အပြည်ပြည်ဆိုင်ရာစားသုံးသူအဖွဲ့အစည်းက သတ်မှတ်ပေးသော ဆောင်ပုဒ်မှာ "လူနေမှုဘဝအစဉ်တည်တံ့ဖို့ မျှတအသွင်ကူးပြောင်းစို့" (A Just Transition to Sustainable Lifestyles) ဖြစ်ကြောင်း၊ အရည်အသွေးပြည့်မီသော ထုတ်ကုန်များကို တိုးတက်ထုတ်လုပ်နိုင်ပါက လူနေမှုဘဝမျှတစွာအသွင်ကူးပြောင်းနိုင်မည်ဖြစ်သည့်အတွက် နိုင်ငံတော်က MSMEs ကဏ္ဍကို အားပေးမြှင့်တင်ဆောင်ရွက်ပေးနေကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်အာဆီယံစားသုံးသူကာကွယ်ရေးကော်မတီတွင် အဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ အာဆီယံစားသုံးသူကာကွယ်ရေး မဟာဗျူဟာလုပ်ငန်းစီမံချက် (၂၀၁၆-၂၀၂၅) ကို အာဆီယံနိုင်ငံများနှင့်အတူဆောင်ရွက်လျက်ရှိကြောင်း၊ စားသုံးသူဘေးအန္တရာယ်ကင်းရှင်းရေးအတွက် အသိပညာပေးခြင်း၊ ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်း၊ ကုန်အညွှန်းအမှတ်အသားများ စိစစ်ခြင်းတို့ကိုဆောင်ရွက်လျက်ရှိကြောင်း၊ "လူနေမှုဘဝအစဉ်တည်တံ့ဖို့ မျှတအသွင်ကူးပြောင်းစို့" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ လူနေမှုဘဝရေရှည်တည်တံ့စေရန် စားသုံးသူများအတွက် ပိုမိုကောင်းမွန်သည့် အကာအကွယ်၊ ကျန်းမာသောရွေးချယ်မှု၊ ကောင်းမွန်သော ပတ်ဝန်းကျင်ရရှိစေရန် ဝန်ထမ်းများက သက်ဆိုင်ရာဌာနများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ စားသုံးသူပြည်သူများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး စားသုံးသူကာကွယ်ရေး အသိပညာပေး Video Clip ပြသခြင်း၊ ဂုဏ်ပြုသီချင်းတေးသရုပ်ဖော်နှင့် ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်း သရုပ်ဖော်တို့ကို တင်ဆက်ကပြကြကာ ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲ၊ ကာတွန်းပြိုင်ပွဲများတွင် ဆုရရှိသူများကို ဆုများချီးမြှင့်ခဲ့ကြောင်းသိရသည်။

(သတင်းစဉ်)

## မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ လမ်း၊ တံတား တည်ဆောက်ရေးလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ကြည့်ရှုစစ်ဆေး



နေပြည်တော် မတ် ၁၀

ဆောက်လုပ်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယမန်နေ့က အရှေ့-အနောက်စီးပွားရေးစင်္ကြံလမ်းမကြီး (East – West Economic Corridor) ပေါ်ရှိ အတ္တရံတံတားအသစ်တည်ဆောက်ခြင်းလုပ်ငန်းခွင်သို့ရောက်ရှိရာ လုပ်ငန်းတာဝန်ခံက တံတားတည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့်ဆက်လက်ဆောင်ရွက်နေသည့်လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက တံတားတည်ဆောက်ခြင်းလုပ်ငန်းခွင်နှင့်စပ်လျဉ်း၍ လုပ်ငန်းများသတ်မှတ်အချိန်မီပြီးစီးရန် လုပ်ငန်းစီမံချက်အတိုင်း တိကျစွာဆောင်ရွက်ရေး၊ တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်နေစဉ် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေးနှင့် လုပ်ငန်းခွင်ဘေးကင်းလုံခြုံမှု အထူးဂရုပြုဆောင်ရွက်ရေးတို့ကို မှာကြားပြီး လုပ်ငန်းခွင်အတွင်း လိုက်လံကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။


အတ္တရံတံတားအဟောင်းသည်သက်တမ်းကြာမြင့်ပြီဖြစ်၍ ခံနိုင်ဝန်အား လျော့နည်းလာခြင်းကြောင့် အတ္တရံတံတားအသစ်အား ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)၏ သက်သာသောအတိုးနှုန်းချေးငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး တံတားအမျိုးအစားသည်သံမဏိကြိုးဆိုင်းတံတား (Cable–Stayed Bridge) ဖြစ်ကြောင်း၊ တံတားအရှည် ၁၅၇၅ ပေ၊ ယာဉ်သွားလမ်းအကျယ်လေးလမ်းသွားနှင့် ရေလမ်းကင်းလွတ်အမြင့်ပေ ၄၀၊ ရေလမ်းကင်းလွတ်အကျယ်ပေ ၄၀၀ ရှိကာ တံတား၏ခံနိုင်ဝန်သည် ယာဉ်တစ်စီးချင်း ၆၀ တန် ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မော်လမြိုင်တက္ကသိုလ်တွင် Recreation Center အဆောက်အဦ တည်ဆောက်မည့်မြေနေရာ၊ အဆောက်အဦနေရာဝင်ဆံ့မှုနှင့် တည်ဆောက်မည့်ပုံစံများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးရုံး၌ မွန်ပြည်နယ်ရှိ အဆောက်အဦ၊ လမ်း၊ တံတား၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် တည်ဆောက်ရေးအထူးအဖွဲ့များတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများနှင့် တွေ့ဆုံ၍ လုပ်ငန်းပိုင်းဆိုင်ရာများနှင့် အုပ်ချုပ်မှုပိုင်းဆိုင်ရာကိစ္စရပ်များကို မှာကြားသည်။

ယင်းနောက်ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မော်လမြိုင်-ဘားအံလမ်း ပြုပြင်ထိန်းသိမ်းထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ဘားအံမြို့၌ ကရင်ပြည်နယ်ရှိအဆောက်အဦ၊ လမ်း၊ တံတား၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် တည်ဆောက်ရေးအထူးအဖွဲ့များတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လုပ်ငန်းပိုင်းဆိုင်ရာများနှင့် အုပ်ချုပ်မှုပိုင်းဆိုင် ရာကိစ္စရပ်များကို မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြဆွေးနွေးချက်အပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

## မိုးလေဝသ သတင်း




မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# ဝင်ငွေတိုးစေဖို့ ရော်ဘာတိုးချဲ့စိုက်ကြပါစို့

**ပန်းလှိုင်ရွှေဝါ**

မြန်မာနိုင်ငံတွင် ရှေးဘုရင်များလက်ထက်ကတည်းက ယခင်အခေါ် ကြက်ပေါင်စေးပင်(ရော်ဘာ)အား အစေးလှီး၍ ချပ်ဝတ်တန်ဆာ၊ လက်နက်ကိရိယာများတွင် ထည့်သွင်းအသုံးပြုခဲ့ကြသည်။ ယခုမျက်မှောက်ကာလ စက်မှုလက်မှုဖွံ့ဖြိုးသောအချိန်တွင် ယာဉ်ယန္တရားများ၊ လက်နက်နှင့် စက်မှုလုပ်ငန်းများ (ကြီး၊ ငယ်၊ လတ်)တွင် မရှိမဖြစ် အသုံးပြုနေသော ကမ္ဘာ့ထိပ်တန်းဝင်အပင်မျိုးစိတ်တစ်ခုဖြစ်ပေသည်၊ ပြည်ပပို့ကုန်တွင်လည်း အဓိကနေရာမှ ရပ်တည်လျက်ရှိသည်။ ယနေ့မျက်မှောက်ခေတ်တွင် ပြည်ပနိုင်ငံများသို့ ရော်ဘာကို ကုန်ကြမ်းအဖြစ်ပို့သည်ထက် တိုင်းပြည်ဘဏ္ဍာတိုးတက်စေရန်အဆင့်မြင့်ကုန်ချောအဖြစ် ထုတ်လုပ်ပို့ဆောင်နိုင်ရန် နိုင်ငံတော်မှလည်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် အသေးစား၊ အလတ်စား၊ အငယ်စား၊ စက်မှုလုပ်ငန်းများဆောင်ရွက်နိုင်ရန် ကူညီပံ့ပိုးပေးလျက်ရှိသည်။

မြန်မာနိုင်ငံတွင် ရော်ဘာစိုက်ပျိုးထုတ်လုပ်မှု အများဆုံးပြည်နယ်မှာ မွန်ပြည်နယ်ဖြစ်ပြီး လက်ရှိဖြစ်ပေါ်နေသော ဈေးကွက်အနေအထားအရ ရော်ဘာကို ထပ်မံတိုးချဲ့စိုက်ပျိုးရန် လိုအပ်လာသည်။ မြန်မာနိုင်ငံအတွင်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များအနက် စစ်ကိုင်းတိုင်းဒေသကြီးသည် ရော်ဘာစမ်းသပ်စိုက်ပျိုးခဲ့သော နောက်ဆုံးတိုင်းဒေသကြီးဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းသည် ရေမြေရာသီဥတုအခြေအနေအရ ရော်ဘာတိုးချဲ့စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်ရန် အလားအလာကောင်းများရှိသောကြောင့် ရော်ဘာစိုက်ပျိုးရန် ပထမခြေလှမ်းအဖြစ် ၂၀၀၅ ခုနှစ်ကစတင်ခဲ့သည်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှလည်း စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့တွင် မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း တိုင်းမန်နေဂျာရုံးနှင့် ကလေးမြို့တွင် မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း၊ မြို့နယ်မန်နေဂျာရုံးများဖွင့်လှစ်ကာ ရော်ဘာသီးနှံစိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ ကျွမ်းကျင်သော စိုက်ပျိုးရေးပညာရှင်များကို တာဝန်ပေးအပ်ခဲ့သည်။ ၎င်းအချိန်တွင် တိုင်းဒေသကြီးအတွင်း တိုင်းရုံးနှင့်မြို့နယ်ရုံး နှစ်ရုံးသာရှိသောကြောင့် ကလေးမြို့ မြို့နယ်မန်နေဂျာရုံးမှ စိုက်ပျိုးရေးပညာရှင်များက ဖောင်းပြင်မြို့နယ်၊ တမူးမြို့နယ်၊ ဟုမ္မလင်းမြို့နယ်နှင့် ခန္တီးမြို့နယ်တို့သို့ ကွင်းဆင်း၍ ရော်ဘာစိုက်ပျိုးမည့် တောင်သူများနှင့်တွေ့ဆုံကာ ရော်ဘာစိုက်ပျိုးရေးနှင့် ပတ်သက်သည့် နည်းပညာပေးလုပ်ငန်းများဆောင်ရွက်ခဲ့သည်။ နိုင်ငံတော်အကြီးအကဲကလည်း တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ရော်ဘာခြံရှင် ဦးမောင်ညိုထံမှ ရော်ဘာမျိုးစေ့နှင့် ရော်ဘာပျိုးပင်ငုတ်(Bare Root) များကို တပ်မတော်လေယာဉ်ဖြင့် ဟုမ္မလင်းမြို့ ရော်ဘာစိုက်ပျိုးမည့်တောင်သူများထံသို့ အခမဲ့ပို့ဆောင်ပေးခဲ့သည်။

ဟုမ္မလင်းမြို့နယ်ရှိရော်ဘာစိုက်ပျိုးရန် စိတ်ဝင်စားသည့် တောင်သူများက မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းဝန်ထမ်းများနှင့် ချိတ်ဆက်ကာ ရော်ဘာမျိုးစေ့ပျိုးထောင်ခြင်းလုပ်ငန်း၊ ရော်ဘာပျိုးပင်ငုတ် (Bare Root)များအား ပျိုးအိတ်ထည့်ခြင်းလုပ်ငန်းနှင့်ကိုင်းပွားခင်းတည်ထောင်ခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့သည်။ ရော်ဘာစိုက်ပျိုးခြင်းလုပ်ငန်းကို ၂၀၀၅ ခုနှစ် မိုးရာသီမှစတင်စိုက်ပျိုးခဲ့ပြီး ရော်ဘာမျိုးများအနေဖြင့် GT-1၊ RRIM- 600၊ RRIM -623၊ BPM-24 နှင့် နောင်နန်းမျိုးသန့်ပျိုးပင်များအား စိုက်ပျိုးခဲ့သည်။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရော်ဘာစိုက်ပျိုးဧကများ တိုးတက်လာသောကြောင့် ၂၀၁၂ ခုနှစ်တွင် ဝန်ကြီးဌာနမှ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန ဖောင်းပြင်မြို့နယ်ရှေ့တန်းစခန်းရုံး၊ ဟုမ္မလင်းမြို့နယ်ရှေ့တန်းစခန်းရုံးနှင့် ခန္တီးမြို့နယ်ရှေ့တန်းစခန်းရုံးများ ထပ်မံတိုးချဲ့ဖွင့်လှစ်ပြီး စိုက်ပညာရှင်ဝန်ထမ်းများအား ခန့်ထားတာဝန်ပေးအပ်ခဲ့သည်။

ခန္တီးမြို့နယ်တွင် ၂၀၀၆ ခုနှစ်မှ စတင်၍ ရော်ဘာစိုက်ပျိုးခဲ့ရာ ယခုအချိန်ထိ ရော်ဘာ ဧက ၂၅၀ ခန့် စိုက်ပျိုးခဲ့ပြီး ရော်ဘာမျိုးမှာ နောင်နန်းမျိုးသန့်ပျိုးပင်ဖြစ်သည်။



ရော်ဘာစိုက်ပျိုးဧကများအနက် အချို့ရော်ဘာခြံများမှာ ရော်ဘာအစေးခြစ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး တစ်ဧကအထွက်နှုန်းမှာ ပေါင် ၆၀၀-၈၀၀ ခန့်ဖြစ်သည်။ ခန္တီးဒေသ၏ ရေမြေရာသီဥတုအနေအထားအရ ရော်ဘာတိုးချဲ့စိုက်ပျိုးရန် အလားအလာများစွာရှိသည်။ သို့ဖြစ်ပါ၍ အထွက်ကောင်းမျိုးအဖူးကူးရော်ဘာပျိုးပင်များဖြင့် တိုးချဲ့စိုက်ပျိုးရေးစည်းရုံးဆောင်ရွက်သင့်သည်။ သို့မှသာ ရော်ဘာစေးအပြင် စီးပွားရေးသက်တမ်း ၃၀ နှစ် ကျော်လွန်လာပါက ရော်ဘာသစ်အဖြစ် ထုတ်လုပ်ရောင်းချသွားနိုင်မည်လည်းဖြစ်သည်။

ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုနှင့်ပတ်သက်၍ အားသာချက်တစ်ခုမှာ Agroforestry အဖြစ် အာဟာရစားသုံးရန် အမြစ်စဉ်ဖွဲ့စည်းမှုမတူသော ရော်ဘာနှင့် ကော်ဖီသီးနှံအား ကြားသီးနှံအဖြစ် စိုက်ပျိုးနိုင်ပြီး ကော်ဖီအတွက် ထည့်သွင်းသော အာဟာရမြေဩဇာများကို ရော်ဘာသီးနှံမှလည်း မျှယူစားသုံးနိုင်၍ သွင်းအားစုအပေါ် ပိုမိုထိရောက်အကျိုးပြုစေသည်။ ကော်ဖီသီးနှံအတွက်လည်း ရော်ဘာပင်သည် နှစ်ရှည်အရိပ်ရပင်ဖြစ်၍ အရိပ်ရပင်သီးသန့်ကြိုတင်စိုက်ပျိုးရမည့် လုပ်ငန်းနှင့် ကုန်ကျစရိတ်လျော့နည်းသက်သာမှုရှိစေသည်။ ရော်ဘာ+ ကော်ဖီသီးညှပ်စိုက်ပျိုးထားရှိခြင်းဖြင့် တစ်နှစ်ပတ်လုံး အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးထား၍ လုပ်သားရှားပါးမှုပြဿနာ ဖြေရှင်းပြီးဖြစ်သည့်အပြင် လုပ်သားမိသားစုမှာလည်း တစ်နှစ်ပတ်လုံးလုပ်ငန်းရှိသည့်အတွက် မိသားစုဝင်ငွေရရန်အခြားလုပ်ငန်းမရှာရ၍ ပျော်ရွှင်ချမ်းမြေ့စေမည်ဖြစ်သည်။ ခြံရှင်အနေဖြင့်လည်း သီးနှံနှစ်မျိုးမှ အကျိုးအမြတ်ဝင်ငွေပိုမိုရရှိသဖြင့် စီးပွားရေးတွက်ခြေကိုက်ပြီး လုပ်ငန်းအောင်မြင်အောင်ဆောင်ရွက်ရေးအတွက် တွန်းအားတစ်ရပ်ဖြစ်စေသည်။ သဘာဝဂေဟစနစ်အား တစ်ဖက်တစ်လမ်းမှ အကျိုးပြုနိုင်မည်လည်းဖြစ်ပါသည်။

ခြံရှင်များအနေဖြင့် အလေးထား သတိပြုရမည်မှာ ဧရိယာယူနစ်တစ်ခုတည်း၌ သီးနှံနှစ်မျိုး တစ်ပြိုင်တည်း စိုက်ပျိုးထုတ်လုပ်နေ၍ ဓာတ်မြေဩဇာနှင့်သဘာဝမြေဩဇာများ စနစ်တကျ အချိန်ကိုက် အချိုးကျထည့်သွင်းခြင်း၊ ဘက်စုံပိုးမွှားရောဂါ ကာကွယ်နည်းစနစ်များ စသည့်သီးနှံများနှင့်ပတ်သက်သည့် စိုက်ပျိုးရေး၊ ရိတ်သိမ်းချိန်လွန်၊ ထုတ်လုပ်မှုပိုင်းဆိုင်ရာ ခေတ်မီနည်းစနစ်များကို ကျင့်သုံးလိုက်နာဆောင်ရွက်နိုင်ရန်အတွက် စိုက်ပျိုးရေးဦးစီးဌာန စိုက်ပညာရှင်ဝန်ထမ်းများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရန်လိုအပ်သည်။

လက်ရှိအားဖြင့် ခန္တီးမြို့နယ်အတွင်း ရော်ဘာအစေးခြစ်ခြင်းလုပ်ငန်းမှ ထွက်ရှိလာသော ရော်ဘာပြားများကို ဟုမ္မလင်းမြို့ ရော်ဘာအဝယ်ဒိုင်များသို့လည်းကောင်း၊ မန္တလေးမြို့ ရော်ဘာအဝယ်ဒိုင်များသို့လည်းကောင်း တင်ပို့ရောင်းချလျက်ရှိသည်။ ထို့ပြင် နောင်တစ်ချိန်၌ Export Quality ရော်ဘာပြားများ ထုတ်လုပ်နိုင်ပါက Grade အလိုက် သတ်မှတ်ဈေးနှုန်းများဖြင့် ရောင်းချနိုင်မည်ဖြစ်သဖြင့် နိုင်ငံခြားဝင်ငွေတိုးတက်ရရှိလာမည်လည်းဖြစ်သည်။

ယခုအခါတွင် အဓိကအားဖြင့် လမ်းပန်းဆက်သွယ်ရေးအခက်အခဲနှင့် ကျွမ်းကျင်အစေးလှီးလုပ်သားများ ရှားပါးမှုတို့ကြောင့် ရော်ဘာကုန်ကြမ်းထုတ်လုပ်မှုလျော့နည်းနေသည်။ အဆိုပါအခက်အခဲများကို ကျော်လွှားနိုင်ရန် ရော်ဘာကုန်ကြမ်းမှ တစ်ဆင့် ကုန်ချောဖြစ်သော သားရေကွင်းလုပ်ငန်း၊ ပူဖောင်းလုပ်ငန်း၊ လက်အိတ်လုပ်ငန်း၊ စက်ဘီးတာယာနှင့်ကျွတ်လုပ်ငန်း၊ ဆိုင်ကယ်တာယာနှင့်ကျွတ်လုပ်ငန်း၊ ကားတာယာနှင့်ကျွတ်လုပ်ငန်းများဖြစ်သော အသေးစား၊ အလတ်စား၊ အငယ်စား (MSME) လုပ်ငန်းများကို ဒေသတွင်းဆောင်ရွက်နိုင်မည်ဆိုပါက ဒေသခံရော်ဘာခြံရှင်များ ယခင်ထက် ဝင်ငွေတိုးတက်လာပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အပြင် နိုင်ငံ၏ GDP လည်း တိုးတက်လာမည်မှာ မလွဲကေန်ဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

## တောင်ကြီးမြို့၌ ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့အထိမ်းအမှတ်ကျင်းပ

တောင်ကြီး မတ် ၁၀

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ သစ်တောရပ်ကွက်ရှိ မြို့တော်ခန်းမ၌ မတ်လ ၁၀ ရက် နံနက်ပိုင်းတွင် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့(World Consumer Rights Day)အထိမ်းအမှတ် အခမ်းအနားကျင်းပသည်။



အခမ်းအနားတွင် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်က ဂုဏ်ပြုအမှာစကားပြောကြားသည်။

ထို့နောက် စားသုံးသူရေးရာဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ Video Clip ပြသပြီး ရှမ်းပြည်နယ်စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဦးရွှေဖြူက စားသုံးသူကာကွယ်ရေးဆိုင်ရာသိကောင်းစရာများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ယင်းနောက် စုပေါင်းအမှတ်တရမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်တက်ရောက်လာသူများက စားသုံးသူရေးရာဦးစီးဌာန၏ ပြခန်းများအား လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။

(၄၀၅)

## ဖြူးမြို့နယ်၌ အခြေခံပန်းချီသင်တန်းဖွင့်လှစ်

ဖြူး မတ် ၁၀

ပန်းချီပညာကို အခြေခံမှစတင်ကာ ကျောင်းသား၊ ကျောင်းသူများ နွေရာသီကျောင်းပိတ်ရက်ကာလတွင် အကျိုးရှိစွာရရှိစေရေး အခြေခံပန်းချီသင်တန်းကို ဖြူးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပန်းချီ၊ ပန်းပုပညာရှင်များအသင်းတို့ပူးပေါင်း၍ မတ်လ ၁၀ ရက်နံနက်ပိုင်းတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ကျင်းပကြောင်းသိရသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အိမာဟိန်းက သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်နှင့် သင်တန်းစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်၊

ထို့နောက် ဖြူးမြို့နယ်အတွင်းရှိ မူလတန်း၊ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများအား အခြေခံပန်းချီ၏ သဘောတရားများနှင့် အခြေခံပန်းချီပညာရပ်များဖြစ်ကြသည့် မျဉ်းဖြောင့်၊ မျဉ်းကွေး၊ မျဉ်းယိုင်များဖြင့် ပန်းချီစတင်တည်ဆောက်ပုံများကို ပန်းချီ၊ ပန်းပုပညာရှင်များအသင်း ဖြူးမြို့နယ် စိတ်မီးအိမ်မှ သင်ကြားပို့ချသည်။

အဆိုပါသင်တန်းကို မတ်လ ၁၀ ရက်မှ ၁၆ ရက်အတွင်း နံနက် ၉ နာရီမှ ၁၁နာရီအထိ သင်တန်းသား၊ သင်တန်းသူ ကျောင်းသား၊ ကျောင်းသူများတက်ရောက်ကြကြောင်း သိရသည်။ **နေမျိုးလွင်(ပြန်/ဆက်)**

# ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့သို့ နိုင်ငံတော်အဆင့် တရားဝင်ချစ်ကြည်ရေးခရီးစဉ် သွားရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့မှ အဖွဲ့ဝင်များ၏စကားသံများ



ဦးကိုကိုလွင်



ဒေါက်တာမျိုးသိန်းကျော်



ဦးအေးဝင်း



ဦးအောင်အောင်ဇော်

**ဦးကိုကိုလွင်၊ ပြည်ထောင်စုဝန်ကြီး၊ စွမ်းအင်ဝန်ကြီးဌာန**

ရုရှားနဲ့ဘယ်လာရုစ်နဲ့က ကျွန်တော် နှစ်နိုင်ငံလုံးနဲ့ ရင်းနှီးနေတာကြာပါပြီ။ ဒီနှစ်နိုင်ငံလုံးကိုလည်း ကျွန်တော်အကြိမ် တော်တော်များများ ရောက်ဖူးပါတယ်။ နံပါတ်တစ် ရုရှားပေါ့နော်။ ရုရှားအနေနဲ့ ကတော့ ဒီခရီးစဉ်က State Visit ဖြစ်တဲ့ အတွက်ကြောင့် ကျွန်တော်တို့စွမ်းအင် ဝန်ကြီးဌာနအနေနဲ့လည်း လုပ်ဆောင် ရမယ့် လုပ်ငန်းတွေကိုလည်း သေချာ ပြင်ဆင်ခဲ့ပါတယ်။ ပြီးခဲ့တဲ့နှစ်ကလည်း ရုရှားကို စွမ်းအင်ကိစ္စနဲ့ တစ်ခါလာခဲ့ ပြီးပါပြီ။ စွမ်းအင်ဝန်ကြီးနဲ့လည်းကျွန်တော် တွေ့ခဲ့ပါပြီ။ ဒီတစ်ခေါက်မှာလည်းနိုင်ငံတော် အကြီးအကဲနဲ့ နှစ်ဖက်အကြီးအကဲနှစ်ဦး တွေ့ဆုံခဲ့တဲ့အပေါ်မှာ စွမ်းအင်ကဏ္ဍနဲ့ ပတ်သက်တဲ့ သဘောတူညီချက်တွေ အပေါ်မှာ ကျွန်တော် သီးခြားစွမ်းအင် ဝန်ကြီးဌာနက ပထမ၊ ဒုတိယဝန်ကြီးနဲ့ သက်ဆိုင်ရာကုမ္ပဏီကအဖွဲ့အစည်းတွေနဲ့ ကျွန်တော်တွေ့ဆုံပြီးတော့ ဆွေးနွေးနိုင် ခဲ့ပါတယ်။ ရုရှားကဆိုရင် စွမ်းအင်လုံခြုံ ရေးနှင့် စွမ်းအင်ဖူလုံရေးအတွက် အလွန် ပြီးပြည့်စုံအောင် ဆောင်ရွက်နိုင်နေတဲ့ နိုင်ငံတစ်ခုလို့ ကျွန်တော်မြင်ပါတယ်။ ဒါကြောင့်မို့လည်း ရုရှားက ဒီနေ့ ဒီအချိန် မှာ ဒီလိုရပ်တည်နိုင်တယ်လို့ ကျွန်တော် မြင်ပါတယ်။ ဒီအပေါ်မှာလည်း ကျွန်တော် အများကြီးအားကျပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီးတော့ ကျွန်တော် တော်တော် များများလည်း ဆွေးနွေးနိုင်ခဲ့ပါတယ်။ နောက် ဘယ်လာရုစ်ပေါ့။ ဘယ်လာရုစ် ကတော့ လယ်ယာစိုက်ပျိုးရေးကို အခြေခံ တယ်။ ကျွန်တော်တို့ နိုင်ငံတော်အကြီး အကဲကလည်းပဲ စိုက်ပျိုးရေးကိုအခြေခံတဲ့ ထုတ်ကုန်တွေ၊ ကုန်ထုတ်လုပ်မှုတွေ အများကြီးမြှင့်တင်ချင်တယ်။ ဒီအတွက် ကြောင့် ကျွန်တော်တို့က Mechanize Farm ကိုသွားရမှာပေါ့။ ကျွန်တော်တို့ သွားဖို့လည်း လုပ်နေကြပါပြီ။ ဒီအပေါ်မှာ ဘယ်လာရုစ်နဲ့ပူးပေါင်းခြင်းက အင်မတန် မှန်ကန်တယ်၊ ကောင်းမွန်တယ်လို့ ကျွန်တော်ပြောချင်ပါတယ်။ ဘယ်လာရုစ် က သူတို့ဖိုရမ်မှာလည်းပြောသွားပါတယ်။ စိုက်ပျိုးရေးကဏ္ဍကကိုပဲ ပြီးခဲ့တဲ့နှစ်က ၅ ဘီလီယံကျော် ဝင်ငွေရခဲ့တဲ့အတွက် အရမ်းအားကျဖို့ကောင်းပါတယ်၊ ကျွန်တော် တို့လည်း ဒီလိုမလုပ်နိုင်စရာမရှိပါဘူး။ ကျွန်တော်တို့ ကြိုးစားလုပ်ရင်ရပါတယ်။ ဘယ်လာရုစ်နှင့်ပတ်သက်ပြီးတော့ စိုက်ပျိုး ရေးနဲ့ပတ်သက်တဲ့ နည်းပညာတွေ၊ စိုက်ပျိုးရေးကို ကျွန်တော်တို့ Mechanize Farm ဖြစ်အောင် လိုအပ်တဲ့စက်ပစ္စည်း ကိရိယာတွေထုတ်လုပ်ဖို့အတွက် ပူးပေါင်း ဆောင်ရွက်သင့်ပါတယ်။ ခြုံပြီးပြောရရင် ဘယ်လာရုစ်နဲ့ ရုရှားနှစ်နိုင်ငံလုံးက အင်မတန်စနစ်ကောင်းပါတယ်၊ ကျွန်တော် သူတို့နဲ့တွဲပြီးတော့ ဆယ်စုနှစ်တစ်စုကျော် ပါပြီ။ ကျွန်တော်လုပ်ခဲ့တာ။ အင်မတန် စနစ်ကောင်းပါတယ်။ အတုယူဖို့လည်း ကောင်းပါတယ်။ ကျွန်တော်တို့နိုင်ငံ စွမ်းအင်ဖူလုံရေးနှင့် လုံခြုံရေးအတွက် ကြိုးစားဆောင်ရွက်ပါမယ်။ ကျွန်တော်တို့ နိုင်ငံသည် ထိုက်သင့်သလောက် စွမ်းအင် အရင်းအမြစ်တွေရှိတယ်။ နံပါတ်တစ် ကျွန်တော်တို့က မရှာဖွေနိုင်သေးဘူး။ ပြီးပြည့်စုံအောင် မရှာဖွေနိုင်သေးဘူး။ ဒီအတွက်ကြောင့် ကျွန်တော်တို့က ရုရှားနဲ့ နည်းပညာအကူအညီရယူပြီး ပူးပေါင်း ဆောင်ရွက်မယ်။ နံပါတ်နှစ်က ရှာဖွေလို့ တွေ့ပြီဆိုရင်လည်း ကျွန်တော်တို့က ထိထိ ရောက်ရောက် တူးဖော်နိုင်အောင်လုပ်ရ မယ်။ ဒီအပိုင်းကိုလည်း ကျွန်တော်တို့က ရုရှားနဲ့ ပူးပေါင်းဆောင်ရွက်ရမယ်။ နောက်ပြီးတော့တစ်ခါ ကျွန်တော်တို့နိုင်ငံရဲ့ ပထဝီအနေအထားအရ အင်မတန်ကောင်း မွန်တဲ့နေရာရှိပါတယ်။ စွမ်းအင်ကုန်သွယ် မှုကို ရုရှားနဲ့ပူးပေါင်းဆောင်ရွက်ရမယ်။ အထူးသဖြင့် Energy Terminal ဟာမျိုး တွေ။ ကျွန်တော်တို့မှာ နိုင်ငံတကာကိုတင်ပို့ နိုင်တဲ့၊ ထိုင်းနဲ့ တရုတ်ကိုတင်ပို့နိုင်တဲ့ ပိုက်လိုင်းတွေရှိတယ်။ ကျွန်တော်တို့ ရေနက်ဆိပ်ကမ်းတွေရှိတယ်။ Energy Terminal ဆောက်ဖို့နေရာကောင်းတွေ ရှိတယ်။ ဒီနေရာ Energy Terminal တွေဆောက်မယ်၊ ဒီပိုက်လိုင်းတွေနဲ့ ကျွန်တော်တို့ပို့မယ်၊ ကျွန်တော်တို့ နိုင်ငံရဲ့ သဘာဝဓာတ်ငွေ့လုံလောက်အောင်လည်း အဲဒီကရယူမယ်။ ရေနံချက်စက်ရုံတွေ ဆောက်မယ်။ စက်သုံးဆီကိုသွင်းရတဲ့ဟာ နောက်ဆိုရင် ရှိမှာမဟုတ်တော့ဘူး။ ကျွန်တော်တို့ ကိုယ်တိုင်ချက်လုပ်ပြီးတော့ သုံးစွဲမယ်။ နောက်ဓာတ်မြေဩဇာတွေ ချက်လုပ်မယ်။ ဒါကကျွန်တော့်ကဏ္ဍပါ။ ဒီအပိုင်းကိုလုပ်ဖို့အတွက် ရုရှားနဲ့ပူးပေါင်း ဆောင်ရွက်မယ်၊ ကျွန်တော့်အတွက်လည်း အလွန်ပဲအတွေ့အကြုံရတဲ့ ခရီးစဉ်တစ်ခု ဖြစ်ပါတယ်။ ကျွန်တော်တို့ဝန်ကြီးဌာနက လုပ်ဆောင်နေတာကို ပြည်သူတွေသိမှ လည်း၊ ပြည်သူတွေလိုက်ပါဆောင်ရွက်မှ လည်း၊ ပြည်သူတွေ အကူအညီရမှလည်း အောင်မြင်မှာဖြစ်ပါတယ်။

**ဒေါက်တာမျိုးသိန်းကျော်၊ ပြည်ထောင်စုဝန်ကြီး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**

ကျွန်တော်တို့ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာနဆိုတာကတော့အဓိကအားဖြင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ သိပ္ပံနှင့်နည်းပညာဖွံ့ဖြိုးတိုးတက်ရေးနိုင်ငံ အတွက်ဒါတွေ တစ်ထောင့်တစ်နေရာက တာဝန်ယူနေရတဲ့ အဖွဲ့အစည်းဖြစ်ပါတယ်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုတာကလည်း သိပ္ပံနှင့်နည်းပညာဆိုင်ရာမှာ တကယ့်ကမ္ဘာ့ ထိပ်တန်းနိုင်ငံပေါ့နော်၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက္ကသိုလ် တွေကလည်း တကယ့်အဆင့်မြင့်တဲ့ တက္ကသိုလ်တွေပါ။ ဒါကြောင့်မို့လို့ ကျွန်တော် တို့နိုင်ငံအတွက်တော့ ဒီသိပ္ပံနှင့်နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးရော၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးရော တန်ဖိုးမဖြတ်နိုင် တဲ့အတွေ့အကြုံတွေရရှိခဲ့တယ်လို့ပြောလို ပါတယ်။ ပထမတစ်ချက်အနေနဲ့ကတော့ ခုနပြောသလို လူသားအရင်းအမြစ် ဖွံ့ဖြိုး တိုးတက်ရေးပေါ့၊ ဘယ်နေရာမဆိုအခြေခံ အကျဆုံးက လူသားအရင်းအမြစ်ပဲလေ။ ဒီလူသားအရင်းအမြစ်ကို တကယ့်ကို လက်တွေ့ကျကျ ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ပေးနိုင်ဖို့အတွက် နားလည်မှုတွေ၊ ဒီအပြန်အလှန်လက်မှတ် ရေးထိုးနိုင်ခဲ့တာတွေရှိပါတယ်။ ဒါတွေဟာ ကျွန်တော်တို့နိုင်ငံအတွက်အားပါပါ၊ တစ်ချိန် မှာ ကျွန်တော်တို့နိုင်ငံတိုးတက်ဖွံ့ဖြိုးမှု ဖြစ်စေဖို့အတွက် အခြေခံအုတ်မြစ်တွေလို့ ကျွန်တော်တို့ယုံကြည်ပါတယ်။ ဒါ့အပြင် ရုရှားနိုင်ငံဆိုတာက တကယ့်နည်းပညာပိုင်း ဆိုင်ရာမှာလည်းထိပ်တန်းနိုင်ငံပါ။ အဏုမြူ စွမ်းအင်ဆိုရင်လည်း တကယ့်ထိပ်တန်း နိုင်ငံပါပဲ၊ အဏုမြူစွမ်းအင်ဆိုတာကလည်း တကယ်တော့ ငြိမ်းချမ်းတဲ့နယ်ပယ်မှာ၊ နေရာကဏ္ဍအစုံအလင်မှာ အသုံးချလို့ရပါ တယ်။ ဒါတွေဟာကျွန်တော်တို့အတွက် အကျိုးကျေးဇူးတွေဖြစ်လာမှာပါ။ ဒါ့အပြင် အာကာသမှာလည်း ရုရှားနိုင်ငံဆိုတာ တကယ့်ထိပ်တန်းရောက်နေတဲ့နိုင်ငံပါ။ ပထမဆုံးဂြိုဟ်တု လွှတ်တင်နိုင်ခဲ့တယ်။ ပထမဆုံးလူသားအာကာသထဲကိုပေးပို့နိုင် ခဲ့တယ်။ ဒီလိုနိုင်ငံဆီကနေ ကျွန်တော်တို့ အတွေ့အကြုံတွေမျှဝေခွင့်ရတယ်။ ပညာ လေ့လာခွင့်ရတယ်ဆိုတာ ကျွန်တော်တို့ နိုင်ငံအတွက် အဖိုးမဖြတ်နိုင်တဲ့ အတွေ့ အကြုံတွေပါပဲလို့ ကျွန်တော့်အနေနဲ့ပြောလို ပါတယ်ခင်ဗျာ။ ကျွန်တော့်တို့နိုင်ငံဖွံ့ဖြိုး တိုးတက်ဖို့အတွက်လည်း ဒါအုတ်တစ်ချပ် သဲတစ်ပွင့်ဖြစ်လာလိမ့်မယ်လို့ ကျွန်တော့် အနေနဲ့ လေးလေးနက်နက်ကို ယုံကြည်ပါ တယ်လို့ပြောလိုပါတယ်ခင်ဗျာ။

**ဦးအေးဝင်း၊ ဥက္ကဋ္ဌ (UMFCCI) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ မှာပေါ့နော်၊ ပြီးခဲ့တဲ့ မတ်လ ၄ ရက်နေ့ တုန်းက ကျွန်တော်တို့က ရုရှား-မြန်မာ Business Forum တစ်ခုကို ကျွန်တော်တို့ ကျင်းပခဲ့ပါတယ်၊ အဲဒီ Forum မှာကျွန်တော် တို့ ဒီစီးပွားရေးအဖွဲ့အစည်းတွေကို ကိုယ်စားပြုတဲ့လူတွေရော၊ နောက်ပြီးတော့ စီးပွားရေးလုပ်ငန်းရှင်တွေရော စုစုပေါင်း ၅၀၀ ကျော် တက်ရောက်ခဲ့ကြပါတယ်။ ဒီပွဲမှာတော့ အဓိကကတော့ ကျွန်တော်တို့ ရုရှားနိုင်ငံနဲ့ မြန်မာနိုင်ငံမှာရှိတဲ့ စီးပွားရေး လုပ်ငန်းတွေကြားထဲမှာပေါ့နော်၊ ကုန်သွယ် မှုပိုင်းဆိုင်ရာ၊ နောက်ပြီးတော့ ကျွန်တော် တို့ ရင်းနှီးမှုပိုင်းဆိုင်ရာတွေကို ဘယ်လို ပူးပေါင်းဆောင်ရွက်နိုင်မယ်၊ ဘယ်လို တိုးမြှင့်ပြီးတော့ ဆောင်ရွက်နိုင်မယ် ဆိုတာကို ကျွန်တော်တို့ အပြန်အလှန် ဆွေးနွေးခဲ့ပါတယ်။ ဘယ်လာရုစ်သမ္မတ နိုင်ငံမင့်စ်မြို့မှာလည်းကျွန်တော်တို့ပြီးခဲ့တဲ့ မတ်လ ၆ ရက်နေ့ကပေါ့နော်၊ အဲဒီမှာလည်း ကျွန်တော်တို့က မြန်မာ-ဘယ်လာရုစ် Business Forum ကို ကျင်းပခဲ့ပါတယ်။ အဲဒီပွဲမှာလည်း ကျွန်တော်တို့ ဘယ်လာရုစ် နိုင်ငံဘက်ကနေပြီးတော့ စီးပွားရေးအဖွဲ့ အစည်းတွေကို ကိုယ်စားပြုတဲ့သူတွေရော၊ စီးပွားရေးလုပ်ငန်းရှင်တွေရော ကျွန်တော် တို့ စုစုပေါင်း ၁၅၀ ဝန်းကျင်လောက် တက်ရောက်ခဲ့ကြပါတယ်၊ အဲ့ဒီပွဲမှာလည်း အလားတူပါပဲ၊ ဘယ်လာရုစ်နိုင်ငံနဲ့ မြန်မာ နိုင်ငံကြားမှာ ကျွန်တော်တို့စီးပွားရေး လုပ်ငန်းတွေ ဘယ်လိုပူးပေါင်းဆောင်ရွက် လို့ရနိုင်မလဲ၊ နောက်ကုန်သွယ်မှုတွေကို ဘယ်ဟာတွေက ကုန်သွယ်မှုပြုလုပ်နိုင် မလဲ၊ ဘယ်အပိုင်းတွေကိုတော့ ကျွန်တော် တို့က ရင်းနှီးမြှုပ်နှံမှုတွေကိုလုပ်နိုင်မလဲ ဆိုတဲ့အပိုင်းကို ကျွန်တော်တို့အပြန်အလှန် ဆွေးနွေးခဲ့ပါတယ်၊ အလားတူပဲ ဘယ်လာ ရုစ်ဘက်နဲ့ကျွန်တော်တို့ မြန်မာနိုင်ငံနဲ့ကြား မှာ လုပ်ငန်းပူးပေါင်းဆောင်ရွက်မှုတွေကို လုပ်နိုင်ဖို့အတွက် ကုန်သွယ်မှုနဲ့ ကျွန်တော် တို့တချို့ ဒီရင်းနှီးမြှုပ်နှံမှုတွေကို ပူးပေါင်း ဆောင်ရွက်နိုင်ဖို့အတွက်ကို MoU တွေလည်း ရေးထိုးနိုင်ခဲ့တာရှိပါတယ်၊ အဓိကကတော့ ရုရှားနဲ့ရော ဘယ်လာရုစ်နဲ့ပါ အဓိက ဆွေးနွေးတဲ့နေရာမှာ ကျွန်တော်တို့နိုင်ငံမှာ အဓိကပင်မစီးပွားရေးကဏ္ဍက (၄) ရပ်ရှိ တယ်ပေါ့နော်၊ ကျွန်တော်တို့ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်း၊ နောက်ကျွန်တော်တို့ဒီဓာတ်သတ္တုနှင့် သဘာဝသယံဇာတကဏ္ဍရှိမယ်။ နောက် တစ်ခုကတော့ ကျွန်တော်တို့ ဒီဝန်ဆောင်မှု ကဏ္ဍပေါ့နော်။ ဒီ (၄) ရပ်ရှိတယ်ပေါ့နော်။ အဲဒီတော့ (၄) ရပ်အနက်မှာ အဓိကကဏ္ဍ တွေဖြစ်တဲ့ စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းနဲ့ နောက်ကုန်ထုတ်လုပ်ငန်းမှာ ကျွန်တော်တို့ မြန်မာနိုင်ငံဘက်ကနေပြီး တော့ ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက် နိုင်မယ့် အလားအလာတွေ၊ နောက်မြန်မာ နိုင်ငံမှာ ဒီကဏ္ဍတွေမှာရှိတဲ့ အခွင့်အလမ်း တွေကို ကျွန်တော်တို့က ရှင်းလင်းဆွေးနွေး ပြခဲ့တာရှိပါတယ်၊ ဒီကဏ္ဍတွေမှာ ကျွန်တော် တို့က စိတ်ဝင်စားမှုတွေအများအပြားရှိပါ တယ်။ ပထမအဆင့်မှာတော့ ကုန်သွယ်မှု၊ အပြန်အလှန်ကုန်သွယ်မှုကို ကျွန်တော်တို့ က စတင်မှာဖြစ်ပြီးတော့ နောက်ပိုင်းမှာ တော့ ကျွန်တော်တို့က အပြန်အလှန် ရင်းနှီးမြှုပ်နှံမှုတွေကို တိုးမြှင့်ဆောင်ရွက် သွားမယ်လို့ အဲဒီလိုမျိုးအလားအလာ တွေကိုတွေ့ရှိရပါတယ်။

**ဦးအောင်အောင်ဇော်၊ ဥက္ကဋ္ဌ MAI လေကြောင်းလိုင်း**

ခရီးသွားတွေများများရောက်ရှိရေး အတွက် ပရိုမိုးရှင်းသွားလုပ်တဲ့ပွဲပေါ့။ ခရီး သွားဆိုတာက ဥရောပသားတွေက ဒီအချိန် မှာလာဖို့သိပ်စိတ်မဝင်စားဘူးလေ၊ တကယ် လာချင်တာက ရုရှားတို့၊ အိန္ဒိယတို့၊ တရုတ် တို့ကပဲ မြန်မာပြည်ကိုလာချင်တာပေါ့။ နောက်တစ်ခုက ထားဝယ်ရေနက် ဆိပ်ကမ်းကိုရုရှားနဲ့လုပ်မယ်ဆိုတဲ့အခါကျ တော့ ဒါနဲ့ပတ်သက်ပြီးတော့ Business Traveller တွေလည်း **စာမျက်နှာ ၉ သို့**❖

❖ စာမျက်နှာ ၈ မှအဆက်

လာဖို့ရှိတဲ့အတွက်ကြောင့် လေကြောင်းနဲ့ ပတ်သက်ပြီး ကျွန်တော်တို့က သွားရောက် ရှင်းလင်းတင်ပြရတာပေါ့နော်။ ခရီးသွားအရေအတွက် အာမခံချက်ရမယ်ဆိုရင် လေကြောင်းတွေ ဘယ်လိုတိုးမြှင့်ပြီး ပြေးဆွဲမယ်၊ ဒီလိုပြေးဆွဲတဲ့နေရာမှာ လက်ရှိလည်း နိုဗိုစီဗစ်ကို ပျံနေတာပေါ့နော်၊ ခရီးသွားလာရေးဆိုတာက မီးခိုးတိတ်စီးပွားရေးရှာတဲ့ဟာပေါ့နော်။ စက်ရုံ၊ အလုပ်ရုံတွေလိုမဟုတ်ဘူး။ အသံတိတ်လေး ပိုက်ဆံဝင်တယ်၊ ဟိုတယ်တွေ၊ စကားပြန်တွေ၊ ကျွန်တော်တို့ဘက်ကလည်း ဝန်ဆောင်မှုအပြည့် လုပ်ပေးနိုင်တယ်ဆိုရင် ရုရှားတွေကလည်း ဒီကိုလာဖို့ စိတ်ဝင်စားတယ်။ အထူးသဖြင့် သူတို့က ကမ်းခြေကိုအလွန်ကြိုက်တယ်။ ထိုင်းကိုလည်း အရမ်းသွားကြတယ်။ ဖူးခက်တို့၊ ဗီယက်နမ်ကမ်းခြေတို့ကို သွားတဲ့အချိန်မှာ တိုက်ရိုက်သွားမယ့်အစား အာဆီယံဒေသရဲ့ Gateway တစ်ခုအဖြစ် မြန်မာပြည်ကိုအရင်လာလည်၊ မြန်မာပြည်ကလည်းပတ်စရာတွေကို နှစ်ရက်သုံးရက်လည်ပြီး ကျန်တဲ့ဒေသတွေကိုသွားပါ။ မြန်မာပြည်ကနေတစ်ဆင့် ပြန်မယ်ဆိုရင် Air Flight တွေနဲ့ အဆင်ပြေအောင်စီစဉ်ပေးပါမယ်ဆိုပြီး ကျွန်တော်တို့က သွားပြီး ပရိုမိုးရှင်းလုပ်တာ။ ထိုင်းကို ခရီးသွားတွေ သန်း ၃၀ လောက် တစ်နှစ်တစ်နှစ်သွားနေတဲ့နေရာမှာ ကျွန်တော်တို့နိုင်ငံကို ၅ ရာခိုင်နှုန်းလောက်ပဲလာ၊ တစ်သန်းခွဲလောက်ပဲလာ၊ နှစ်သန်းလောက်ပဲလာဦး။ လူတစ်ယောက်က ၁၅၀၀၊ ၂၀၀၀ ဒေါ်လာလောက်တော့သုံးရမယ်။ လေယာဉ်လက်မှတ်ခ၊ ဟိုတယ်ခနဲ့ဆိုရင်ကို ကျွန်တော်တို့ရဲ့တိုင်းပြည်မှာ 3 to 5 ဘီလီယံလောက် US ဒေါ်လာဝင်ငွေစီးဆင်းသွားမယ်ပေါ့နော်။ အဲဒါနဲ့ဆက်စပ်ပြီး လုပ်ငန်းတွေရကြမယ်၊ ဟိုတယ်မှာနေတဲ့လူတွေလည်ပတ်သွားကြမယ်ဆိုရင် သူ့ရဲ့ဝင်ငွေကိုက 10 ဘီလီယံလောက်အထိ တက်သွားနိုင်တယ်ပေါ့နော်။ ဒါဆိုရင် တိုင်းပြည်ရဲ့စီးပွားရေးကိုလည်း အများကြီးအထောက်အကူပြုလိမ့်မယ်လို့မျှော်လင့်ပါတယ်။ အဲဒီအတွက်ကြောင့် ကျွန်တော်တို့က ဒီခရီးသွားလုပ်ငန်းမှာ လူဦးရေများများရအောင် သွားပြီးပရိုမိုးရှင်းလုပ်တဲ့ပွဲပါခင်ဗျာ။ ကျွန်တော်တို့ အခုပြောရတဲ့အထဲမှာ တော်တော်များများကတော့ အရမ်းစိတ်ဝင်စားကြတာပေါ့နော်။ အရင်တုန်းက မြန်မာပြည်ဘာလဲဆိုတာ သူတို့သိပ်မသိတဲ့လူတွေလည်း ရှိကြတာပေါ့။ ရောက်ဖူးတဲ့လူတွေပဲ သိကြတာပေါ့။ အဲဒီတော့မြန်မာပြည်မှာ ဘယ်နေရာတွေက လည်လို့ကောင်းတယ်။ ငြိမ်းချမ်းမှုအခြေအနေလည်းဘယ်လိုအနေအထားတွေရှိတယ်။ ဘယ်နေရာတွေက သွားလို့ရတယ်။ မကြာခင်မှာတော့ အားလုံးအဆင်ပြေပြေနဲ့သွားလို့ရပါမယ်ပေါ့နော်။ အဲဒီလိုမျိုးလေးပြောခဲ့တော့ နှစ်နိုင်ငံလုံးကတော့ စိတ်အားထက်သန်စွာနဲ့ ဒီကိုလာချင်ကြတယ်ပေါ့နော်၊ တိုက်ရိုက်ပျံသန်းခွင့်ရရှိရေးတို့၊ ခရီးသည်တွေသွားလာဖို့ လွယ်ကူဖို့အတွက်တော့ သူတို့တောင်းဆိုတာ ဘာသာပြန်လေးတွေလုံလောက်ဖို့ရယ်၊ ဟိုတယ်အခန်းအရေအတွက် လုံလောက်မယ်ဆိုရင် သူတို့ရဲ့ Tour Package လာလေ့လာပြီးရင် စီစဉ်ပါမယ်ပေါ့။ ၂၀၂၅ ခုနှစ်ရာသီမှာလည်း မီသလောက်လာမယ်။ ၂၀၂၆- ၂၀၂၇ ကိုတော့ ခရီးသည်တွေ အများကြီးလာဖို့ သူတို့ဘက်က ခရီးသွားကုမ္ပဏီတွေဘက်ကလည်း အများကြီး စိတ်ဝင်စားတယ်။ နောက်တစ်ခုက အစိုးရ Government Traveller တွေရှိတယ်။ အစိုးရအရာရှိ၊ မိသားစုဝင်တွေကို သူတို့အစိုးရတွေကပဲ စီစဉ်ပေးတယ်။ အဲဒီလို ခရီးသွားတွေကို တခြားနိုင်ငံ လွှတ်မယ့်အစား ကျွန်တော်တို့နှစ်နိုင်ငံချစ်ကြည်ရေး မြန်မာပြည်ကို လွှတ်လိုက်မယ်ဆိုရင်လည်း ဒီလူဦးရေက ပြည့်မီသွားနိုင်တာပေါ့နော်။ အဲဒါမျိုးလေး ရရှိဖို့အတွက် သူတို့ဘက်က Ministry of Tourism တို့ Tourism Board တို့ ခရီးသွားအေဂျင်စီတို့နဲ့လည်း ကျွန်တော်တို့ ပြောဆိုညှိနှိုင်းနေတာလည်း ရှိပါတယ်။ အဆင်ပြေသွားမယ်လို့ မျှော်လင့်ပါတယ်။ ကျွန်တော်တို့တိုင်းပြည်ရဲ့ ကံကြမ္မာကလည်း ခုကစပြီး ရှေ့လျှောက်ပွင့်လင်းလာမယ်လို့ မျှော်လင့်ပါတယ်။ စီးပွားတွေလည်း အများကြီး တိုးတက်အောင်မြင်လာလိမ့်မယ်လို့မျှော်လင့်ပါတယ်။ ဘာပဲပြောပြော Positive Thinking ကောင်းတာကို လုပ်တာဖြစ်တဲ့အတွက် ကောင်းတာတွေဖြစ်လာမှာပါလို့ ယုံကြည်ပါတယ်ခင်ဗျာ။ မြန်မာပြည်ကြီး ဖွံ့ဖြိုးစည်ပင်တိုးတက်ပါစေလို့ ဆန္ဒပြုပါတယ်ခင်ဗျာ။

မြဝတီ

# ကျောက်ဆည်မြို့နယ်၌ ချည်မျှင်ရှည်ဝါ ၁၆၆၆ ဧက စိုက်ပျိုးခဲ့ပြီး အထွက်နှုန်း ၇၄၉၂၀၉၃ ပိဿာထွက်ရှိ



**ကျောက်ဆည် မတ် ၁၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ ချည်မျှင်ရှည်ဝါသီးနှံများကို မိုးကြို/နွေ၊ မိုး၊ မိုးနှောင်း/ဆောင်းရာသီများတွင် ရာသီအလိုက် စိုက်ပျိုးလျက်ရှိရာ ၂၀၂၄-၂၀၂၅ ခုနှစ်တွင် ၁၆၆၆ ဧကစိုက်ပျိုးနိုင်ခဲ့ပြီး အထွက်နှုန်းအနေဖြင့် ၇၄၉၂၀၉၃ ပိဿာထွက်ရှိကြောင်း သိရသည်။

ကျောက်ဆည်မြို့နယ်အနေဖြင့် ချည်မျှင်ရှည်ဝါသီးနှံများစိုက်ပျိုးရာ၌ မိုးကြို/နွေရာသီတွင် ဧက ၅၀ စိုက်ပျိုးနိုင်ခဲ့ပြီး တစ်ဧကေပျမ်းမျှ ၄၅၃ ဒသမ ၅၄ ပိဿာထွက်ရှိကြောင်း၊ မိုးရာသီတွင် ၃၂၉၁ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး တစ်ဧကပျမ်းမျှ ၄၆၀ ဒသမ ၀၂ ပိဿာထွက်ရှိကြောင်း၊ မိုးနှောင်း/ဆောင်းရာသီတွင်၁၃၃၂၅ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး တစ်ဧက ၄၆၅ ဒသမ ၂၀ ပိဿာထွက်ရှိသည်။

ဝါသီးနှံစိုက်တောင်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဝါသီးနှံများအထွက်နှုန်းတိုးပွားရေး(လွန်ကျော်)ဝါသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ(လွန်ကျော်)မှ ဒေသနှင့်ကိုက်ညီပြီး အပင်ပေါက်နှုန်း၊ ရောဂါဒဏ်နှင့် အထွက်နှုန်းကောင်းသည့် ဝါမျိုးစေ့များ ဖြန့်ဝေပေးလျက်ရှိကြောင်း၊ စိုက်နည်းစနစ်များ၊ အပင်ပြုစုနည်းများ၊ ဝါကောက်ယူသိုလှောင်မှုနည်းစနစ်များကို အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း၊ အဆင့်မြင့်ချည်ထည်များထုတ်လုပ်နိုင်သည့် ဝါမျိုးကောင်းမျိုးသန့်များကို စိုက်နည်းစနစ်မှန်ကန်စွာဆောင်ရွက်ပြီး ဝါအထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ တစ်ဖက်တွင် ဝါကြိတ်စက်ရုံများ၊ ချည်မျှင်နှင့်အထည်စက်ရုံများကို အဆင့်မြှင့်ပေးပြီး ဝါကိုအခြေခံသည့် စက်မှုလုပ်ငန်းကို ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် သဘာဝကပေးထားသည့် စိုက်ပျိုးရေးဆိုင်ရာ အခြေခံကောင်းများကိုအသုံးချပြီး နိုင်ငံကိုဖွံ့ဖြိုးတိုးတက်စေမည့် စက်မှုကုန်ထုတ်လုပ်ငန်းများကိုဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရသည်။

**သက်မောင် (ကျောက်ဆည်)**

# ဘိုကလေးမြို့နယ်၌ သုတစမ္မဒီပလိုမာသင်တန်းများဖွင့်လှစ်ပို့ချမည်

**ဘိုကလေး မတ် ၁၀**

အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအရှင်နန္ဒမာလာဘိဝံသ ဆရာတော်ဘုရားကြီး ဦးစီးတည်ထောင်ဖွင့်လှစ်ထားသည့် ပညာဘူမိတက္ကသိုလ်မှ သုတစမ္မဒီပလိုမာစာမေးပွဲများကို ခြောက်လလျှင်တစ်ကြိမ်နှုန်းဖြင့် နှစ်စဉ်စာမေးပွဲနှစ်ကြိမ် နယ်စာစစ်ဌာနများအလိုက် ကျင်းပဆောင်ရွက်လျက်ရှိရာ ယခုနှစ်ဇွန်လတွင် စာမေးပွဲကျင်းပသွားမည်ဖြစ်သည်။ အဆိုပါ စာမေးပွဲဖြေဆိုကြမည့် ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရဟန်းရှင်လူများအနေဖြင့် စာမေးပွဲအား လွယ်ကူစွာဖြေဆိုအောင်မြင်နိုင်ရန် သင်တန်းများအား ဘိုကလေးမြို့လယ် ကျက်သရေဆောင် မြို့မဆွမ်းလောင်းအသင်း ဓမ္မာရုံကြီး၌ မေလ ၁၁ ရက်မှစတင်၍ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်သည်။

အဆိုပါသင်တန်းကို ဘိုကလေးမြို့နယ်မှ ဆရာမဒေါ်နန္ဒာလုလု (လယ်တီကမ္မဋ္ဌာနာစရိယ)၊ အဘိဓမ္မာဂုဏ်ထူးဆောင်မှ မေလ ၁၁ ရက်မှ ၁၆ ရက်ထိ Level -3 သင်တန်းကိုလည်းကောင်း၊ မေလ ၁၈ ရက်မှ ၂၃ ရက်ထိ Level -2 သင်တန်းကို လည်းကောင်း၊ မတ်လ အဆုံးပိုင်းတွင် Level -1 သင်တန်းကို လည်းကောင်း နေ့စဉ်ညနေ ၃ နာရီမှ ၅ နာရီထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**မိုးစက်(ဘိုကလေး)**

# ပြည်သူ့အတွက် တပ်မတော်

➢ ပြည်သူလူထု၊ ချမ်းသာမှုကို
တွေးရှုအစဉ်၊ ဦးထိပ်တင်ကာ
သားစဉ်မြေးမြစ်၊ ပြောထုံးဖြစ်အောင်
ပြည်ချစ်ဇာနည်၊ အောင်စစ်သည်တို့
ဦးလည်မသုန်၊ ထမ်းကြကုန်၏။

➢ မိဘပြည်သူ၊ အလေးမူလျက်
ရန်သူဟူက၊ မြူတစ်မျှပင်
ကင်းပစေရေး၊ ကာကွယ်ပေးသည်
စစ်ရေးစစ်ရာ၊ အောင်ပွဲသာအောင်
စည်လာနှင့်ဖွဲ့၊ သတ္တိတွဲ၍
ရဲဝံ့စွန့်စား တပ်မတော်သား။

➢ အချုပ်အခြာ၊ တည်တံ့ကြာဖို့
ကာကွယ်နေမည်၊ မှန်ပေသည်တည်း
ပြည်သူနှင့်ဆို၊ ရေလိုလလို
ကိုယ်နှင့်ယှဉ်ကာ၊ ငြိမ်းစေပါမည်
သစ္စာလေးချက်၊ သံမှိုနှက်သို့
စွဲလျက်ရင်မှာ အမြဲပါ၏။

➢ ဩော်...
တပ်မတော်ဟု၊ ဖြစ်တည်မှုမှ
ယခုထိတိုင်၊ မယိမ်းယိုင်ဘဲ
ခိုင်မာတည့်မတ်၊ ကာကွယ်အပ်သည့်
"မွန်မြတ်ပေသား၊ ဇာနည်ဘွား"ဟု
လေးစားအခါခါ၊ စာကဗျာဖြင့်
ရေးကာဂုဏ်ပြု၊ မြတ်နိုးမှုက
ပြည်သူ့အတွက် တပ်မတော်ပါတကား။ ။

**ခိုင်မြတ်မော်(မြဝတီ)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၁-၃-၂၀၂၅(အင်္ဂါနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၀၀ | နိုင်ငံတော်သီချင်း |
| ၂။ | ၀၈:၀၀ | မျိုးချစ်တပ်မတော် |
| ၃။ | ၀၉:၀၀ | ရင်မှာစွဲလမ်း တော်ဝင်ပန်း |
| ၄။ | ၁၀:၀၀ | စိုက်ပျိုးသုတ |
| ၅။ | ၁၁:၀၀ | မြန်မာသံစဉ် ချိုနားဝင် |
| ၆။ | ၁၂:၀၀ | ကျန်းမာသုတ |
| ၇။ | ၁၃:၀၀ | အမှတ်တရ နေ့ရက်များ |
| ၈။ | ၁၄:၀၀ | ဝေမျှဆွေးနွေး လူငယ့်အရေး |
| ၉။ | ၁၅:၀၀ | မြဝတီရုပ်မြင် သံကြားသတင်း |
| ၁၀။ | ၁၆:၀၀ | ကိုယ်လက်လှုပ်ရှား အားကစား |
| ၁၁။ | ၁၇:၀၀ | မှတ်သားလိုက်နာ ပုံပမာ |
| ၁၂။ | ၁၈:၀၀ | နုပျိုလှပကျန်းမာဖို့ လမ်းလျှောက်ကြပါစို့ |
| ၁၃။ | ၁၈:၄၀ | မွေးမြူသုတ |
| ၁၄။ | ၁၉:၀၀ | **ရုပ်မြင်သံကြား ဇာတ်လမ်း စောင်နီလေးတစ်ထည် (အပိုင်း-၁) သရုပ်ဆောင်-ရန်အောင် စိုးမြတ်သူဇာ၊ နက္ခတ် ဒါရိုက်တာ - တင်အောင်စိုး (ပန်းမြို့တော်)** |
| ၁၅။ | | နိုင်ငံတကာသတင်း |
| ၁၆။ | | မိုးလေဝသသတင်း |

# မြေယာလုပ်ပိုင်ခွင့်အသုံးပြုခွင့်များအတွက် ပြဋ္ဌာန်းသတ်မှတ်ထားသော ဥပဒေ၊ စည်းကမ်းချက်များကို တိကျစွာလိုက်နာဆောင်ရွက်ကြရန်လို



နေပြည်တော် မတ် ၁၀

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက ပြင်ဦးလွင်ကော်ဖီဥယျာဉ်ရှင်းလင်းဆောင်၌ ပြင်ဦးလွင်ကော်ဖီစီမံကိန်းဇုန် ကြီးကြပ်ရေးအဖွဲ့ခေါင်းဆောင်နှင့် တာဝန်ရှိသူများအား တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြင်ဦးလွင်ကော်ဖီစီမံကိန်းဇုန် ကြီးကြပ်ရေးအဖွဲ့ခေါင်းဆောင်နှင့် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ပါဝင်သော ကြီးကြပ်ရေးအဖွဲ့၏ ဆောင်ရွက်ထားရှိမှု၊ ကော်ဖီစိုက်ပျိုးလုပ်ကိုင်ခွင့်ရသူများလိုက်နာရန် စည်းကမ်းချက်များနှင့် ကော်ဖီစိုက်ပျိုးလုပ်ကိုင်ခွင့် အသစ်ချထားပေးနိုင်ရန် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ကော်ဖီစိုက်ပျိုးရန်မြေအသုံးပြုခွင့်တောင်းခံထားသူများကိုခွင့်ပြုရန် လျာထားသည့်နယ်မြေဇုန်အလိုက် စုစည်းခေါ်ယူတွေ့ဆုံသွားရန်၊ တွေ့ဆုံချိန်တွင် အမှန်တကယ်စိုက်ပျိုးရန် လိုအပ်သောရင်းနှီးမြှုပ်နှံမှုများ ပြည့်စုံမှုရှိ၊ မရှိတွက်ချက်ရန်၊ တာဝန်ရှိသူများက ကွင်းဆင်းလိုက်လံပြသပြီး သတ်မှတ်စည်းကမ်းချက်များအတိုင်း မှန်မှန်ကန်ကန် စိုက်ပျိုးနိုင်ရန်၊ တစ်ပါတည်းစာချုပ်ချုပ်ဆို လုပ်ကိုင်ခွင့်ပြုသွားရန်၊ နိုင်ငံပိုင်မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများကို ဥပဒေနှင့် လွှဲပြောင်းခွင့် လွှဲရောင်းခဲ့သူများကို ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုအရှိန်မတန့်သွားစေရေး စဉ်းစားပေးပြီး အထူးကိစ္စတစ်ရပ်အဖြစ် ရောင်းခွန်၊ ဝယ်ခွန်များကို ဥပဒေနှင့်အညီ နိုင်ငံတော်သို့ အခွန်ငွေပေးသွင်းစေခဲ့ရာ ဖေဖော်ဝါရီလ ၁၇ ရက်တွင် သတ်မှတ်ကာလပြည့်သွားပြီဖြစ်ကြောင်း။

အခွန်ငွေပေးသွင်းရန် ကျန်သူများအနေဖြင့် မိမိတို့ကြိုတင်ကြေညာထားပြီးဖြစ်သည့်အတိုင်း တရားစွဲဆိုခြင်း၊ အမည်မည်းစာရင်းသွင်းခြင်းနှင့် လုပ်ပိုင်ခွင့်ရုပ်သိမ်းခြင်းတို့ကို ဖြေလျော့ပေးခြင်းမရှိဘဲ ဆောင်ရွက်ရန်လိုကြောင်း၊ ခိုင်လုံသောအကြောင်းပြချက်ဖြင့် လာရောက်ဆက်သွယ်၍ အခွန်ငွေပေးသွင်းလျှင် သတ်မှတ်ဒဏ်ကြေးဖြင့် ခွင့်ပြုပေးနိုင်ရေးအတွက် ကော်မတီသို့တင်ပြသွားရန်ဖြစ်ကြောင်း၊ ဥပဒေကို မသိနားမလည်ဟုဆိုရုံမျှဖြင့် ဥပဒေက ခွင့်လွှတ်မည်မဟုတ်ကြောင်းကိုလည်း ကော်ဖီစိုက်ပျိုးထုတ်လုပ်မည့်လုပ်ငန်းရှင်များကို ရှင်းပြပေးရန်လိုကြောင်း၊ ယခုတစ်ကြိမ် စာချုပ်ချုပ်ဆိုပြီးသူများအနေဖြင့် စည်းကမ်းချက်များအတိုင်း တိကျစွာလိုက်နာဆောင်ရွက်ပြီး မိမိတို့ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်အောင်မြင်အောင် ဆောင်ရွက်သွားရန်အတွက်လိုအပ်သောအကူအညီများပေးအပ်သွားရန်ဖြစ်ကြောင်း။

ကော်ဖီစိုက်ခင်းများတွင် ကော်ဖီဆန်အစိမ်း(Green Bean)အထိ ထုတ်လုပ်ရန်ဖြစ်ပြီး တန်ဖိုးမြှင့်ထုတ်ကုန်များအတွက် သက်ဆိုင်ရာစက်မှုဇုန်များတွင် စက်မှုဇုန်ဥပဒေနှင့်အညီ လုပ်ဆောင်ရမည်ဖြစ်ကြောင်းကို သေချာစွာရှင်းလင်းပြရန်နှင့် စိုက်ပျိုးခွင့်ရရှိသူများအား ခြောက်လတစ်ကြိမ် အမှန်တကယ်စိုက်ပျိုးတိုးတက်မှု ရှိ/မရှိကို ကွင်းဆင်းစစ်ဆေးရမည်ဖြစ်ပြီး ကော်ဖီစိုက်ပျိုးမှုတိုးတက်အောင် လုပ်ဆောင်ခြင်းမပြုဘဲ ဟန်ပြဆောင်ရွက်လျှင် လုပ်ကိုင်ခွင့်ရုပ်သိမ်းရမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြင်ဦးလွင်ခရိုင်ကို ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုစံပြဒေသအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ပြင်ဦးလွင်ကော်ဖီစီမံကိန်းဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ကြရန်လိုအပ်ချက်များ၊ ကော်ဖီကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းကြိုးပမ်းပေးကြရန်တို့ကိုဆွေးနွေးပြောကြားသည်။

ထို့နောက် ကြီးကြပ်ရေးအဖွဲ့ဝင်များက သိရှိလိုသောအချက်များကို မေးမြန်းတင်ပြရာ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က အသေးစိတ်ရှင်းလင်းညွှန်ကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) အရာထမ်းလောင်း(အထူး)သင်တန်း အမှတ်စဉ်(၁၃)သင်တန်းဆင်း



နေပြည်တော် မတ် ၁၀

အရာထမ်းလောင်း(အထူး)သင်တန်း အမှတ်စဉ်(၁၃)၏ သင်တန်းဆင်းစစ်ရေးပြ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) စစ်ရေးပြကွင်း(၁)၌ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော်၊ အဖွဲ့ဝင် ဦးဆန်းမြင့်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက သင်တန်းဆင်းအမှာစကားပြောကြားသည်။

အဆိုပါသင်တန်း၏ဘွဲ့နှင်းသဘင်အခမ်းအနားကို မတ်လ ၁၁ ရက်တွင် ရတနာသိင်္ဃ ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပ၍ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)မှ ပါမောက္ခချုပ်က ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှုဘွဲ့လွန်ဒီပလိုမာလက်မှတ်များ ပေးအပ်မည်ဖြစ်သည်။ သင်တန်းသို့ သင်တန်းသား ၂၆ ဦး၊ သင်တန်းသူ ၉၅ ဦး စုစုပေါင်း ၁၂၁ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၁၈ ရက်မှ ၂၀၂၅ ခုနှစ် မတ်လ ၁၁ ရက်အထိဖြစ်ကြောင်းသိရသည်။

(သတင်းစဉ်)

# ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ နွေရာသီအေရိုးဗစ်သင်တန်းဖွင့်လှစ်လျက်ရှိ



ရန်ကုန် မတ် ၁၀

ရန်ကုန်တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ကကြီးမှူး၍ နွေရာသီအေရိုးဗစ်သင်တန်းကို တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်းရှိ လေးထပ်ဆောင်ပထမထပ်၌ ဖွင့်လှစ်လျက်ရှိသည်။

ထိုသို့သင်တန်းဖွင့်လှစ်နေမှုကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နာယက ဒေါ်နီနီဝင်း၊ ဥက္ကဋ္ဌ ဒေါက်တာဒေါ်သက်သက်ဇင်၊ ဒုတိယဥက္ကဋ္ဌ ဒေါ်တင်တင်လတ်၊ ရန်ကုန်တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မော်မော်သန်း၊ ဥက္ကဋ္ဌ ဒေါ်နုနုဆွေ၊ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များက ယနေ့ မွန်းလွဲ ၁ နာရီတွင် သွားရောက်ကြည့်ရှုအားပေးကြပြီး သင်တန်းသူအမျိုးသမီးများအား ပေါင်မုန့်၊ ကြက်ဥ၊ အအေးနှင့် ချီးမြှင့်ငွေများ ပေးအပ်ကြကြောင်း သိရသည်။

(သတင်းစဉ်)

# AML/CFT ဆိုင်ရာအသိပညာမြှင့်တင်ရေးဟောပြောပွဲနှင့် အိမ်ခြံမြေပညာပေးသင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် မတ် ၁၀

အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအသင်း (MRPDA)တို့ ပူးပေါင်းကျင်းပသည့် ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး(AML/CFT)ဆိုင်ရာ အသိပညာမြှင့်တင်ရေးဟောပြောပွဲနှင့် အိမ်ခြံမြေပညာပေးသင်တန်းအမှတ်စဉ်(၃၅/၂၀၂၅) ဖွင့်ပွဲကို မတ်လ ၁၀ ရက်တွင် ရန်ကုန်မြို့ရှိ Sky Star ဟိုတယ်၌ ကျင်းပသည်။

ရှေးဦးစွာ ကျောက်တံတားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးဥက္ကာက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် အသင်းသားရေးရာ ဒုတိယဥက္ကဋ္ဌ ဦးတင်ကိုကိုနှင့် မြန်မာနိုင်ငံအိမ်ခြံမြေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအသင်းဥက္ကဋ္ဌ ဦးနန္ဒကျော်တို့က နှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။ ဆက်လက်၍ မြန်မာနိုင်ငံအိမ်ခြံမြေဖွံ့ဖြိုးတိုးတက်ရေးအသင်း ရန်ကုန်တိုင်းဒေသကြီး(ရုံးခွဲ) ဥက္ကဋ္ဌ ဦးသန်းထွန်းက သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်ကို ပြောကြားသည်။

ယင်းနောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်) ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးတင့်ဇော်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မျိုးထွန်းတို့က AML/CFT ဆိုင်ရာ အသိပညာမြှင့်တင်ရေးအကြောင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ လက်ထောက်ညွှန်ကြားရေးမှူး ဦးနေထက်အောင်က စည်ပင်မြေယာဥပဒေအကြောင်း၊ ပြည်တွင်းအခွန်များဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်သဇင်မင်းမြတ်က အိမ်ခြံမြေရောင်းခွန်/ဝယ်ခွန်များအကြောင်း စသည်တို့ကို အသီးသီးသင်ကြားပို့ချပေးကြကြောင်း သိရသည်။

ဝန်းရံခ

## နေရာကွက်ကျားမိုးရွာနိုင်

နေပြည်တော် မတ် ၁၀


နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာနိုင်သည်။

(မိုး/ဇလ)

# ခိုင်မာသောယုံကြည်ချက်နှင့်အတူ

ပြည်စိုးညိမ်း

နှစ်နိုင်ငံ အရေးအတွက်
အလေးအနက် ဆွေးနွေးကာ၊
အကျိုးတူ လုပ်ငန်းများ
တိုးပွားဖို့ပါ၊
ကြွယ်ဝတဲ့ နည်းပညာ
မျှဝေကာ ဖြည့်ဆည်း။
ရွှေလမ်းမှာ ငွေလမ်းဆင့်လို့
လမ်းဖွင့်သည်တည်း။



မြန်မာနှင့် ရုရှားနိုင်ငံ၏ မိတ်ဆွေရင်းချာဆက်ဆံရေးမှာ ၁၉၄၈ ခုနှစ်ကတည်းကပင် စတင်သန္ဓေတည်ခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီး ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်တွင် မြန်မာ-ရုရှား နှစ်နိုင်ငံသံတမန်ဆက်ဆံရေးစတင်ခဲ့ခြင်းဖြစ်သည်။ ယခုအခါ မြန်မာ-ရုရှား ဆက်ဆံရေးမှာ ၇၇ နှစ်ကိုပင်ကျော်လွန်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံသည် ကမ္ဘာပေါ်တွင် နယ်မြေအကြီးမားအကျယ်ပြန့်ဆုံးနိုင်ငံတစ်ခုဖြစ်သလို ဩဇာအကြီးမားဆုံးနိုင်ငံတစ်ခုလည်းဖြစ်သည်။ လက်ရှိ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin တာဝန်ယူထားသည့်ကာလများအတွင်း ကမ္ဘာ့ထိပ်တန်းနိုင်ငံအဖြစ် ပိုမိုတိုးတက်ရောက်ရှိလာသည်။

နိုင်ငံတော်အကြီးအကဲ ဦးဆောင်သော မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin ၏ဖိတ်ကြားချက်အရ ၂၀၂၅ ခုနှစ် မတ်လ ၃ ရက် ဒေသစံတော်ချိန် ညနေပိုင်းမှစတင်၍ မော်စကိုမြို့သို့ နိုင်ငံတော်အဆင့် တရားဝင်ချစ်ကြည်ရေးခရီးစဉ် ရောက်ရှိနေခြင်းဖြစ်သည်။

ခရီးစဉ်၏ ဒုတိယနေ့တွင် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့မှာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး Mr. Sergey Kuzhugetovich Shoigu နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ဒူးမားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Vyacheslav Volodin နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ဖက်ဒရယ်ကောင်စီလွှတ်တော်ဥက္ကဋ္ဌ H.E. Ms. Valentina Matviyenko နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ အစိုးရအဖွဲ့ဝန်ကြီးချုပ် H.E. Mikhail Vladimirovich Mishustim နှင့် တွေ့ဆုံဆွေးနွေးခြင်းတို့ဖြင့် တစ်နေ့တာလုံး အချိန်ကိုအကျိုးရှိစွာ ကုန်ဆုံးစေခဲ့သည်။


ဒေသစံတော်ချိန် ညနေပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin နှင့် သီးခြားတွေ့ဆုံဆွေးနွေးရန် လုံခြုံရေးယာဉ်တန်းခြံရံထားသော အထူးယာဉ်တန်းဖြင့် ကရင်မလင်နန်းတော်သို့ ထွက်ခွာခဲ့သည်။

ကရင်မလင်သည် ကမ္ဘာပေါ်တွင် ထင်ရှားသော အရပ်ဌာနေတစ်ခုဖြစ်သည်။ နိုင်ငံတော်အာဏာအရပ်ရပ်တို့တည်ရာအဖြစ် အမေရိကန်၌ "အိမ်ဖြူတော်" အား နာမ်စားသုံးစွဲသကဲ့သို့ ရုရှားနိုင်ငံအတွက် "ကရင်မလင်" ကို ကိုယ်စားပြုသုံးစွဲလေ့ရှိသည်။

ကရင်မလင်မှာ မော်စကိုမြို့ကို ရည်ညွှန်းပြီး မြို့တော်ကြီးဟုအဓိပ္ပာယ်ရသည်။ မော်စကိုမှာ သမိုင်းဝင်မြို့တစ်မြို့ဖြစ်၍ မြို့ဟောင်းနေရာမှာ ၁၈၁၂ ခုနှစ်က နပိုလီယံတပ်များ ဝင်ရောက်ဖျက်ဆီးရာမှ ကြွင်းကျန်ခဲ့ခြင်းဖြစ်သည်။ ကရင်မလင်ရပ်ကွက်တွင် ရှေးဘုရင်တို့၏ နန်းတော်ဆောင်များနှင့် ရွှေရောင်ပေါင်းမိုးဘုံအဆင့်များတပ်ဆင်ထားသည့် ၁၅ ရာစု၊ ၁၆ ရာစု ဗိသုကာလက်ရာဝတ်ကျောင်းကြီးများရှိသည်။

ကရင်မလင်နှင့်တွဲလျက်တည်ရှိသော ရင်ပြင်နီ (Red Square) ကို မော်စကို၏အသည်းနှလုံးဟုပင် တင်စားခေါ်ဝေါ်ကြသည်။ ရာဇဝင်တွင်မည့် ကြီးမားသောအဖြစ်အပျက်ကြီးများ၊ သမိုင်းအလှည့်အပြောင်းများမှာ သည်ရင်ပြင်နီပေါ်တွင် ဖြတ်သန်းစီးဆင်းခဲ့ကြခြင်းဖြစ်သည်။

နိုင်ငံတော်အကြီးအကဲဦးဆောင်သော အဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့ကို ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတက အိမ်ရှင်၏ကြိုလင့်မှုဖြင့်စောင့်စား၍ ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်သည်။ ခေါင်းဆောင်နှစ်ဦး၏တွေ့ဆုံနှုတ်ဆက်မှုမှာ ဖက်လဲတကင်းရှိလှသည်။ ရင်းချာသောအသွင်ရှိ၍ လေးနက်သောအဓိပ္ပာယ်ကိုဆောင်သည်။ တစ်ခဏသော လက်ဆွဲနှုတ်ဆက်မှုတွင် အဓိပ္ပာယ်များစွာပါ၍ ခေါင်းဆောင်နှစ်ဦး၏အပြုံးမှာ အသက်ဝင်လွန်းလှသည်။ စီမံခန့်ခွဲနေရသည့် ခေါင်းဆောင်နှစ်ဦး၏ ယုံကြည်ချက်၊ ခံယူချက်နှင့် ကြိုးပမ်းချက်များကို တင်းတင်းဆွဲကိုင်လိုက်ကြသောလက်အစုံတွင် တွေ့မြင်နိုင်သည်။



အိမ်ရှင်နှင့် ဧည့်ကောင်းဆောင်ကောင်း ခေါင်းဆောင်နှစ်ဦးတို့၏ သီးခြားတွေ့ဆုံဆွေးနွေးမှုသည် မကြာမီကာလတွင် စတင်တော့မည်ဖြစ်သည်။

အိမ်ရှင်နိုင်ငံ့ခေါင်းဆောင်၏ ကနဦးစကားတွင် ဒုတိယအကြိမ်ထပ်မံတွေ့ဆုံရသည့်အတွက် ဝမ်းမြောက်ကြောင်းနှင့် ယခုခရီးစဉ်မှသည် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်းဖြင့် စသည်။ ဆက်လက်ပြောကြားမှုတွင် မြန်မာနိုင်ငံအပေါ် ရုရှားနိုင်ငံ၏သဘောထားနှင့် အလေးအနက်ထားမှုက ကျေနပ်ဖွယ်ကောင်းလှသည်။

ယခုခရီးစဉ်အတွင်းမှာပင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများအတွက် သဘောတူစာချုပ်များကို လက်မှတ်ရေးထိုးနိုင်မည်ဟုဆိုသည်။ အရာရာသည် ကြောင်းကျိုးဆက်နွှယ်မှုမှကင်း၍ မဖြစ်စကောင်း။ အကြောင်းရှိ၍ အကျိုးထင်ရခြင်းပင်။ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ခြင်း၏ ရလဒ်ကောင်းများမှာ သိသိသာသာမြင့်တက်နေပြီဖြစ်သည်။ အိမ်ရှင်နိုင်ငံ့ခေါင်းဆောင်က နှစ်နိုင်ငံကုန်သွယ်မှုလုပ်ငန်းများမှာ ယခင်ကထက် ပိုမိုတိုးတက်လာပြီဖြစ်ကြောင်း၊ ရုရှားနှင့်မြန်မာမှာ နိုင်ငံတကာမျက်နှာစာတွင်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ဆက်လက်ညွှန်းဆိုသည်။

နိုင်ငံတော်အကြီးအကဲကလည်း အပြန်အလှန်ကျေးဇူးတုံ့ပြန်စကားဖြင့်စသည်။ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးကာလကို ညွှန်းဆိုရင်း ထူးခြားသည့်သမိုင်းကြောင်းရှိသည့်ဆက်ဆံရေးအဖြစ် ဂုဏ်ပြုစကားဆိုသည်။ ရုရှားနိုင်ငံမှာ ခရီးဝေးကွာသော်လည်း မြန်မာနိုင်ငံအတွက် ချစ်ကြည်ရင်းနှီးသည့် မိတ်ဆွေကောင်း၊ မိတ်ဆွေဟောင်းနိုင်ငံတစ်နိုင်ငံဖြစ်ကြောင်းကို အလေးအနက်စကားဆိုသည်။ ယခုတွေ့ဆုံမှုမှာ နိုင်ငံ့ခေါင်းဆောင်နှစ်ဦးအတွက် ဒုတိယအကြိမ်တွေ့ဆုံမှုဖြစ်သည်။ ပြီးခဲ့သော ၂၀၂၂ ခုနှစ်အတွင်းက (၇)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်တွင် တွေ့ဆုံဆွေးနွေးခဲ့ကြပြီးဖြစ်သည်။ ကောင်းမွန်သောရလဒ်ကောင်းများထွက်ပေါ်လာအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြပြီးလည်းဖြစ်သည်။

ဆက်လက်၍ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့်ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေးကိစ္စရပ်များ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ ပညာသင်ကြားရေးကဏ္ဍ၊ ကာကွယ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍနှင့် အခြားကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို အကျယ်တဝင့် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ကဏ္ဍပေါင်းစုံဟူသောအသုံးအနှုန်းက ကျယ်ပြန့်လှသည်။ ကဏ္ဍတစ်ခုတည်း၊ အနည်းငယ်မျှသောကဏ္ဍ၊ ကဏ္ဍအချို့စသည့် ကန့်သတ်ချက်မပါ။ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များတွင် ကဏ္ဍပေါင်းစုံဟုသုံးနှုန်းသည်။ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ ပညာရေး၊ ကျန်းမာရေး အစရှိသည့် ကဏ္ဍနယ်ပယ်ကမနည်းလှ၊ တစ်ပွင့်တည်းသောပန်းအတွက် ရည်ရွယ်၍ ဆွေးနွေးနေကြခြင်းမဟုတ်။ ပန်းပေါင်းစုံသောပန်းခင်းကြီးအဖြစ် ရည်ရွယ်ရှုမြင်သည်ဟု ဆိုနိုင်သည်။

ဆွေးနွေးမှုသည် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကိုအရင်းတည်၍ တိုးတက်ခြင်းဟူသော အပြုသဘောကိုဆောင်သည့်ဘက်သို့ လှမ်းသည်။ နယ်ပယ်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံအတွက်ရလိုက်သည့်အကျိုးရလဒ်ကားမနည်းလှ။ **စာမျက်နှာ ၁၂ သို့** ■

■ **စာမျက်နှာ ၁၁ မှအဆက်**

ထို့နောက် နိုင်ငံ့ခေါင်းဆောင်နှစ်ဦးသည် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်သည်။

ဆွေးနွေးပွဲတွင် နိုင်ငံတော်အကြီးအကဲနှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီးညိုစော၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးသန်းဆွေ၊ ဗိုလ်ချုပ်ကြီးမိုးအောင်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်းတို့ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတနှင့်အတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ၏ နိုင်ငံခြားရေးမူဝါဒဆိုင်ရာ ပြည်ပဆက်ဆံရေးလက်ထောက်အရာရှိ၊ စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး၊ တာဝန်ရှိသူများနှင့် အစိုးရအဖွဲ့အကြီးအကဲများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် နှစ်နိုင်ငံဝန်ကြီးများက ပညာရေးနှင့်ကျန်းမာရေးကဏ္ဍ၊ သိပ္ပံနှင့်နည်းပညာကဏ္ဍ၊ ကုန်ထုတ်လုပ်မှုနှင့်ကုန်သွယ်မှုကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ အာကာသသိပ္ပံနှင့်နည်းပညာပူးပေါင်းဆောင်ရွက်ရေးကဏ္ဍနှင့် အခြားပူးပေါင်းဆောင်ရွက်နိုင်သည့်ကဏ္ဍများနှင့်ပတ်သက်၍ အပြန်အလှန်ဆွေးနွေးကြသည်။ သက်ဆိုင်ရာဝန်ကြီးများ၏ ဆွေးနွေးမှုများအပေါ် နိုင်ငံတော်အကြီးအကဲနှင့်ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတတို့က ထပ်မံဖြည့်စွက်ဆွေးနွေးပေးသည်။

နှစ်နိုင်ငံခေါင်းဆောင်နှစ်ဦး၏ချစ်ကြည်ရင်းနှီးမှုကိုအခြေခံ၍ အပြုသဘောဆောင်သော ဆွေးနွေးချက်များမှာ နိုင်ငံနှင့်လူမျိုးအတွက် ကျေနပ်အားရဖွယ်ပင်ဖြစ်သည်။ အချုပ်အခြာအာဏာခိုင်ခံ့တည်မြဲရေး၊ နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဘဝမြင့်မားတိုးတက်ရေးတို့အတွက် အပြန်အလှန်ကတိကဝတ်များနှင့် အားပေးထောက်ခံရပ်တည်မှုများမှာ သမနိုရှည်ကြာခဲ့ပြီဖြစ်သည့် နှစ်နိုင်ငံဆက်ဆံရေး၏ အနှစ်သာရကို ထပ်လောင်း၍ အဓိပ္ပာယ်ပြည့်ဝလေးနက်စေခဲ့သည်။

တစ်ဆက်တည်းမှာပင် နှစ်နိုင်ငံအစိုးရနှစ်ရပ်အကြား သဘောတူညီချက်များနှင့် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးလဲလှယ်ခြင်းအခမ်းအနားကို ကျင်းပပြုလုပ်သည်။

နှစ်နိုင်ငံအကြား ပညာရေးအရည်အချင်းသတ်မှတ်ချက်နှင့် ပညာရပ်ဆိုင်ရာဘွဲ့၊ ဒီဂရီများ အပြန်အလှန်အသိအမှတ်ပြုရေးဆိုင်ရာ သဘောတူစာချုပ်၊ အကောက်အခွန်ဆိုင်ရာ သဘောတူညီချက်များ၊ ကျန်းမာရေးဆိုင်ရာ နားလည်မှုစာချွန်လွှာများ၊ ယဉ်ကျေးမှုနှင့် အားကစားကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ခြင်း စာချွန်လွှာများ၊ အဏုမြူစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြုရာတွင် နျူကလီးယားနှင့် ဓာတ်ရောင်ခြည်ဘေးအန္တရာယ်ကင်းရှင်းရေး စည်းမျဉ်းဥပဒေနယ်ပယ်၌ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာများ၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဆိုင်ရာ စီးပွားရေးနှင့်နည်းပညာပူးပေါင်းဆောင်ရွက်ရေးနားလည်မှုစာချွန်လွှာများ၊ ငြိမ်းချမ်းသောရည်ရွယ်ချက်ဖြင့် ပြင်ပအာကာသစူးစမ်းလေ့လာရေးနှင့် အသုံးပြုမှုနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာနှင့် နှစ်နိုင်ငံအကြားရင်းနှီးမြှုပ်နှံမှုများမြှင့်တင်ရေးနှင့် အကာအကွယ်ပေးရေးဆိုင်ရာ သဘောတူညီချက်စာချုပ်(မူကြမ်း) အပေါ် ဆွေးနွေးညှိနှိုင်းမှုအောင်မြင်စွာပြီးမြောက်ခြင်းနှင့်စပ်လျဉ်းသည့် ပူးတွဲကြေညာချက်တို့ပင်ဖြစ်သည်။



ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးများက ရုရှားဖက်ဒရေးရှင်းနိုင်ငံဘက်မှ သက်ဆိုင်ရာဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် နိုင်ငံ့ခေါင်းဆောင်နှစ်ဦးတို့၏ ရှေ့မှောက်တွင် အသီးသီးလက်မှတ်ရေးထိုး၍ လဲလှယ်ခဲ့ကြသည်။

လေးစားထိုက်သော လုပ်ငန်းမှန်သမျှတွင် ဖြတ်လမ်းဟူ၍ မရှိ။ အဆင့်ဆင့်ဆောင်ရွက်ရသည်သာဖြစ်၏။ နှစ်နိုင်ငံခေါင်းဆောင်များ၏ တွေ့ဆုံဆွေးနွေးမှုကနဦးရလဒ်အဖြစ် နှစ်နိုင်ငံပူးတွဲကြေညာချက်များကို မီဒီယာများသို့ အပြန်အလှန်ပြောကြားခဲ့သည်။ တစ်နည်းအားဖြင့် အတူယှဉ်တွဲ စဉ်မြဲချစ်ကြင်စွာရှိနေကြသည့် နိုင်ငံနှစ်နိုင်ငံမှ ကမ္ဘာကြီးသို့ သတင်းစကားပါးလိုက်ခြင်းဟုလည်း ဆိုနိုင်မည်ထင်သည်။

အိမ်ရှင်နိုင်ငံ့ခေါင်းဆောင်က သတင်းမီဒီယာသမားများရှေ့မှောက်တွင် နိုင်ငံတော်အကြီးအကဲ၏ ချစ်ကြည်ရေးခရီးစဉ်ကိုကြိုဆိုကြောင်းနှင့် နှစ်နိုင်ငံအကြား ယုံကြည်စိတ်ချရသည့် ဆက်ဆံရေးရှိကြောင်းအတိအလင်းဆိုသည်၊ဆက်လက်၍ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး အကောင်အထည်ဖော်ဆောင်ရွက်မှုများကို အဓိကထားဆွေးနွေးသွားသည်။

၁၉၄၈ ခုနှစ်ကစပြီး ရုရှားနိုင်ငံသည် မြန်မာနိုင်ငံလွတ်လပ်ရေးကို ပထမဆုံးအသိအမှတ်ပြုခဲ့ကြောင်း၊ ပညာရှင်များ၏ အကူအညီဖြင့် မြန်မာနိုင်ငံ၏ပညာရေးနဲ့ ကျန်းမာရေးနယ်ပယ်တွင် အရေးကြီးသည့်စီမံကိန်းများ အကောင်အထည်ဖော်နိုင်ခဲ့ကြောင်း၊ အခုလက်ရှိတွင်လည်း ရုရှားနိုင်ငံက မြန်မာစက်မှုစီးပွားရေးအခန်းကဏ္ဍများတွင် အကူအညီပေးလျက်ရှိကြောင်း၊ ပြည်တွင်းရေးအခြေအနေကိစ္စရပ်များ ကောင်းမွန်စေရန်အတွက်ကိုလည်း ထောက်ခံအားပေးနေကြောင်း ပူးတွဲကြေညာချက်ထုတ်ပြန်ခဲ့သည်။

လွန်ခဲ့သည့်နှစ်မှစ၍ ၄၀ ရာခိုင်နှုန်းခန့်တိုးမြှင့်ခဲ့သည့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြင့်မားတိုးတက်လာပုံကို မီးမောင်းထိုးပြသည်။ အပြန်အလှန်ကုန်သွယ်ရေးတိုးတက်မြင့်မားစေရန် အဆင်သင့်ရှိနေကြောင်း လမ်းဖွင့်ပြောဆိုသည်။

ဆိုခဲ့သလိုပင် မြေပြင်၌လည်း နှစ်နိုင်ငံအစိုးရအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုကော်မရှင်က တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်နေသည်မှာ လက်တွေ့သာဓကတစ်ရပ်ဖြစ်၏။ မကြာသေးခင်ကပင် ကုန်သွယ်ရေးကော်မရှင်အစည်းအဝေးကို နေပြည်တော်တွင် ကျင်းပနိုင်ခဲ့သည်။

စွမ်းအင်အခန်းကဏ္ဍအတွက် အရေးကြီးဆုံးသော မဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်နိုင်မှုမှာ မြန်မာနိုင်ငံတွင် အသေးစားအဏုမြူဓာတ်အားပေးစက်ရုံဆောက်လုပ်ရေးအတွက်သဘောတူညီခဲ့ခြင်းဖြစ်သည်။ လျှပ်စစ်ဓာတ်အားပေါပေါများများပေးနိုင်တော့မည့်အစီအစဉ်ပင်ဖြစ်သည်။ လျှပ်စစ်ဓာတ်အားနှင့်ဆက်စပ်၍ စီးပွားရေး၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် ပညာရပ်ပိုင်းဆိုင်ရာများအထိပါ လွှမ်းခြုံအကျိုးပြုစေနိုင်မှာ အသေအချာပဲဖြစ်သည်။ အခြားသောစက်မှုနှင့် အဆင့်မြင့်နည်းပညာနယ်ပယ်များတွင်လည်း ပူးတွဲစီမံကိန်းတစ်ရပ်ဖြင့် အကောင်အထည်ဖော်လျက်ရှိသည်။

ရုရှားနိုင်ငံ၏ အာကာသနယ်ပယ်အောင်မြင်မှုနှင့်ပတ်သက်၍ မိမိတို့နိုင်ငံကို ကူညီနိုင်မည့် အခန်းကဏ္ဍ၊ ယဉ်ကျေးမှုနယ်ပယ်နှင့် လူသားချင်းစာနာမှုနယ်ပယ်တို့တွင် ပူးပေါင်းဆောင်ရွက်မည့်အကြောင်းပြောသည်။ နိုင်ငံ့ခေါင်းဆောင်တို့သည် အပြန်အလှန် ဘာသာရေးဆိုင်ရာဌာနများခွင့်ပြုစေခြင်းဖြင့် သဘောထားကြီးမြင့်မှုနှင့် နှလုံးရည်ထက်မြက်မှုကို ပြသသည်။

မိမိတို့နိုင်ငံသည် လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သောနိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးသည့်၊ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်းမိတ်ဝတ်မပျက်သည့် ပေါင်းဖက်ဆက်ဆံရေးကိုသာရှေးရှုသောနိုင်ငံဖြစ်သည်။ အိမ်ရှင်နိုင်ငံ့ခေါင်းဆောင်က နိုင်ငံတကာပြဿနာအများစုနှင့်ပတ်သက်၍ ရုရှား-မြန်မာ ရပ်တည်ချက်များ ကိုက်ညီကြောင်းဆိုသည်။ သူ့အနေဖြင့် အပြုသဘောဆောင်သည့် လုပ်ဆောင်ချက်များမှတစ်ဆင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးနယ်ပယ်အသီးသီးတွင် ဆတက်ထမ်းပိုးတိုးတက်လာမည်ဟု ခိုင်ခိုင်မာမာယုံကြည်ကြောင်း ပြောဆိုသွားသည်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ၏ တည်ငြိမ်သည့်အပြောတွင် ရည်မှန်းချက်ပါသည်ကို သတိပြုမိသည်။

နိုင်ငံတော်အကြီးအကဲက ရုရှားနိုင်ငံမှာအရေးပါပြီး ယုံကြည်ရသည့် မိတ်ဆွေနိုင်ငံဖြစ်သဖြင့် အပြန်အလှန်ယုံကြည်မှု၊ နားလည်မှု၊ လေးစားမှုများနှင့် အခြေခံတည်ဆောက်ထားသည့် နှစ်နိုင်ငံဆက်ဆံရေးကို အထူးတန်ဖိုးထားပါကြောင်း မီဒီယာများရှေ့မှောက်တွင် အလေးအနက်ထားပြောသည်၊အကြီးအကဲက နှစ်နိုင်ငံအကြား ၇၇ နှစ်ကျော်ကြာမြင့်ခဲ့ပြီဖြစ်သော သံတမန်ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှုတို့ ပိုမိုနက်ရှိုင်းလာသည့်နည်းတူ နယ်ပယ်စုံ၌ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအောင်မြင်တိုးတက်လျက်ရှိသည်ကို ညွှန်းဆိုခြင်းဖြစ်သည်။

ခရီးစဉ်အတွင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတကြီးနှင့် နှစ်နိုင်ငံ၏ နိုင်ငံတကာအခြေအနေအရပ်ရပ်အပေါ် ကျယ်ပြန့်စွာဆွေးနွေးနိုင်ခဲ့မှုကိုလည်း မမေ့မကျန်စကားဆိုသည်။ ထို့အတူ ရုရှားနိုင်ငံအစိုးရအဖွဲ့ဝန်ကြီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌနှစ်ဦးတို့နှင့် တွေ့ဆုံဆွေးနွေး၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးနှင့် နှစ်နိုင်ငံဆက်ဆံရေးပိုမိုမြှင့်တင်ရေးတို့အတွက်အခြေအနေကောင်းများကိုလည်း ပြောကြားသည်။ အကြီးအကဲညွှန်းဆိုသကဲ့သို့ပင် မိတ်ဆွေကောင်း၊ မိတ်ဆွေဟောင်းနိုင်ငံများပီပီ နှစ်ဖက်ယုံကြည်စိတ်ချစွာ ဆွေးနွေးနိုင်မှုများကြောင့် သဘောတူညီချက် ၁၀ ခုကို လက်မှတ်ရေးထိုးနိုင်ခဲ့ပြီဖြစ်သည်။ ခရီးစဉ်အတွင်းမှာပင် စိန့်ပီတာစဘတ်မြို့နှင့် နိုဗိုစီဗစ်မြို့တွင် မြန်မာကောင်စစ်ဝန်ရုံးများကို တရားဝင်ဖွင့်လှစ်သွားမည်ဖြစ်သည်။ သို့အတွက် နှစ်နိုင်ငံအကြား ဆွေးနွေးဖလှယ်မှုများနဲ့ ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးချဲ့ဆောင်ရွက်သွားနိုင်မည်ဖြစ်သည်၊ ကုန်သွယ်ရေး၊ စီးပွားရေး၊ ကာကွယ်ရေး၊ သိပ္ပံနှင့်နည်းပညာ၊ လျှပ်စစ်စွမ်းအား၊ စက်မှုနှင့်စွမ်းအင်ကဏ္ဍတို့အပါအဝင် အကျိုးတူကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုများတွင် ရရှိပြီးဖြစ်သောအခြေအနေကောင်းများကို ဆက်လက်သယ်ဆောင်၍ အရှိန်အဟုန်တိုးမြှင့်နိုင်တော့မည်ဖြစ်သည်။

ရုရှားနိုင်ငံ၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးနှင့် ကမ္ဘာကြီးတည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်နေသည့်ကိစ္စရပ်မှန်သမျှကို မြန်မာနိုင်ငံက အပြည့်အဝရပ်တည်ကြောင်းနှင့် နောင်အနာဂတ်ကာလတွင်လည်း နှစ်နိုင်ငံအကြား အပြည်ပြည်ဆိုင်ရာမျက်နှာစာတွင် နီးကပ်စွာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိုင်ငံတော်အကြီးအကဲက လေးနက်တည်ကြည်စွာ ထပ်လောင်းပြောကြားသည်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတကြီးအား အခါအခွင့်သင့်သည့်အခါတွင် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးလာရောက်နိုင်ရန် အပြန်အလှန်ဖိတ်မန္တကပြုခြင်းအားဖြင့် နှစ်နိုင်ငံ ပူးတွဲကြေညာခြင်းအစီအစဉ်ကို လှပစွာအနားသတ်လိုက်လေသည်။

ပြင်ပရှိ ဩကာသလောကဓာတ်တစ်ခွင်၌ နေ့တစ်နေ့ကုန်ဆုံးတော့မည်ဖြစ်သော်လည်း နိုင်ငံ့ခေါင်းဆောင်များ၏ သတင်းစကားကို စောင့်မျှော်နေကြသော သက်ဆိုင်ရာပြည်သူတို့၏ ရင်တွင်းကိုယ်စီ၌မူ ပိုမိုအားကောင်းသော မျှော်လင့်ချက်ရောင်စဉ်တန်းများဖြင့် လင်းလက်တောက်ပနေကြလိမ့်မည်ဟု....။ ။

# ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ဆီထွက်သီးနှံစိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုအောင်မြင်ရေး ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ကွင်းဆင်းစစ်ဆေး



**နေပြည်တော်  မတ်  ၁၀**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ဆီထွက်သီးနှံစိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုအောင်မြင်ရေးကွင်းဆင်းစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းကျေးရွာသို့ သွားရောက်ပြီး ကျေးရွာယာယီရှင်းလင်းဆောင်၌ လယ်ယာဂုဏ်ဆောင် စိုက်ပျိုးရေးနှင့်အထွေထွေစီးပွားရေးသမဝါယမအသင်း အသင်းအမှုဆောင်များ၊ ဆီထွက်သီးနှံနေကြာစိုက်တောင်သူများနှင့်တွေ့ဆုံပြီး သမဝါယမအသင်းမှစိုက်ပျိုးထားသောဆောင်းနေကြာစိုက်ခင်းများမှထွက်ရှိလာသော နေကြာများကို သမဝါယမအသင်းပိုင် ဆီစက်များမှ ပွဲစားမလိုဘဲ ဒေသပေါက်ဈေးနှုန်းဖြင့် တိုက်ရိုက်ဝယ်ယူ ကြိတ်ခွဲပေးနိုင်ရေး ချိတ်ဆက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးပြောကြားကာ အသင်းသားတောင်သူများ၏တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဆောင်းနေကြာစိုက်ပျိုးထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက်ပုဗ္ဗသီရိမြို့နယ်သားတင်ဦးအထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်းလီမိတက်နှင့် ကျောက်စိမ်းလယ်ယာနှင့်အထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်းလီမိတက်တို့ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အိမ်ရှင်မဆီစက်လည်ပတ်နေမှု အခြေအနေများကိုလည်းကောင်း၊ စမ်းဝတီသဘာဝမြေဩဇာစက်ရုံလည်ပတ်နေမှုအခြေအနေများကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက စက်ရုံမှထွက်ရှိသော သဘာဝမြေဩဇာများကို ဈေးကွက်ရရှိရေး ကြိုးစားဆောင်ရွက်သွားရန်နှင့် သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့်လည်း သမဝါယမအသင်းသားတောင်သူများနှင့်ချိတ်ဆက်ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ (ဖြဝ)

# ရန်ကုန်တိုင်းဒေသကြီး၌ ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့အခမ်းအနားကျင်းပ



**ရန်ကုန်  မတ်  ၁၀**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးကကြီးမှူးကျင်းပသည့် ၂၀၂၅ ခုနှစ် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ (World Consumer Rights Day) အခမ်းအနားကို "လူနေမှုဘဝအစဉ်တည်တံ့ဖို့ မျှတအသွင်ကူးပြောင်းစို့" ဆောင်ပုဒ်နှင့်အညီ ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် မင်္ဂလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများမှတာဝန်ရှိသူများ၊ မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌ၊ ညီနောင်အသင်းများမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့နှင့်ပတ်သက်သည့် Video Clip ကို ပြသသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက အမှာစကားပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဒုတိယဥက္ကဋ္ဌ ဒေါက်တာမျိုးသက်က နှုတ်ခွန်းဆက်စကားပြောကြားပြီး စားသုံးသူရေးရာဦးစီးဌာန သမီးပျိုများက အကအလှဖြင့် ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေး၍ ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်သည်။

ဆက်လက်၍ စားသုံးသူရေးရာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးက တိုင်းဒေသကြီးဝန်ကြီးချုပ်အား ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အထိမ်းအမှတ်လက်ဆောင်ကိုပေးအပ်ပြီး ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသော စားသုံးသူရေးရာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးပြခန်း၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးပြခန်းနှင့် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် အခမ်းအနားဒုတိယပိုင်းကို ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီမှ အတွင်းရေးမှူးက အခမ်းအနားကျင်းပရခြင်း ရည်ရွယ်ချက်နှင့် ၂၀၂၄-၂၀၂၅ ခုနှစ်အတွင်း လုပ်ငန်းဆောင်ရွက်နိုင်မှုအခြေအနေများကို လည်းကောင်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(ရန်ကုန်)မှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာစုစုပိုင်က စားသုံးသူများသိသင့်သိထိုက်သည့် အကြောင်းအရာများကိုလည်းကောင်း၊ Food Science and Technology Association (FOSTA) မှ ဘဏ္ဍာရေးမှူး ဒေါက်တာရီရီမြင့်က စားသုံးသူများ သိသင့်သိထိုက်သည့် အကြောင်းအရာများကိုလည်းကောင်း ဟောပြောဆွေးနွေးကြသည်။

ယင်းနောက် ဟောပြောဆွေးနွေးသည့် အကြောင်းအရာများထဲမှ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကျင်းပခြင်းနှင့် ဆုလက်ဆောင်ချီးမြှင့်ခြင်းတို့ကို ဆောင်ရွက်ကြပြီး ရန်ကုန်တိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီမှ အတွင်းရေးမှူးက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(ဖြဝ)

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် (၁၁)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပ

**နေပြည်တော်  မတ်  ၁၀**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ (၁၁) နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ရုံး စုပေါင်းခန်းမ၌ကျင်းပရာ ကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေး၊ အတွင်းရေးမှူး၊ ကော်မရှင်အဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကော်မရှင်အတွင်းရေးမှူး ဦးတင်ဆွေဝင်းက ၁၁ နှစ်တာကာလအတွင်း ကော်မရှင်ရုံး၏ လုပ်ငန်းတာဝန်များကို ကျရာကဏ္ဍတွင် ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည့်ဝန်ထမ်းများအားလုံးကို ကျေးဇူးတင်ရှိကြောင်း၊ ကော်မရှင်အနေဖြင့် ဝန်ထမ်းများ လုပ်ငန်းခွင်အတွင်း ပျော်ရွှင်အောင် ဖန်တီးဆောင်ရွက်ပေးလျက်ရှိပြီး ဝန်ထမ်းသက်သာချောင်ချိရေးနှင့် ဝန်ထမ်းများ၏အခက်အခဲများကို အမြဲတမ်းစဉ်းစားဖြေရှင်းပေးနေသကဲ့သို့ ဝန်ထမ်းများအနေဖြင့်လည်း တာဝန်ထမ်းဆောင်ရာတွင် အထက်အောက် ဆက်ဆံရေးကောင်းမွန်ပြီး မိမိတာဝန်ယူဆောင်ရွက်ရသည့် လုပ်ငန်းများအပေါ် တာဝန်ကျေပွန်စွာ ထမ်းဆောင်ကြရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ကော်မရှင်အတွင်းရေးမှူးက နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်တွင် ဖွင့်လှစ်သည့်သင်တန်းများ၌ ထူးချွန်စွာအောင်မြင်ခဲ့သည့် ကော်မရှင်ရုံးဝန်ထမ်းများကို ဆုများချီးမြှင့်ခဲ့ပြီး ကော်မရှင်အဖွဲ့ဝင် ဦးကျော်ဝင်းသိန်းက အိမ်ရာ/ အဆောင်များအလိုက် ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးဆောင်ရွက်မှု၊ သီးပင်၊ စားပင်များ စုပေါင်းစိုက်ပျိုးမှုနှင့် စည်းကမ်းကောင်းမွန်မှုတို့အတွက် ပထမ၊ ဒုတိယ၊ တတိယ၊ နှစ်သိမ့်ဆုများရရှိခဲ့သည့် အိမ်ရာ၊ အဆောင်တာဝန်ခံများကို ဆုချီးမြှင့်သည်။ ယင်းနောက် ဗလာမပါကံစမ်းမဲဖောက်ချီးမြှင့်ပေးခြင်းဖြင့် ပျော်ရွှင်စွာကျင်းပခဲ့ကြောင်း သိရသည်။ (ဖြဝ)




| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၀˚c | / | ၃၇˚c |
| ရန်ကုန် | ၂၄˚c | / | ၃၇˚c |
| မန္တလေး | ၂၀˚c | / | ၃၇˚c |

လျှပ်စစ်မီးကို

ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို

ချွေတာကြပါစို့

**မြန်မာ့ ပင်လယ်ပြင် အခြေအနေ**

နေပြည်တော် မတ် ၁၀

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၄ ပေမှ ၇ ပေခန့်ရှိနိုင်သည်။

(မိုး/ဇလ)

## PJ နိုင်ငံကူးလက်မှတ်ဖြင့် ပြည်ပနိုင်ငံများသို့ ထွက်ခွာမည့်သူများအား အသိပေးခြင်း

(၁၀ - ၃ - ၂၀၂၅)

၁။ **PJ နိုင်ငံကူးလက်မှတ်နှင့် ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ် (OWIC) လက်ဝယ်ရှိနေသူများသည်** အေဂျင်စီအစီအစဉ်ဖြင့်သော်လည်းကောင်း၊ မိမိအစီအစဉ်(ကျွမ်းကျင်) ဖြင့်သော်လည်းကောင်း၊ ခွင့်ပြန်လာသဖြင့် ခွင့်ရက်စေ့ကာ ပြန်လိုခြင်းကြောင့်သော်လည်းကောင်း ပြည်ပနိုင်ငံများသို့ထွက်ခွာမည်ဆိုပါက အလုပ်သမားဝန်ကြီးဌာနသို့ အောက်ပါစာရွက်စာတမ်းများနှင့်အတူ Online မှတစ်ဆင့်လျှောက်ထားကာ (လူကိုယ်တိုင်လာရောက်ခြင်းမပြုရန်) ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်ရန်အတွက် ခွင့်ပြုချက်ကိုရယူရမည်ဖြစ်ပါသည်-

(က) အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့လိပ်မူ၍ ပြည်ပသို့သွားရောက် အလုပ်လုပ်ကိုင်ရန်အတွက် ခွင့်ပြုချက်ကိုရယူရန် လျှောက်ထားသည့်စာ၊

( ခ ) နိုင်ငံကူးလက်မှတ်မိတ္တူ (ဓာတ်ပုံပါစာမျက်နှာနှင့် နေထိုင်ခွင့်သက်တမ်း စာမျက်နှာ)

( ဂ ) သက်တမ်းရှိနေသည့် ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံ ကတ် (OWIC) ရှေ့/နောက် မိတ္တူ၊

(ဃ) ခွင့်ပြန်အလုပ်သမားများဖြစ်ပါက သက်တမ်းရှိနေသည့် အလုပ်လုပ်ခွင့် ပါမစ်မိတ္တူနှင့် အလုပ်ရှင်မှ ခွင့်ဖြင့်နေရပ်သို့ပြန်ရန်ခွင့်ပြုသည့် ခွင့်စာ၊

( င ) အေဂျင်စီများအနေဖြင့် ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်ရန်အတွက် တင်ပြရာတွင် သက်ဆိုင်ရာနိုင်ငံအလိုက် လုပ်ငန်းဆောင်ရွက်နေသည့် သက်ဆိုင်ရာ Email များသို့တင်ပြရန်၊

( စ ) မိမိအစီအစဉ်ဖြင့် ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်ရန်အတွက် တင်ပြရာတွင် သတ်မှတ်အထောက်အထားများနှင့်အတူ migrantdeparture @gmail.com သို့ ပေးပို့လျှောက်ထားရန်၊

(ဆ) အနည်းဆုံး ရုံးပိတ်ရက် (မပါ) ၅ ရက်ကြိုတင်၍ လျှောက်ထားရန်။

၂။ ဝန်ကြီးဌာနအနေဖြင့် စိစစ်ပြီးနောက် ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်ရန်အတွက် ခွင့်ပြုသည့်စာရင်းများကို Safe Migration Telegram Channel တွင် ကြေညာပေးမည်ဖြစ်ပြီး သက်ဆိုင်ရာလေဆိပ်များသို့လည်း ပေးပို့ထားမည်ဖြစ်ပါသည်။ ဤအသိပေးကြေညာချက်ပါ လုပ်ငန်းစဉ်အား ၂၀၂၅ ခုနှစ်၊ မတ်လ ၁၇ ရက် (တနင်္လာနေ့) တွင် စတင်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

အလုပ်သမားဝန်ကြီးဌာန

## ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ် (OWIC) ပြုလုပ်လိုသူများအား အသိပေးခြင်း

(၁၀ - ၃ -၂၀၂၅)

၁။ အလုပ်သမားဝန်ကြီးဌာနအနေဖြင့် ယခုကာလအတွင်း ပြည်ပနိုင်ငံများသို့ အလုပ်လုပ်ရန်ထွက်ခွာမည့်သူများစာရင်းစိစစ်ခြင်း၊ OWIC ကတ်ထုတ်ပေးသောစက်များ၌ တပ်ဆင်ထားသည့် Software များပြုပြင်ခြင်း၊ OWIC ကတ် ထုတ်ပေးရေးစင်တာများ တစ်နေရာတည်းပေါင်းစည်းခြင်း၊ အလုပ်ရှင်/ အလုပ်သမား စာချုပ်ချုပ်ဆိုသည့်နေရာများတစုတစည်းတည်းဖြစ်အောင် ပြင်ဆင်ခြင်းစသည့် လုပ်ငန်းများဆောင်ရွက်လျက်ရှိသောကြောင့် OWIC ကတ် ထုတ်ပေးရေးလုပ်ငန်းစဉ်ကို ခေတ္တရပ်ဆိုင်း ခဲ့ပါသည်။

၂။ သို့ဖြစ်ပါ၍ OWIC ကတ်အသစ် ပြုလုပ်လိုသူများအား ၂၀၂၅ ခုနှစ်၊ မတ်လ ၂၀ ရက် (ကြာသပတေးနေ့) မှစ၍ အလုပ်သမား ဝန်ကြီးဌာနသို့တင်ပြထားသည့် အတည်ပြုပြီး အလုပ်ခေါ်စာများ (တင်ပြရက်စွဲ အစဉ်အလိုက်)အရ ပြည်ပသို့သွားရောက် အလုပ်လုပ်ကိုင်ရန်အတွက် ခွင့်ပြုချက်ရရှိပြီးသူများအားလည်းကောင်း၊ မိမိအစီအစဉ် (ကျွမ်းကျင်)ဖြင့်သွားရောက်မည့်သူများအား လည်းကောင်း စိစစ်ပြီး OWIC ကတ် ပြန်လည်ထုတ်ပေးမည်ဖြစ်ကြောင်း OWIC ကတ် ထုတ်ယူရရှိမှသာ လေယာဉ်လက်မှတ် ဝယ်ယူခြင်းကိုဆောင်ရွက်ကြရန်လိုအပ်ကြောင်း အသိပေးအပ်ပါသည်။

အလုပ်သမားဝန်ကြီးဌာန

## ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ

နေပြည်တော် မတ် ၁၀

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ၂-၃-၂၀၂၅ ရက် ည ၈:၀၀ နာရီမှ ၉-၃-၂၀၂၅ ရက် ည ၈:၀၀ နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၅၄၃၃ ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် မတွေ့ရှိရပါ။ အစီရင်ခံကာလ အတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာသတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း ကျန်းမာရေး ဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန မြန်မာနိုင်ငံ ရောဂါကာကွယ်ထိန်းချုပ်ရေး ဗဟိုဌာန(Myanmar CDC)မှသတင်းထုတ်ပြန် အပ်ပါသည်။

မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်
ရေးဗဟိုဌာန (Myanmar CDC)
ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊
ကျန်းမာရေးဝန်ကြီးဌာန

## ၂၀၂၅ ခုနှစ် မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်၊ နေပြည်တော် မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဦးစီးကော်မတီနှင့်ဆပ်ကော်မတီများ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် မတ် ၁၀

၂၀၂၅ ခုနှစ် မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် နေပြည်တော် မြို့တော်ဝန်မဟာသင်္ကြန် မဏ္ဍပ်အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဦးစီးကော်မတီနှင့် ဆပ်ကော်မတီများ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် စည်ပင်သာယာရေးကော်မတီ အစည်း အဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ မဟာသင်္ကြန်ကျင်းပ ရေးဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော် ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသန်းထွန်းဦး၊ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် ကျင်းပရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ သက်ဆိုင်ရာ ဆပ်ကော်မတီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဦးစွာ မဟာသင်္ကြန်ကျင်းပရေးဦးစီး ကော်မတီဥက္ကဋ္ဌက မြန်မာ့ရိုးရာမဟာ သင်္ကြန်ပွဲတော်ကို ယူနက်စကို၏ လူသား မျိုးနွယ်ဆိုင်ရာ ဒြပ်မဲ့ယဉ်ကျေးမှုအမွေ အနှစ်စာရင်းအဖြစ် အတည်ပြုသတ်မှတ်ပြီး ဖြစ်သည့်အတွက် ယခုနှစ်တွင်ကျရောက်မည့် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို နေပြည်တော်တွင် ယခင်နှစ်များထက်ပိုမို၍ ခမ်းခမ်းနားနားကျင်းပသွားမည်ဖြစ်ကြောင်း၊ ဖွဲ့စည်းထားသည့်ဆပ်ကော်မတီများအလိုက် မိမိတို့ဆောင်ရွက်ရမည့်အသေးစိတ်လုပ်ငန်း အစီအမံများကို ဆပ်ကော်မတီအချင်းချင်း ပေါင်းစပ်ညှိနှိုင်းချိတ်ဆက်ပြီး အောင်မြင် အောင်ဆောင်ရွက်ကြရန်၊ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို ရိုးရာယဉ်ကျေးမှု မပျက် ယဉ်ကျေးပျော်ရွှင်စွာပါဝင်ဆင်နွှဲကြ ပြီး အများပြည်သူများစိတ်ချမ်းမြေ့ပျော်ရွှင် စွာ အနားယူအပန်းဖြေနိုင်စေရန်အတွက် မဟာသင်္ကြန်ပွဲတော်ကို အောင်မြင်စွာ ကျင်းပနိုင်ရေး သက်ဆိုင်ရာဆပ်ကော်မတီ များမှတာဝန်ရှိသူများက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန်ပြောကြားသည်။

ယင်းနောက် မဟာသင်္ကြန်ကျင်းပရေး ဦးစီးကော်မတီအတွင်းရေးမှူး နေပြည်တော် စည်ပင်သာယာရေးကော်မတီ တွဲဖက် အတွင်းရေးမှူး ဦးဇော်မြင့်ဦးက ဦးစီး ကော်မတီနှင့် ဆပ်ကော်မတီများ ဖွဲ့စည်း ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် လုံခြုံရေးဆပ်ကော်မတီ၊ အခမ်းအနားပြင်ဆင်ရေး၊ ရေရရှိရေးနှင့် ရေပက်ကစားရေးဆပ်ကော်မတီ၊ ဖျော်ဖြေ ရေးနှင့် ပြန်ကြားရေးဆပ်ကော်မတီ၊ ကျန်းမာရေးနှင့်သန့်ရှင်းရေးဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီ၊ သယ်ယူပို့ဆောင်ရေး ဆပ်ကော်မတီ၊ ဘဏ္ဍာရေးဆပ်ကော်မတီ နှင့်ဧည့်ခံကျွေးမွေးရေး ဆပ်ကော်မတီတို့မှ တာဝန်ရှိသူများက ယခင်နှစ် မဟာသင်္ကြန် ပွဲတော် ကျင်းပဆောင်ရွက်ခဲ့မှုအပေါ် တွေ့ကြုံခဲ့ရသည့် အားသာချက်၊ အားနည်း ချက်များ၊ ယခုနှစ်တွင်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများနှင့်လက်ရှိဆောင်ရွက် ထားရှိမှုအခြေအနေများကို ရှင်းလင်း တင်ပြကြပြီး မဟာသင်္ကြန်ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်အမှာ စကားပြောကြားခဲ့ကြောင်း သိရသည်။

(၅၀၀)

လမ်းလျှောက်ခြင်းကြောင့် ခန္ဓာကိုယ်ရှိ သွေးကြောများ သွေးလည်ပတ်မှုကောင်းစေသည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း ရုရှားနိုင်ငံခရီးစဉ်မှ ပြန်လည်ရောက်ရှိစဉ် လူငယ်ကဏ္ဍ၊ မီဒီယာကဏ္ဍတို့နှင့်ပတ်သက်၍ မီဒီယာများ၏မေးမြန်းမှုများအပေါ် ပြန်လည်ဖြေကြားချက်



**လူငယ်ကဏ္ဍ**

**မေး။ ။ ရုရှားနိုင်ငံနှင့် ဘယ်လာရုစ်ကို သွားတဲ့ ချစ်ကြည်ရေးခရီးစဉ်သတင်းထုတ်လွှင့်မှုတွေကို မီဒီယာအမြောက်အမြားမှာ တွေ့ရပါတယ်။ အဲ့ဒီနေရာမှာ ကျွန်တော် သတိထားမိတာက အဲ့ဒီနိုင်ငံရဲ့ ပြည်နယ်အဆင့် ဝန်ကြီးအများစု၊ ဝန်ထမ်းအကြီးအကဲတွေ၊ အသင်းအဖွဲ့တာဝန်ရှိသူတွေဟာ တက်ကြွတဲ့လူငယ်တွေဖြစ်နေတာကို တွေ့ရပါတယ်။ ကျွန်တော်တို့နိုင်ငံမှာတော့ လူငယ်တွေရဲ့အခန်းကဏ္ဍဟာ နည်းပါးနေပါသေးတယ်။ ဒါနဲ့ပတ်သက်ပြီး ဗိုလ်ချုပ်ဘယ်လိုထင်မြင်ပါသလဲ။**

ဖြေ။ ။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ လူငယ်တွေရဲ့အခန်းကဏ္ဍက တော်တော်အရေးကြီးပါတယ်။ ပါတီစုံဒီမိုကရေစီစနစ်ကိုသွားပြီဆိုရင် လူငယ်အခန်းကဏ္ဍက ပိုအရေးကြီးတယ်။ ဘာကြောင့် လူငယ်အခန်းကဏ္ဍက အရေးကြီးလဲဆိုတော့ ဒီလူငယ်တွေကပဲ ခေါင်းဆောင်တက်လုပ်မှာဖြစ်တယ်၊ ဒီလူငယ်တွေကပဲ အဖွဲ့အစည်းအသီးသီးမှာပါဝင်မှာဖြစ်တယ်။ ဒီနေရာမှာ ကျွန်တော်ပြောချင်တာကတော့ လူငယ်နဲ့ လူကြီးတွေရဲ့ကွာခြားချက်ပေါ့။ လူငယ်တွေကတော့ သူ့ရဲ့လိုအင်ဆန္ဒပေါ့၊ လူကြီးတွေကတော့ ကြောင့်ကြမှုပေါ့။ အတိုချုပ်ပြောရရင် လူငယ်တွေရဲ့ တောင့်တမှုနဲ့ လူကြီးတွေရဲ့ ကြောင့်ကြမှု၊ လူငယ်တွေရဲ့ တောင့်တမှုဆိုတာ လူငယ်တွေသည် သူတို့က အမြဲတမ်းအလိုရှိတယ်။ တိုးတက်စေချင်တယ်။ လူငယ်တွေသည် ဒီ့ထက်ပိုပြီးတော့ ကောင်းစေချင်တယ်။ ဒီ့ထက်ပိုပြီးတော့ အလုပ်လုပ်ပြချင်တယ်။ ဒီ့ထက်ပိုပြီးတော့ ကြိုးစားပြချင်တယ်။ လူငယ်တွေရဲ့ တောင့်တမှုသည် တိုင်းပြည်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုကိုဖြစ်စေပါတယ်။ လူကြီးတွေရဲ့ ကြောင့်ကြမှုဆိုတာ ဘာကိုကြောင့်ကြတာလဲဆိုတော့ ဒါကိုလုပ်ပေးလိုက်လို့ရှိရင် ကျွန်တော်တို့နိုင်ငံအတွက် ဘာတွေထိခိုက်လာနိုင်မလဲ၊ ဘာမဟုတ်တာတွေ ဝင်လာနိုင်မလဲ၊ ဘာမဟုတ်တာတွေ ဖြစ်လာနိုင်မလဲ၊ လူငယ်တွေရဲ့တောင့်တမှုနဲ့ လူကြီးတွေရဲ့ကြောင့်ကြမှုတွေကို အတိုင်းအတာတစ်ခုအထိ သူတို့နိုင်ငံတွေက ချိန်ညှိပေးနိုင်တယ်လို့မြင်တယ်၊ ဘာတွေတွေ့ခဲ့သလဲဆိုတော့ လူကြီးတွေ နိုင်ငံအကြီးအကဲတွေ လူကြီးတွေက ဆွေးနွေးနေတယ်၊ ဆွေးနွေးနေတဲ့အချိန်မှာ လူငယ်ဝန်ကြီးတွေက အဲ့ဒီစကားဝိုင်းထဲမှာဝင်ပြီးတော့ ပြောချင်ပြောတာပဲ။ လူကြီးတွေကပြောနေတဲ့စကားဝိုင်းထဲမှာ ဝင်ပြောချင်ပြောတာပဲ။ မှန်ရင် အဲ့ဒီလူကြီးက လက်ခံလိုက်တယ်။ ဆက်ပြော၊ လုပ်ပါလို့ပြောလိုက်တယ်၊ အဲ့ဒီတော့ လူငယ်တွေက ခုနတုန်းကပြောတဲ့ တောင့်တမှုတွေ ဖွံ့ဖြိုးတိုးတက်ချင်မှုတွေနဲ့ လူကြီးတွေရဲ့ ကြောင့်ကြမှုတွေ ဒီနှစ်ခုကိုချိန်ညှိရမယ်။ တောင့်တမှုတွေမရရင် ဘာဖြစ်လာမလဲ၊ တောင့်တမှုတွေမရရင် ဒေါသဖြစ်လာတယ်။ ကြောင့်ကြမှုတွေမရရင် ဘာဖြစ်မလဲ၊ ကြောင့်ကြမှုတွေမရရင် မောဟဖြစ်တာပေါ့။ ဒီကြားထဲမှာ ချိန်ညှိပေးနိုင်ရင်တော့ ဒီဟာသည် ထပ်ပြီးတော့တိုးတက်လာမယ်လို့ မြင်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံအနေနဲ့က လူငယ်တွေနဲ့ပတ်သက်ပြီးတော့ ဝန်ကြီးဌာနတစ်ခု သီးသန့်ဖွဲ့စည်းထားတာရှိတယ်။ လူငယ်တွေနဲ့ပတ်သက်ပြီးတော့ ဗလငါးတန်ဖွံ့ဖြိုးဖို့ လူငယ်တွေ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေတာရှိပါတယ်။ ဒါတွေလည်း ဆက်လက်ဆောင်ရွက်ရမှာဖြစ်ပါတယ်၊ ဒါသည်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးတဲ့လုပ်ငန်းစဉ်လို့ပဲ မြင်ပါတယ်။ လူငယ်တွေနဲ့ပတ်သက်ပြီး ပိုပြီးတိုးတက်တဲ့အသိအမြင်တွေ၊ ပိုပြီး ဆောင်ရွက်ချက်တွေ ဆောင်ရွက်မှာဖြစ်တယ်၊ ဒါသည် လူကြီးတွေရဲ့တာဝန်လည်းဖြစ်တယ်၊ လူငယ်တွေရဲ့တာဝန်လည်းဖြစ်ပါတယ်။ ခုနက ပြောသလို တောင့်တမှုနဲ့ ကြောင့်ကြမှုကို ဟန်ချက်ညီအောင်ထိန်းနိုင်တယ်ဆိုရင် ဒါသည် ပိုမိုတိုးတက်လာမယ်လို့မြင်ပါတယ်။

**မေး။ ။ ဒါဆိုမြန်မာနိုင်ငံက လူငယ်တွေ ဘာလုပ်သင့်သလဲ။**

ဖြေ။ ။ လူငယ်တွေအတွက် ကျွန်တော်ပြောချင်တာကတော့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ ကိုယ့်နိုင်ငံ ဒီ့ထက် ငြိမ်းချမ်းရေး၊ ကိုယ့်နိုင်ငံ ဒီ့ထက် သာယာရေးအတွက် မည်သူက အသိအမှတ်ပြုသည်ဖြစ်စေ၊ အသိအမှတ်မပြုသည်ဖြစ်စေ မိမိတာဝန်ပဲ အဲဒီလိုခံယူပြီးတော့ လုပ်သွားပေးကြပါလို့ ပြောချင်ပါတယ်။

**မီဒီယာကဏ္ဍ**

**မေး။ ။ ကျွန်မတို့ သတင်းထုတ်ပြန်မှုတွေကိုကြည့်တဲ့အခါ အခမ်းအနားတိုင်း၊ လုပ်ဆောင်မှုတိုင်းမှာ ရုရှားမီဒီယာတော်တော်များများကို တွေ့ရပါတယ်။ ရုရှားမှာ မီဒီယာကဏ္ဍတိုးတက်နေတယ်လို့ မြင်ရပါတယ်၊ မြန်မာမီဒီယာတွေ ဖွံ့ဖြိုးတိုးတက်ဖို့ ဘာလုပ်သင့်တယ်လို့ထင်ပါသလဲ။**

ဖြေ။ ။ သူတို့နိုင်ငံဘက်က မီဒီယာနဲ့ ကျွန်တော်တို့နိုင်ငံဘက်က မီဒီယာများအနေနဲ့ သူတို့မှာလည်း သူတို့ကို မကောင်းရေးတဲ့ မီဒီယာရှိကောင်းရှိမှာပေါ့။ ဒါပေမဲ့ ကျွန်တော်မြင်တာက သူတို့နိုင်ငံဘက်မှာ ခေါ်ထားတဲ့မီဒီယာတွေရဲ့ လှုပ်ရှားပုံက သူတို့နိုင်ငံသူတို့ တော်တော်လေးကို ဂုဏ်ယူတယ်။ သူတို့နိုင်ငံကို သူတို့ချစ်တယ်။ သူတို့လူမျိုးကို သူတို့ချစ်တယ်။ သူတို့လူမျိုးကို သူတို့ဂုဏ်ယူတယ်။ သူတို့လုပ်ရပ်ကို ဂုဏ်ယူတာကို တော်တော်လေးမြင်တွေ့ခဲ့ရတယ်။ ကျွန်တော်တို့ သွားလာတဲ့အခါ တချို့သောသတင်းထုတ်လွှင့်ချက်ထဲမှာ သူတို့မီဒီယာတွေရဲ့ လှုပ်ရှားမှုကို ခင်ဗျားတို့ မြင်ရမှာပဲ။ ဒီလိုမျိုးလုပ်ဆောင်နိုင်ဖို့၊ ဒီလိုမျိုးဖြစ်နိုင်ဖို့အတွက် ကျွန်တော်တို့ကလည်း ကြိုးစားရမှာဖြစ်တယ်။ မီဒီယာကလည်း ကြိုးစားရမှာဖြစ်တယ်။ အစိုးရပိုင်းကလည်း လုပ်ပေးရမှာဖြစ်တယ်။ မီဒီယာပိုင်းကလည်းလုပ်ပေးရမှာဖြစ်တယ်၊ သူတို့နိုင်ငံမှာ ကျွန်တော်တို့တွေ့တာ အလေးပေးဆက်ဆံတာတွေ၊ နေရာပေးတာတွေ၊ မီဒီယာနဲ့ပတ်သက်ပြီး အားပေးအားမြှောက်ပြုတာတွေ တွေ့ရသလို သူတို့ကိုယ်တိုင်ကလည်း တော်တော့်ကို အရည်အချင်းပြည့်ဝပါတယ်။ ပြည့်ဝတယ်ဆိုတာက ကျွန်တော်တို့ မီဒီယာတွေအများစုနဲ့ မြို့တစ်မြို့ရောက်တိုင်း တွေ့ရပါတယ်။ သူတို့မေးတဲ့မေးခွန်းတွေက မထင်မှတ်တဲ့မေးခွန်းတွေဖြစ်တယ်။

**မေး။ ။ ဒါဆို မြန်မာနိုင်ငံက မီဒီယာတွေအပေါ်မှာ ဘယ်လိုမြင်ပါသလဲ။**

ဖြေ။ ။ လက်ရှိ မြန်မာနိုင်ငံရဲ့ မီဒီယာအခင်းအကျင်းကတော့ ပွင့်ပွင့်လင်းလင်းပြောရရင်တော့ အားမရဘူးလို့ပြောရမှာပေါ့။ အားမရဘူးဆိုတာက (၂) ပိုင်းပေါ့။ နံပါတ် (၁) အပိုင်းက ပြည်ပကနေရှိနေတဲ့ ပြည်ဖျက်မီဒီယာတွေရဲ့ လှုံ့ဆော်မှု၊ နံပါတ် (၂) အပိုင်းကတော့ ပြည်တွင်းမီဒီယာတွေ အနေနဲ့ကတော့ ကျွန်တော်စာနာပါတယ်။ ကန့်သတ်ချက်တွေအများကြီးထဲက သူတို့လုပ်နေတာဖြစ်တယ်။ သူတို့မှာ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်တို့ မရှိဘူးလို့ ပြောတာမဟုတ်ဘူး။ ရှိတယ် ရှိပေမယ့် လို့ ဒါကို သူတို့မှာ ထင်ထင်ပေါ်ပေါ်ပြနိုင်ဖို့၊ ပွင့်ပွင့်လင်းလင်းပြနိုင်ဖို့ ဒါမှမဟုတ် ရက်ရက်ရောရောပြနိုင်ဖို့ အခွင့်အလမ်းနည်းပါးတယ်။ ဘာပဲပြောပြော ကျွန်တော်တို့က ရွေးကောက်ပွဲလုပ်မယ့်အခင်းအကျင်း၊ ရွေးကောက်ပွဲပြီးတဲ့ကာလတွေမှာတော့ ပိုပြီးပွင့်လင်းလာမယ်လို့ မြင်ပါတယ်။ မြန်မာ့မီဒီယာကဏ္ဍလည်း ဒီ့ထက်ပိုမိုပြီးဖွံ့ဖြိုးတိုးတက်လာစေဖို့ ကျွန်တော့်အနေနဲ့ ဆန္ဒပြုပါတယ်။ ကျေးဇူးတင်ပါတယ်။

# နေပြည်တော်ကောင်စီနယ်မြေအတွင်း စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍ တိုးချဲ့ဆောင်ရွက်နိုင်ရေး ကွင်းဆင်းစစ်ဆေး



နေပြည်တော် မတ် ၁၀

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ယမန်နေ့ မွှန်းလွဲပိုင်းက တပ်ကုန်းမြို့နယ် ရွှေမြို့မွေးမြူရေးဇုန်နှင့် မွေးမြူရေးဇုန်၏ရေလိုအပ်ချက်ဖြည့်ဆည်းပေးနိုင်ရေးအတွက် တည်ဆောက်ထားရှိသည့် အလျားပေ ၃၃၀၊ အမြင့် ၃၆ ပေရှိ ရေလှောင်တမံ၏ ကြံ့ခိုင်မှု၊ ရေသိုလှောင်ထားရှိမှု၊ ရေစုပ်ပန့်ဖြင့် ရေယူသုံးစွဲနေမှုနှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ကာကီကင်းဥစားဘဲဥဖောက်စက်၌ ဘဲသားဖောက်နေမှုကိုကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ကင်းသာရေထိန်းတမံပြန်လည်ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများအချိန်မီပြီးစီးရေးနှင့် ရေထိန်းတမံ၏ကြံ့ခိုင်မှု အရည်အသွေးပြည့်မီရေး ဂရုပြုဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။ ကင်းသာရေထိန်းတမံ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအရ ရေစတင်သိုလှောင်ထားရှိပြီး နွေစပါး ဧက ၇၀ စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိရာ ယနေ့ထိ နွေစပါး ၄၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး မိုးသီးနှံရာသီတွင် မိုးစပါးဧက ၅၂၀ လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ကင်းသာကျေးရွာအနီးရှိ ကင်းသာချောင်း ယာယီရေလွှဲတန်းရေသွင်းမြောင်းမှ ဆိုလာရေတင်စနစ်ဖြင့် သီးနှံများစံပြစိုက်ပျိုးပြီး အခြားတောင်သူများလိုက်ပါစိုက်ပျိုးနိုင်ရေး အသိပညာပေးလုပ်ဆောင်နေမှုကိုလည်းကောင်း၊ မုန်ရေထိန်းတမံမှ ၂၀၂၄-၂၀၂၅ ခုနှစ် နွေသီးနှံရာသီတွင် နွေစပါး၊ နွေအခြားသီးနှံ လျာထားစိုက်ပျိုးမည့်အခြေအနေများနှင့်မြောင်းအလိုက် ရေလှည့်စနစ်ဖြင့် စိုက်ပျိုးရေပေးဝေရန်စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ကန်ကြီးမွေးမြူရေးဇုန်ရှိ ဖန်ဟွ နို့စားနွားမွေးမြူရေးခြံသို့ရောက်ရှိပြီး နို့စားနွားမွေးမြူထားရှိမှု၊ နို့နှင့် နို့ထွက်ပစ္စည်းများ ဈေးကွက်အတွင်းဖြန့်ဖြူးရောင်းချနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ မွေးမြူရေးတိရစ္ဆာန်အစာဖူလုံမှုရှိစေရေးနှင့် မွေးမြူရေးထွက်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရေးဆိုင်ရာများကို အကြံပြုဆွေးနွေးမှာကြားသည်။

မွှန်းလွဲပိုင်းတွင် တပ်ကုန်းမြို့နယ် ညောင်တုန်းအိုင်ကျေးရွာအုပ်စု ရေအေးနည်းပညာပြန့်ပွားရေးစင်တာတွင် စိုက်ပျိုးရေးပညာရှင်များနှင့် ဒေသခံတောင်သူများအားတွေ့ဆုံ၍ စိုက်ပျိုးနည်းပညာပေးခြင်းလုပ်ငန်းများတိုးမြှင့်ဆောင်ရွက်ရေး၊ ဆင်သေရေလှောင်တမံ ဆည်ရေသောက်စနစ်အတွင်း နွေစပါးနှင့် နွေအခြားသီးနှံများ စိုက်ပျိုးရေဖူလုံစွာပေးဝေနိုင်ရေး၊ သဘာဝမြေဩဇာသုံးစွဲနိုင်ရေး၊ ပန်းတိုင်အထွက်နှုန်းရရှိစေရေးဆိုင်ရာများကို ဆွေးနွေးမှာကြားပြီး တောင်သူများ၏တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

❖ ကျွန်တော်တို့နိုင်ငံက ပထဝီအနေအထားအရ ကြည့်မယ်ဆိုလို့ရှိရင် တကယ့်ဆုံချက်မှာရှိတယ်။ သွားမယ့်နေရာဆုံချက်ကိုကြည့်မယ်ဆိုရင် တောင်ဘက်ကိုသွားရင် အိန္ဒိယသမုဒ္ဒရာ ရောက်သွားမယ်။ မြောက်ဘက်ကိုသွားမယ်ဆိုရင် တရုတ်နိုင်ငံကိုဖြတ်ပြီး ရုရှားနိုင်ငံကိုရောက်သွားမယ်။ အနောက်ဘက်ကိုသွားမယ်ဆိုရင် အိန္ဒိယနိုင်ငံကို ရောက်သွားမယ်။ အရှေ့တောင်ဘက်ကို သွားမယ်ဆိုရင် အာဆီယံနိုင်ငံတွေအကုန်ရောက်သွားမယ်။ မြန်မာနိုင်ငံလောက် အခွင့်အရေးကောင်းတဲ့နိုင်ငံမရှိဘူး။ ကျွန်တော်တို့နိုင်ငံက အခြေပြုပြီးတော့ စီးပွားရေးလုပ်ငန်းလုပ်မှာပဲဖြစ်ဖြစ်၊ မြန်မာနိုင်ငံကိုဖြတ်ပြီးတော့သွားမှာပဲဖြစ်ဖြစ် ခုနကပြောတဲ့ ကြီးမားတဲ့ဈေးကွက်ကြီး တစ်ခုလုံးကို ကူးလူးဆက်ဆံနိုင်ခွင့်ရမယ်ဆိုတာ သိနိုင်ပါတယ် . . .

❖ ကျွန်တော်တို့ တစ်အချက် ဒီမိုကရေစီအခွင့်အရေးပေးတယ်။ တိုင်းရင်းသားနဲ့ပတ်သက်တဲ့ အခွင့်အရေးပေးတယ်။ ကမ္ဘာမှာကြည့်လိုက် အကုန်လုံးက မျှတတဲ့အခွင့်အရေးပဲ ကိုယ်ရတယ်။ တစ်ဖက်သတ်အခွင့်အရေးကို သွားပေးလို့မရဘူး။ တိုင်းရင်းသားဘက်က စဉ်းစားဖို့သင့်တယ်ဆိုတာ ကျွန်တော်ပြောလိုတယ်။ ကျွန်တော်တို့အနေနဲ့ တိုင်းရင်းသားတွေဘက်ကိုလည်း ဦးစားပေးပြီးတော့ ဆောင်ရွက်ပေးမယ်။ ကျွန်တော်ဆုံးဖြတ်ထားတယ်။ ဘယ်လိုပဲဖြစ်ဖြစ် နောက်ကျပြီးကျန်ခဲ့တဲ့ တိုင်းရင်းသားနယ်မြေတွေအားလုံးကို ဦးစားပေးပြီး ကျွန်တော်ဆောင်ရွက်ပေးမယ်။ အခုထိ ကျွန်တော်တတ်နိုင်သမျှလုပ်ပေးပါတယ် . . .

★ ရှေ့ဖုံးမှအဆက်

နိုင်ငံရေးအရ ပြည်သူတွေတောင်းဆိုတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို သွားဖို့အတွက် ကျွန်တော်တို့က ဆုံးဖြတ်ပြီးသားဖြစ်တယ်။ ဒါကို ကျွန်တော်တို့က အကောင်အထည်ဖော်နိုင်ဖို့အတွက် တစ်ဖက်ကပူးပေါင်းဆောင်ရွက်မှုတွေ လုပ်ရမှာပေ့ါ။ တစ်ဖက်ကလည်း ပြည်တွင်းငြိမ်းချမ်းရေးကိုရအောင်လည်း ကျွန်တော်တို့လုပ်ရမှာပေ့ါ။ ဒါကြောင့် ရုရှားသမ္မတကြီးကလည်း မြန်မာနိုင်ငံနဲ့ပတ်သက်ပြီး ရုရှားဘက်က ကူညီမယ်လို့ သူပဲပြောတယ်။ သို့ပေမယ့်လည်း ဘယ်လာရုစ်သမ္မတကြီး H.E .Mr. Alexander Gregoryevich Lukashenko ကလည်း ကျွန်တော်တို့ မြန်မာနိုင်ငံအတွက် အစစအရာရာပူးပေါင်းဆောင်ရွက်ပေးမယ်၊ ကူညီပေးမယ်လို့ပြောတယ်။ ကျွန်တော်တို့အတွက် ခွန်အားတွေဖြစ်သလို တိုင်းပြည်အတွက်လည်း အားတစ်ခုကျွန်တော်တို့ရမှာပါ။ ကျွန်တော်တို့နိုင်ငံက ပထဝီအနေအထားအရ ကြည့်မယ်ဆိုလို့ရှိရင် တကယ့်ဆုံချက်မှာရှိတယ်။ အရှေ့တောင်အာရှနိုင်ငံ၊ အာဆီယံနိုင်ငံမှာ အနောက်ဘက်အကျဆုံးနိုင်ငံဖြစ်တယ်။ ကျွန်တော်တို့ရဲ့အနောက်ဘက်မှာ လူဦးရေသန်းပေါင်း ၁ ဒသမ ၄ ဘီလီယံကျော်လောက်ရှိတဲ့ အိန္ဒိယနိုင်ငံရှိတယ်။ လူဦးရေသန်းပေါင်း ၁၆၀ ကျော်ရှိတဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ အရှေ့မြောက်ဘက်မှာ လူဦးရေသန်းပေါင်း ၁၄၀၀ လောက်ရှိတဲ့ တရုတ်နိုင်ငံရှိတယ်။ ဒီသုံးမျိုးပေါင်းလိုက်လို့ရှိရင် ၄ ဘီလီယံနီးပါးလောက်လူဦးရေရှိတယ်။ အဲဒီတော့ သွားမယ့်နေရာဆုံချက်ကိုကြည့်မယ်ဆိုရင် တောင်ဘက်ကိုသွားရင် အိန္ဒိယသမုဒ္ဒရာ ရောက်သွားမယ်။ မြောက်ဘက်ကိုသွားမယ်ဆိုရင် တရုတ်နိုင်ငံကိုဖြတ်ပြီး ရုရှားနိုင်ငံကိုရောက်သွားမယ်။ အနောက်ဘက်ကိုသွားမယ်ဆိုရင် အိန္ဒိယနိုင်ငံကို ရောက်သွားမယ်။ အရှေ့တောင်ဘက်ကိုသွားမယ်ဆိုရင် အာဆီယံနိုင်ငံတွေ အကုန်ရောက်သွားမယ်။ မြန်မာနိုင်ငံလောက် အခွင့်အရေးကောင်းတဲ့နိုင်ငံမရှိဘူး။ ကျွန်တော်တို့နိုင်ငံက အခြေပြုပြီးတော့ စီးပွားရေးလုပ်ငန်းလုပ်မှာပဲဖြစ်ဖြစ်၊ မြန်မာနိုင်ငံကို ဖြတ်ပြီးတော့သွားမှာပဲဖြစ်ဖြစ် ခုနကပြောတဲ့ ကြီးမားတဲ့ဈေးကွက်ကြီး တစ်ခုလုံးကို ကူးလူးဆက်ဆံနိုင်ခွင့်ရမယ်ဆိုတာ သိနိုင်ပါတယ်။ ကျွန်တော်တို့ဗျာ တကယ်ကိုလက်တွဲလုပ်ဖို့ အသင့်တော်ဆုံးအချိန် ရောက်နေပါပြီ။ EAO တွေကိုလည်း ကျွန်တော်ပြောချင်တာကတော့ ကိုယ်ဖြစ်ချင်တာတွေ မပြောပါနဲ့။ ဖြစ်သင့်တာတွေ၊ ဖြစ်နိုင်တာတွေပဲပြောဖို့ ကောင်းတယ်။ လူဆိုတာကတော့ ဖြစ်ချင်တာကတော့ လူတိုင်းဖြစ်ချင်တာပဲ။ ကျွန်တော်လည်း ဖြစ်ချင်တာတွေ အများကြီးရှိတာပဲ။ ဒါပေမဲ့ ကျွန်တော်ဖြစ်ချင်တာ ဖြစ်ချင်မှလည်းဖြစ်လိမ့်မယ်။ ဖြစ်သင့်တာ၊ ဖြစ်နိုင်တာကိုပဲ ကျွန်တော်တို့ သွားတာကောင်းတယ်။ ကျွန်တော်တို့ပြောတယ်။ ကျွန်တော်တို့ တစ်အချက် ဒီမိုကရေစီအခွင့်အရေးပေးတယ်။ တိုင်းရင်းသားနဲ့ပတ်သက်တဲ့ အခွင့်အရေးပေးတယ်။ ကမ္ဘာမှာကြည့်လိုက် အကုန်လုံးက မျှတတဲ့အခွင့်အရေးပဲ ကိုယ်ရတယ်၊ တစ်ဖက်သတ်အခွင့်အရေးကို သွားပေးလို့မရဘူး။ တိုင်းရင်းသားဘက်က စဉ်းစားဖို့သင့်တယ်ဆိုတာ ကျွန်တော်ပြောလိုတယ်။ ကျွန်တော်တို့ အနေနဲ့ တိုင်းရင်းသားတွေဘက်ကိုလည်း ဦးစားပေးပြီးတော့ ဆောင်ရွက်ပေးမယ်။ ကျွန်တော်ဆုံးဖြတ်ထားတယ်။ ဘယ်လိုပဲဖြစ်ဖြစ် နောက်ကျပြီး ကျန်ခဲ့တဲ့ တိုင်းရင်းသားနယ်မြေတွေအားလုံးကို ဦးစားပေးပြီး ကျွန်တော် ဆောင်ရွက်ပေးမယ်။ အခုထိ ကျွန်တော်တတ်နိုင်သမျှလုပ်ပေးပါတယ်။ မြန်မာနိုင်ငံအတွက် စိုက်ပျိုးရေးနဲ့မွေးမြူရေး ကုန်ထုတ်လုပ်ငန်းတွေကို မလွှတ်ဘူး။ အနာဂတ်အတွက် သိပ္ပံနဲ့နည်းပညာကို ကျွန်တော်မလွှတ်ဘူး။ သူတို့က စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းမှာ အခြေခံတဲ့စက်မှုလုပ်ငန်းတွေက အများကြီးကောင်းတယ်။ သိပ္ပံနည်းပညာမှာလည်း အများကြီးကောင်းတယ်။ သူတို့က အနိမ့်တစ်ခုနဲ့အမြင့်တစ်ခုအားလုံးကို အတူတူပေါင်းစပ်ပေးနိုင်တဲ့အနေအထားရှိတယ်၊ အဲဒါက ကျွန်တော်တို့အတွက်လိုအပ်ချက်ပဲ။ ဒါကြောင့် ကျွန်တော်ပြောရဲပါတယ်၊ ပူးပေါင်းဆောင်ရွက်မယ်ဆိုလို့ရှိရင် ဒီဟာက ကျွန်တော်တို့ တိုင်းပြည်အတွက် အကျိုးအမြတ်မုချရှိမယ်လို့ ကျွန်တော်ပြောနိုင်ပါတယ်။" (၁၀၀)

# အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်တို့၌ အခြေခံဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာသင်တန်းနှင့် အင်္ဂလိပ်စာအခြေခံသင်တန်းများဖွင့်လှစ်



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၌ အခြေခံဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပွဲကျင်းပစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ်၌ အခြေခံဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာသင်တန်းနှင့် အင်္ဂလိပ်စာ အခြေခံသင်တန်းဖွင့်ပွဲကျင်းပစဉ်။

**နေပြည်တော် မတ် ၁၀**

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ မိသားစုဝင် ကျောင်းသား၊ ကျောင်းသူများအား အခြေခံဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ ဖွင့်လှစ်ခဲ့ရာ တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ သင်တန်းနည်းပြများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက သင်တန်းဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် အခြေခံဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာစာအုပ်များအား ရှမ်းပြည်နယ်၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)မှ ပေးအပ်လှူဒါန်းရာ တိုင်းမှူးက လက်ခံရယူခဲ့သည်။ ယင်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက တောင်ကြီးမြို့၊ ရွှေတော်ရပ်ကွက်၊ ဝံသာနုရက္ခိတအသင်း၊ ဝံသာနုသီတဂူဓမ္မစကူး႒ာနမှ ကလေးငယ်များက ၃၈ ဖြာမင်္ဂလာသီချင်း၊ လူချွန်/လူကောင်းသီချင်းနှင့် သွေးချင်းတို့မြေသီချင်းတို့ဖြင့် ဖျော်ဖြေတင်ဆက်မှုတို့ကို ကြည့်ရှုအားပေးပြီး တိုင်းမှူးက ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်သည်။ အဆိုပါအခြေခံဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာသင်တန်းအား ကျောင်းသား၊ ကျောင်းသူ ၂၇၁ ဦးဖြင့် မတ်လ ၂၁ ရက်နေ့ထိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်သည်။

အလားတူ ရန်ကုန်တိုင်းစစ်ဌာနချုပ်ရှိ မိသားစုဝင် ကျောင်းသား၊ ကျောင်းသူများအား ယဉ်ကျေးလိမ္မာသင်တန်းနှင့် အင်္ဂလိပ်စာအခြေခံသင်တန်းဖွင့်ပွဲများကို တိုင်းစစ်ဌာနချုပ် အနော်ရထာခန်းမ၌ ဖွင့်လှစ်ခဲ့ရာ တိုင်းမှူး ဗိုလ်မှူးချုပ်ပြည့်စုံလင်းနှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ သင်တန်းနည်းပြများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက သင်တန်းဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ အဆိုပါယဉ်ကျေးလိမ္မာသင်တန်းအား ကျောင်းသား၊ ကျောင်းသူ ၇၃ ဦးဖြင့်လည်းကောင်း၊ အင်္ဂလိပ်စာအခြေခံသင်တန်းအား ကျောင်းသား၊ ကျောင်းသူ ၃၉ ဦးဖြင့်လည်းကောင်း ဧပြီလ ၄ ရက်နေ့ထိ အသီးသီးဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

Myanmar india Friendship and Development Association
မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအသင်း
Address : Penthouse Level, Shine Office Tower
No.(20/22), Alan Pya Pagoda Road, Mingalar Taung Nyunt Township, Yangon, Myanmar.
09 965045645, 09 5045645 E-mail: aungprabu@gmail.com

Date: ၁၀-၃-၂၀၂၅

## ဂုဏ်ယူဝမ်းမြောက်ခြင်း

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီးနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီးတို့၏ ဖိတ်ကြားချက်အရ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်များကို သွားရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ချစ်ကြည်ရေးခရီးစဉ်များအတွင်း နယ်ပယ်ကဏ္ဍမျိုးစုံ၌ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု စာချွန်လွှာများ တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့မှု၊ နှစ်နိုင်ငံခေါင်းဆောင်များ၏ တွေ့ဆုံဆွေးနွေးမှုများမှရရှိခဲ့သည့် အောင်မြင်မှုရလဒ်များအတွက် **မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအသင်းက** လှိုက်လှိုက်လှဲလှဲ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ထုတ်ပြန်အပ်ပါသည်။

မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအသင်း

Myanmar - India International Business Federation
မြန်မာ - အိန္ဒိယ အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းရှင်များအသင်းချုပ်
Address : Penthouse Level, Shine Office Tower
No.(20/22), Alan Pya Pagoda Road, Mingalar Taung Nyunt Township, Yangon, Myanmar.

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း ကြေညာချက်

၂၀၂၅ ခုနှစ်၊ မတ်လ ၁၀ ရက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတကြီး H.E. Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး H.E .Mr. Alexander Gregoryevich Lukashenko တို့၏ ဖိတ်ကြားခဲ့မှုအရ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်များအတွင်း နိုင်ငံတော်နှင့် ပြည်သူလူထု၏ အကျိုးစီးပွားကို အောင်မြင်မှုများစွာရရှိအောင် ဖော်ဆောင်နိုင်ခဲ့ခြင်းအတွက် မြန်မာ-အိန္ဒိယ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များအသင်းချုပ်က အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာ-အိန္ဒိယ အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းရှင်များအသင်းချုပ်

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ်အား ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ လက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၁၀**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာတိန့်ရှီးကျွင်းအား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ရှိရင်းစွဲဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို ပိုမိုတိုးတက်ခိုင်မာရေးရှေးရှုကာ နှစ်ဖက်အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရေး၊ မြန်မာ-တရုတ်နယ်စပ်ဒေသတစ်လျှောက်ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ပိုမိုမြှင့်တင်ရန်အတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်နှင့်ပတ်သက်၍ နောက်ဆုံးဖြစ်ပေါ် တိုးတက်မှုအခြေအနေများ၊ မြန်မာနိုင်ငံအတွင်း ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးနှင့် ပြည်သူများ၏လူမှု-စီးပွား ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းအားထုတ်မှုများတွင် တရုတ်နိုင်ငံမှအပြုသဘော ဆက်လက်ကူညီဆောင်ရွက်ပေးသွားမည့်ကိစ္စရပ်များ၊ နယ်စပ်ဒေသတွင် တိုးမြင့်လာလျက်ရှိသည့် အွန်လိုင်းလောင်းကစားနှင့် လိမ်လည်မှုကွန်ရက်များ ပူးပေါင်းတိုက်ဖျက်ရေးအတွက် နှစ်နိုင်ငံရှိ သက်ဆိုင်ရာအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာများတွင် နှစ်နိုင်ငံအပြန်အလှန် ထောက်ခံရပ်တည်သွားရေးနှင့် နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြကြောင်း သိရသည်။

(သတင်းစဉ်)

# နှစ်(၈၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲကျင်းပ

**နေပြည်တော် မတ် ၁၀**

၂၀၂၅ ခုနှစ်၊ နှစ်(၈၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းရန်အောင်ခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများက အရာရှိ၊ အရာခံ၊ အကြပ်အဆင့်စစ်သည်တော်ကျင့်ဝတ်ရေးဖြေနှင့် တပ်သားအဆင့်ရေးဖြေ၊ နှုတ်ဖြေ ဖြေဆိုနေမှုများကို လိုက်လံကြည့်ရှုအားပေးကြသည်။

အဆိုပါ နှစ်(၈၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တပ်ရင်း/တပ်ဖွဲ့များမှ အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားအဆင့်တို့တွင် ဝင်ရောက်ယှဉ်ပြိုင်ဖြေဆိုသူ ၆၄ ဦး ဝင်ရောက်ဖြေဆိုခဲ့ကြသည်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၂၀၂၅ ခုနှစ် နှစ်(၈၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲကျင်းပစဉ်။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကျော်ဟန် ၂၀၂၅ ခုနှစ် နှစ်(၈၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ ဖြေဆိုနေမှုကို ကြည့်ရှုအားပေးစဉ်။

အလားတူ ၂၀၂၅ ခုနှစ်၊ နှစ်(၈၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် အေးချမ်းဖြိုးခန်းမ၌ ပြုလုပ်ရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက အရာရှိ၊ အရာခံ၊ အကြပ်အဆင့် စစ်သည်တော်ကျင့်ဝတ်ရေးဖြေနှင့် တပ်သားအဆင့် ရေးဖြေ၊ နှုတ်ဖြေ ဖြေဆိုနေမှုများကို လိုက်လံကြည့်ရှုအားပေးကြသည်။

အဆိုပါ နှစ်(၈၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တပ်ရင်း/တပ်ဖွဲ့များမှ အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားအဆင့်တို့တွင် ဝင်ရောက်ယှဉ်ပြိုင်ဖြေဆိုသူ ၁၂၀ ဦးဝင်ရောက်ဖြေဆိုခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# SAC Chairman Prime Minister Senior General Min Aung Hlaing, who endeavours to enhance friendship and cooperation with the Russian Federation and the Republic of Belarus, gives exclusive interviews to media aboard the special flight

NAY PYI TAW March 10

At the invitation of Russian Federation President H.E. Vladimir Vladimirovich Putin and Belarusian President H.E.Mr. Alexander Gregoryevich Lukashenko, Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing paid official State visits to the Russian Federation and the Republic of Belarus from 3 to 9 March.

The Myanmar goodwill delegation led by the Senior General left Tolmachevo Airport of Novosibirsk of the Russian Federation by special flight in the afternoon of 9 March at local time and arrived back at Nay Pyi Taw Tatmadaw Airport in the evening.

On the way back to Myanmar, the Senior General replied to questions raised by the media at the exclusive interview aboard the special flight. The full text of the replies is as follows: -



SAC Chairman Prime Minister Senior General Min Aung Hlaing responds to media questions on his return from official state goodwill visits to the Russian Federation and the Republic of Belarus.

"Our country is going to implement a multi-party democratic system. It has been 77 years since we gained our independence. We have faced numerous conflicts. We have many natural resources, including human resources. If we can make use of these, our country will become a prosperous one. For this, when we are looking for prospects of cooperation, Russia is one of the countries that we see as having the potential for collaboration. It's not just Russia; there are many countries. However, I know that Russia is the country that can take action the quickest. Therefore, I went to Russia. We have already made a political decision. We have already decided to move toward a multi-party democratic system as requested by the people. To make this happen, we need to collaborate with the other side. On the other hand, we also need to work for internal peace in our country. That's why the President of Russia has said that Russia will help Myanmar. However, President H.E.Mr. Alexander Gregoryevich Lukashenko of Belarus also said that Belarus would assist and cooperate with Myanmar in every way possible. These are strengths for us, and at the same time, they are strengths for our country. Looking at the geographical position of our country, if we consider it, we are at a key location. We are the westernmost country in Southeast Asia, in the ASEAN region. To our west, we have India, with a population of over 1.4 billion people. We have Bangladesh, with a population of over 160 million people. To our northeast, we have China, with a population of about 1.4 billion people. When you combine these three countries, the total population reaches nearly 4 billion people. So, if we look at the direction we are going, if we go south, we will reach the Indian Ocean. If we go north, we will pass through China and reach Russia. If we go west, we will reach India. If we go southeast, we will reach all the ASEAN countries. Myanmar is in a unique position. Whether we are starting a business or passing through Myanmar for any reason, we can gain access to a large market, as mentioned earlier. We are truly at the best time to cooperate. What I want to say to the EAOs is that they should avoid speaking about what they want to happen. It's better to speak about what should happen and what is possible. Everyone wants what they desire, and I, too, have many desires. However, what I want might happen, but we should go towards what should happen and what is possible. We said that we provide opportunities for democracy. We provide opportunities for ethnic rights. If you look around the world, you will see that everyone deserves equal opportunities. We cannot give away someone else's rights. I want to say that ethnic people should be allowed to think as well. From our side, we will prioritize the ethnic people and take action. I have decided. No matter what happens, I will prioritize and take action on the remaining ethnic areas. Until now, I have done everything I can. I am not neglecting the agricultural and livestock industries in Myanmar. In the future, I will not neglect science and technology. The industries, based on agriculture and livestock, of these countries are very good. In science and technology, they are also very strong. They are in a position to combine both low and high-level sectors. This is what we need. That's why I am saying that if we cooperate, this will benefit our country."

100

# More than 3,000 acres of green gram harvested in Kyaukmyaung Sub-Township

Kyaukmyaung March 10

According to records from the Kyaukmyaung Town Agriculture Department, the harvest of green gram from 3,905 acres in the current monsoon cropping season has been completed in Kyaukmyaung Sub-Township, Shwebo District, Sagaing Region.

In the Kyaukmyaung Sub-Township, a total of 3,905 acres of green gram were cultivated during this year's monsoon cropping season. Harvesting of the cultivated fields began in August, and as of today, all 3,905 acres have been harvested, yielding an average of 18.35 baskets per acre.

"This year, a total of 3,905 acres of green gram were cultivated during the monsoon planting season in the Kyaukmyaung Sub-Township. All of the cultivated green gram fields have now been fully harvested. Regarding green gram cultivation, there will be educational initiatives to encourage expanded cultivation, as well as guidance on using high-quality seeds to achieve better yields," said Daw Khin Win, head of the Kyaukmyaung Sub-Township Agriculture Department.

This year, the Sub-Township Agriculture Department has conducted awareness-raising activities for green gram farmers to ensure: access to quality and pure seeds suitable for the region, correct farming techniques, prevention of pest infestations, systematic use of fertilizers, and improvement of crop yields.

During this year's monsoon crop planting season, efforts have been made in collaboration with farmers to ensure good yield rates and quality for various strains of pulses. This includes providing quality seeds, fertilizers, and post-harvest technology support. SK

# Indaw Township plants over 10,000 acres of winter sunflowers



INDAW March 10

A total of 10,950 acres of sunflowers have been planted during this year's winter crops planting season in Indaw Township, Katha District, Sagaing Region, according to statistics from the Department of Agriculture for Indaw Township.

During the 2024-2025 winter crops planting season, 10,965 acres of sunflowers are planned to be planted in Indaw Township, and since October 2024, 10,950 acres have been planted.

"In order to reduce the amount of palm oil imported from abroad, we are expanding the cultivation of sunflower, which is an oil-producing crop. Sunflower produces more oil per acre than peanuts and sesame. Sunflower is mainly planted in the winter rather than in rainy season," said U Thein Khaing, head of Department of Agriculture for Indaw Township.

It is reported that the township Department of Agriculture is speeding up the educational courses for the expansion of sunflower cultivation in Indaw Township and for the staff and the farmers who will grow sunflowers for high performance.

**SMK**

# Bogale Township supplies 85,000 visses of eels to Yangon market

BOGAlE March 10

Up to 85,000 visses of eels from Bogale Township, Ayeyawady Region were supplied to Yangon Market said Daw Aye Win, the owner of Bogale Township's fishery products trading fair.

"There was a strong demand for eels. In a month, up to 85,000 visses of eels were sold to the Yangon market. The eels from Bogale Township are mainly shipped and sold to the Yangon market. Now that the eel sales are good, the life of eel farmers and workers and those who search and catch eels are comfortable," she said.

These eels are sold to foreign countries such as China, Thailand and Singapore through the Yangon market.

**SK**

# Monywa Township grows over 6,000 acres of winter peanuts

MONYWA March 10

A total of 6,775 acres of peanuts have been planted during this year winter crops planting season in Monywa Township, Monywa District, Sagaing Region, according to statistics from Department of Agriculture for Monywa Township.

During the 2024-2025 winter crop plantings season, 6,850 acres of peanuts have been planned to be planted in Monywa Township, and since October 2024, 6,775 acres have been planted.

"We are working to achieve the target area of cultivation. As for the oil crop, it is in a successful position. As for the cultivation of peanuts, it is improving year by year," said U Soe Thet Aung, head of the Department of Agriculture for Monywa Township.



In Monywa Township, one acre of peanuts is planted with half a basket of seeds, and it is reported that it cost more than Ks-200,000 including the cost of seeds, labor costs, fertilizer and pesticide costs, and if one acre is planted, it yields more than 50 baskets.

**SK**

# Katha Township cultivates over 9,000 acres of summer paddy

KATHA March 10

A total of 9,895 acres of summer paddy have been planted in Katha Township, Katha District, Sagaing Region during this year's summer crops planting season, according to the statistics of the Department of Agriculture for Katha Township.

In the 2024-2025 summer crops planting season, 11,419 acres of summer paddy have been planned to be planted for Katha Township, and it has been started since January this year. To date, 9,895 acres have been planted.

"We are working to ensure that the target acres are met. We provide the farmers with agricultural technology, education on pest prevention. We ensure that crops are not damaged, and the harvested paddy arrives under shelter on time," said U Ko Lay, head of the Department of Agriculture for Katha Township.

In Katha Township, farmers growing summer paddy are being provided with good and clean seeds, technical brochures, farmer education courses and seminars to improve per-acre yield and achieve target yields.

**SMK**

# Kyaukse Township plants 53,181 acres of oilseed crops in this fiscal year

KYAUKSE March 10

Kyaukse Township, located in Kyaukse District, Mandalay Region, is significantly increasing the cultivation of oilseed crops like peanuts, sesame, and sunflower throughout the summer, rainy, and winter seasons. This initiative is aimed at ensuring local self-sufficiency in edible oil. So far, a total of 53,181 acres of oilseed crops have been planted for the 2024-2025 fiscal year.

The planted crops include 280 acres of rain-fed peanuts, 297 acres of winter peanuts, 4,057 acres of rain-fed sesame, 5,135 acres of winter sesame, 30,000 acres of summer sesame, 3,146 acres of rain-fed sunflower, and 10,266 acres of winter sunflower. Expected yields include 11,736 bushels of rain-fed peanuts, 9,640 bushels of winter peanuts, 51,183 bushels of rain-fed sesame, 69,363 bushels of winter sesame, 64,900 bushels of rain-fed sunflower, and 167,247 bushels of winter sunflower.

To help farmers exceed these targets, the Township Agriculture Coordination Committee for Local Edible Oil Self-Sufficiency and Farmers' Socio-Economic Development has been holding regular meetings with them. The Township Irrigation and Water Utilization Management Department, the Agriculture Department, and other relevant departments are providing comprehensive education on seed selection, planting techniques, and proper harvesting and threshing methods tailored to the region.

**SK**

# US officials warn Kiev against maximalist demands – Reuters

WASHINGTON March 10

A Ukrainian demand for the return of land that is now part of Russia would be taken by US President Donald Trump's team as proof of Kiev's unwillingness to pursue peace, insider sources have told Reuters.

Two US officials, speaking on condition of anonymity, have reportedly outlined Washington's expectations ahead of high-level talks with a Ukrainian delegation set to convene in Saudi Arabia on Tuesday.

"You can't say 'I want peace,' and, 'I refuse to compromise on anything'," remarked one source. The other stressed Trump's desire for a "realistic peace," stating, "If they [Ukrainians] are only interested in 2014 or 2022 borders, that tells you something."

In 2014, Crimea voted to secede from Ukraine and join Russia following a Western-backed armed coup in Kiev, while two eastern regions declared independence, also rejecting the new authorities. Following the escalation in the conflict in 2022, the two Donbass regions, plus two others, held referendums to join Russia, and Moscow now recognizes them as its territory.

Kiev claims sovereignty over all former Ukrainian lands, insisting that the votes were "a sham" and not genuine displays of self-determination by disenfranchised citizens. Moscow asserts that the status of the new Russian regions is non-negotiable.

The upcoming round of Russian-American talks follows a disastrous visit by Ukraine's Vladimir Zelensky to the White House last month. The trip was cut short after he publicly questioned the US administration's ability to negotiate with Moscow. The failed meeting derailed plans to sign a minerals agreement, which Washington sees as vital for recovering the money spent to support Kiev in the conflict.

The EU and the UK have criticized Trump for halting arms supplies and intelligence sharing with Ukraine as a means to pressure Zelensky into making concessions. They have pledged to guarantee long-term Ukrainian security, contingent on a ceasefire with Moscow and continued US support.

**RT**

# Storm death toll hits 15 in southern Argentina



BUENOS AIRES March 10

The death toll from the intense storm that struck the southern Argentine port city of Bahia Blanca on Friday has risen to 15, local authorities said Sunday.

Federico Susbielles, mayor of Bahia Blanca, said that the number of fatalities could be even higher due to the magnitude of the meteorological phenomenon that hit the city and surrounding towns.

Activities have been suspended, and the locals have been asked to stay home, he added.

According to an update from the municipality of Bahia Blanca, at least 1,450 people have been evacuated so far, while another 100 are missing.

The government of Argentina arranged an assistance and evacuation operation involving the defence and security ministries as well as the government of the province of Buenos Aires.

Friday's rainstorm was the most intense one in the city's history, breaking the rainfall record set in March 1933, according to official data.

**Xinhua**

# Iran rules out nuclear talks under pressure, intimidation

TEHRAN March 10

Iran's Foreign Minister Seyed Abbas Araghchi stressed Monday that his country will not consider holding nuclear negotiations under pressure and intimidation.

He made the remarks in a post on the social media platform X while reacting to U.S. President Donald Trump's calls for negotiating a nuclear deal with Tehran.

Araghchi said, "We will not negotiate under pressure and intimidation," particularly referring to Washington's military threats and sanctions against Iran. "We will not even consider it (negotiation), no matter what the subject may be. Negotiation is different from bullying and issuing diktats."

The minister reiterated that "Iran's nuclear energy program has always been and will always remain entirely peaceful," denying any accusation of its "potential militarization."

Araghchi added that Iran was holding separate consultations with international stakeholders "on an equal footing and with mutual respect," aiming to explore ways to build more confidence and more transparency on its nuclear program in return for the lifting of "unlawful" sanctions.

In an interview with Fox Business Network broadcast Friday, Trump said he wants to negotiate the nuclear issue with Iran and had sent a letter to the country's leadership.

Speaking at a weekly press conference in Tehran on Monday, Iran's Foreign Ministry Spokesman Esmaeil Baghaei said the country had not received such a letter yet.

**Xinhua**

# Oil tanker, cargo ship collide in North Sea



LONDON March 10

An oil tanker has collided with a cargo vessel in the North Sea off the coast of East Yorkshire, British media reported on Monday.

A number of people have reportedly abandoned the ships following the collision near the coastal city of Hull, the Royal National Lifeboat Institution (RNLI) said in a statement, adding that there are reports of fires on both vessels.

Search and rescue teams from across the region have been deployed to respond to the incident with lifeboats and firefighting teams on the scene. An alarm was first reportedly raised at 9:48 a.m. (0948 GMT).

The tanker involved in the incident is believed to be the U.S.-flagged Stena Immaculate, and the Solong, a Portuguese-flagged container, appears to be colliding with the tanker, according to the BBC, based on marine traffic data.

The Stena Immaculate had traveled from the Greek port of AgioiTheodoroi, and was anchored outside Hull. The Solong, meanwhile, had been sailing from the Scottish port of Grangemouth to Rotterdam, in the Netherlands.

**Xinhua**

# A century ago US built factories in Donbass – Now Russia invites foreign firms for rare earth metals

MOSCOW March 10

Russian President Vladimir Putin said Russia is open to working with foreign companies, including from the US, on rare earth metal mining in the Donbass and Novorossiya regions which have rejoined Russia. Russia has a history of foreign partnerships there – here are some examples.

In the late 1920s and early 1930s, US companies helped industrialize the USSR. The cooperation was mutually beneficial as the US was suffering the Great Depression, while the Soviets needed rapid growth after World War I, the 1917 revolution and the Civil War.

The USSR partnered with Albert Kahn, known as "the man who built Detroit." His firm, Albert Kahn Associates, designed 570 industrial sites across the USSR, including in the Donetsk, Dnepropetrovsk and Kharkov regions. Among them were a foundry in Lugansk and a heavy machinery plant in Kramatorsk.

**Sputnik**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# English Grammar in Use (Intermediate Level)

Unit 23

## I will and I'm going to

**A** Future actions

Compare **will** and **(be) going to:**

Sarah is talking to Helen:




will (We'll invite...)

We use **will** (We'll invite....) to announce a new decision. The party is a new idea.




Later that day, Helen meets Max:




**(be) going to** (We**'re going to** invite....)

We use **(be) going to** when we have *already decided* to do something.

Helen had already decided to invite lots of people before she spoke to Max.




Compare

- 'Gary has been trying to contact you.' 'Has he?Ok, **I'll call** him.'
  'Gary has been trying to contact you.' 'Yes, I know. **I'm going to call** him.'
- 'Anna is in hospital.' 'Really? I didn't know. **I'll go** and visit her.'
  'Anna is in hospital.' 'Yes, I know. **I'm going to visit** her this evening.'

**B** Future happenings and situations (predicting the future)

We use both **will** and **going to** for future happenings and situations. So you can say:

- I think the weather **will be** nice later. or
  I think the weather **is going to be** nice later.
- Those shoes are well-made. They**'ll last** a long time. or
  Those shoes are well-made. They**'re going to last** a long time.

When we say something **is going to** happen, we believe this because of the situation now. What is happening now shows that something **is going to** happen in the future. For example:


- Look at those black clouds. It**'s going to rain**. (not it will rain)
  (we can see that it **is going to rain** – the black clouds are in the sky now)

Compare:

- **We're going to be** late. The meeting starts in five minutes and it takes 15 minutes to get there.
  (it is clear *now* that we don't have enough time to get there)
- Jane **will be** late for the meeting. She's always late.
  (I believe this because I know what Jane is like)

I'm going to — Unit 20 will — Units 21–22 The future — Appendix 3

Raymond Murphy




**➲ ကျောဖုံးမှအဆက်**

ပညာသင်ကြားနိုင်သည်ဟု မက်လုံးများပေး၍ လိမ်လည်ဆောင်ရွက်လျက်ရှိကြောင်း၊ ၎င်းတို့အပေါ် ယုံကြည်ခဲ့သည့် ကျောင်းသား/ကျောင်းသူများသည် ပြည်ပတက္ကသိုလ်များ၌ ပညာသင်ကြားရန် လျှောက်ထားရာတွင် စာရွက်စာတမ်းများ၊ ဘွဲ့လက်မှတ်များမှာ တရားဝင်မှုမရှိသောကြောင့် သက်ဆိုင်ရာတက္ကသိုလ်များမှ လက်မခံသည့်အတွက် ကျောင်းတက်ရောက်ရန် အခက်အခဲများဖြစ်ပေါ်လျက်ရှိကြောင်း သိရှိရသည်။

ကေဇင်ထွန်းသည် ၂၀၁၁ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ဆေးတက္ကသိုလ်(မန္တလေး)၌ ပညာသင်ကြားခဲ့ပြီး ကလေးဆေးရုံကြီး (မန္တလေး)နှင့် မန္တလေးဗဟိုအမျိုးသမီးဆေးရုံကြီးတို့တွင် အလုပ်သင်ဆရာဝန်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် ဆေးတက္ကသိုလ် (မန္တလေး)မှ ဆေးပညာဘွဲ့လက်မှတ်ရရှိခဲ့ပြီး ဆက်လက်တာဝန်ထမ်းဆောင်ခဲ့ခြင်းမရှိဘဲ ပြည်ပသို့ တရားမဝင်ထွက်ခွာသွားခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလတွင် အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော NUG အဖွဲ့ လက်အောက်ခံ တရားမဝင်ဆေးတက္ကသိုလ် (မန္တလေး)၊ ယာယီတက္ကသိုလ်ကောင်စီနာယက သစ္စာမဲ့ဝန်ထမ်း(Disloyalty Civil



သစ္စာမဲ့ဝန်ထမ်း(Disloyalty Civil Servant-DCS)ဖြစ်သူ ခင်မောင်လွှင်(ဆေးတက္ကသိုလ်-မန္တလေး၊ ပါမောက္ခချုပ် အဖြစ်မှ ထုတ်ပယ်ခံထားရသူ)



ယာယီဆေးပညာဘွဲ့လက်မှတ်အတု ပြုလုပ်ခဲ့သူ ကေဇင်ထွန်း



ရွှေပြည်အောင် Notary ဆိုင်ပိုင်ရှင် ရှေ့နေလှဝင်း



အောင် Notary ဆိုင်ပိုင်ရှင် အေးသီတာ



Angel Online Notary Service လုပ်ကိုင်သူ အိလှဲ့လှဲ့ထွန်း



လပြည့်ဝန်း Notary ဆိုင်ပိုင်ရှင် ဇာနည်လွှင်(ခ)လပြည့်



Notary ဌာနစိတ်(ရန်ကုန်)မှ ဒုတိယညွှန်ကြားရေးမှူး အောင်ကျော်မိုး



Notary ဌာနစိတ်(ရန်ကုန်)မှ ရုံးအုပ် နိုင်နိုင်လတ်



Notary ဌာနစိတ်(ရန်ကုန်)မှ ရုံးအုပ် မောင်မောင်ချစ်စန်းဦး

Servant-DCS) ဖြစ်သူ ခင်မောင်လွှင် (ဆေးတက္ကသိုလ်- မန္တလေး၊ ပါမောက္ခချုပ်အဖြစ်မှထုတ်ပယ်ခံထားရသူ)မှ တရားမဝင်ထုတ်ပေးခဲ့သည့် ယာယီဆေးပညာဘွဲ့လက်မှတ်(အတု)ဖြင့် ဒူဘိုင်းမြို့တွင် ဆက်လက်ပညာသင်ကြားရန်အတွက် တရားမဝင်လျှောက်ထားခဲ့ကြောင်း သိရှိရသည်။

၂၀၂၅ ခုနှစ်၊ မတ်လ ၄ ရက်တွင် ဒူဘိုင်းမြို့ရှိ The Data flow Group Company မှ ကေဇင်ထွန်း၏ ပညာဆက်လက်သင်ကြားရန်လျှောက်ထားမှုနှင့်ပတ်သက်၍ သံသယရှိသဖြင့် ယာယီဆေးပညာဘွဲ့လက်မှတ်အား အတည်ပြုပေးနိုင်ရန် မြန်မာနိုင်ငံရှိ ဆေးတက္ကသိုလ်(မန္တလေး)သို့ အကြောင်းကြားလာခဲ့ကြောင်း၊ အဆိုပါ ယာယီဆေးပညာဘွဲ့လက်မှတ်အား တာဝန်ရှိသူများမှ စိစစ်ခဲ့ရာ အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော NUG အဖွဲ့ လက်အောက်ခံ တရားမဝင် ဆေးတက္ကသိုလ်(မန္တလေး)မှ ထုတ်ပေးသည့် ယာယီဆေးပညာဘွဲ့လက်မှတ်(အတု)ဖြစ်ကြောင်း သိရှိရသည့်အတွက် ကျန်းမာရေးဝန်ကြီးဌာနသို့ ဆက်လက်သတင်းပို့တင်ပြခဲ့ပါသည်။

ကေဇင်ထွန်း၏ ယာယီဆေးပညာဘွဲ့လက်မှတ်(အတု)ပြုလုပ်ပေးခဲ့မှုနှင့်ပတ်သက်၍ စိစစ်ရန်အတွက် ၂၀၂၅ ခုနှစ်၊ မတ်လ ၅ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်ရှိ ရွှေပြည်အောင် Notary ဆိုင်ပိုင်ရှင် ရှေ့နေ လှဝင်း၊ လပြည့်ဝန်း Notary ဆိုင်ပိုင်ရှင် ဇာနည်လွှင် (ခ)လပြည့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကောင်စစ်ရေးရာနှင့်ဥပဒေရေးရာဦးစီးဌာန၊ Notary ဌာနစိတ်(ရန်ကုန်)မှ ဒုတိယညွှန်ကြားရေးမှူးအောင်ကျော်မိုးတို့ ၃ ဦးအားလည်းကောင်း၊ မတ်လ ၆ ရက်တွင် Notary ဌာနစိတ်(ရန်ကုန်)မှ ရုံးအုပ်များဖြစ်ကြသော နိုင်နိုင်လတ်နှင့် မောင်မောင်ချစ်စန်းဦး၊ ကျောက်တံတားမြို့နယ်ရှိ အောင် Notary ဆိုင်ပိုင်ရှင် အေးသီတာနှင့် ဆိပ်ကြီးခနောင်တိုမြို့နယ်ရှိ Angel Online Notary Service လုပ်ကိုင်သူ အိလှဲ့လှဲ့ထွန်းတို့ ၄ ဦးအားလည်းကောင်း ထိန်းသိမ်းဆောင်ရွက်ခဲ့ပါသည်။

၎င်းတို့၏စိစစ်ရရှိချက်များအရ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလတွင် ကေဇင်ထွန်းမှ အိလှဲ့လှဲ့ထွန်း(Angel Online Notary Service) အား ဆက်သွယ်၍ ၎င်း၏ အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော NUG အဖွဲ့ လက်အောက်ခံတရားမဝင်ဆေးတက္ကသိုလ်(မန္တလေး)မှယာယီဆေးပညာဘွဲ့လက်မှတ်(အတု)အား Notary(သက်သေခံချက်)ပြုလုပ်ပေးရန် ငွေကြေးပေး၍ စေခိုင်းခဲ့ကြောင်း၊ အိလှဲ့လှဲ့ထွန်းမှကေဇင်ထွန်း၏ဘွဲ့လက်မှတ်(အတု)အား Notary (သက်သေခံချက်)ပြုလုပ်ရန်နှင့် Notary ဌာနစိတ်(ရန်ကုန်)မှ ထပ်ဆင့်လက်မှတ်ရရှိရန် ဇာနည်လွှင် (ခ)လပြည့် (လပြည့်ဝန်း Notary ဆိုင်ပိုင်ရှင်)အား ငွေကြေးပေး၍ ထပ်မံစေခိုင်းခဲ့ကြောင်း၊


**စာမျက်နှာ ၂၃ သို့ ➲**

**⊃ စာမျက်နှာ ၂၂ မှအဆက်**

ဇာနည်လွင်(ခ)လပြည့်သည် ၎င်း Notary (သက်သေခံချက်)(အတု)အား ရွှေ့နေလှဝင်း (ရွှေပြည်အောင် Notary ဆိုင်ပိုင်ရှင်)ထံသို့ ငွေကြေးပေး၍ ရွှေ့နေလက်မှတ်ရေးထိုးစေခဲ့ပြီး အေးသီတာ(အောင် Notary ဆိုင်ပိုင်ရှင်)နှင့်ချိတ်ဆက်၍ နိုင်ငံခြားရေးဝန်ကြီးဌာနမှထပ်ဆင့်လက်မှတ်ရရှိနိုင်ရန် ငွေကြေးပေး၍စေခိုင်းခဲ့ကြောင်း၊ အေးသီတာသည် ၎င်း Notary(သက်သေခံချက်)(အတု)အား နိုင်ငံခြားရေးဝန်ကြီးဌာန၊ Notary ဌာနစိတ်(ရန်ကုန်)တွင် လက်မှတ်ရေးထိုးနိုင်ရန် ပွဲစား ခိုင်ခိုင်(ထွက်ပြေးတိမ်းရှောင်)အား ငွေကြေးပေး၍ စေခိုင်းခဲ့ကြောင်း သိရှိရပါသည်။

ပွဲစား ခိုင်ခိုင်(ထွက်ပြေးတိမ်းရှောင်)သည် ကေဇင်ထွန်း၏ Notary(သက်သေခံချက်)(အတု)အား Notary ဌာနစိတ်(ရန်ကုန်)မှ ထပ်ဆင့်လက်မှတ်ရရှိရန် ရုံးအုပ် မောင်မောင်ချစ်စန်းဦးနှင့် ရုံးအုပ်နိုင်နိုင်လတ်တို့အား ငွေကြေးပေး၍ ဆောင်ရွက်စေခဲ့ကြောင်း၊ ရုံးအုပ် မောင်မောင်ချစ်စန်းဦးနှင့် ရုံးအုပ် နိုင်နိုင်လတ်တို့မှ Notary (သက်သေခံချက်)(အတု)အား ဒုတိယညွှန်ကြားရေးမှူး အောင်ကျော်မိုးထံသို့ ဆက်လက်တင်ပြခဲ့ကြောင်း၊ ဒုတိယညွှန်ကြားရေးမှူး အောင်ကျော်မိုးမှ ငွေကြေးရယူ၍ ၎င်း Notary(သက်သေခံချက်)(အတု)အား လက်မှတ်ရေးထိုးပေးခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော NUG အဖွဲ့လက်အောက်ခံတရားမဝင်ဆေးတက္ကသိုလ်(မန္တလေး)၊ ယာယီတက္ကသိုလ်ကောင်စီမှ



Republic of the Union of Myanmar
Ministry of Education, National Unity Government
Department of Human Resource for Health
Interim Council of University of Medicine, Mandalay
Mandalay, Myanmar
MBBS RECORD

Rector – rector@ummdy.org
Registrar – office@ummdy.org
email – office@ummuniversitycouncil.org

1. Name – Kay Zin Tun
2. Date of Admission – December 2011 Date of Leaving – December 2019
3. Date of Passing the M.B., B.S Degree Examination – 30-11-2018 (R/N –13883)

| Duration of the Course | OFFICIAL SEAL OF THE UNIVERSITY Subjects | No. of weeks taken | Hours per week | | Completion status | Remarks |
|---|---|---|---|---|---|---|
| | | | Lectures | Practical & Tutorial | | |
| 1st M.B., B.S (1 Academic Year) | English | 40 | 2 | 4 | Completed | |
| | Myanmar | | 1 | 2 | Completed | |
| | Physics | | 3 | 2 | Completed | |
| | Mathematics | | 1 | 1 | Completed | |
| | Chemistry | | 4 | 2 | Completed | |
| | Botany | | 3 | 2 | Completed | |
| | Zoology | | 3 | 2 | Completed | |
| 2nd M.B., B.S (1½ Academic Year) | Anatomy | 50 | 6 | 5 | Completed | |
| | Physiology | | 6 | 5 | Completed | |
| | Biochemistry | | 5 | 6 | Completed | |
| 3rd M.B., B.S (1 Academic Year) | Pharmacology | 40 | 3 | 2.4 | Completed | |
| | Microbiology | 40 | 4 | 3 | Completed | |
| | General Pathology | 40 | 4 | 2 | Completed | |
| | Clinical Posting | 36 | 5 | 10 | Completed | |
| Final M.B., B.S Part I (1 Academic Year) | Pathology | 37 | 4 | 3 | Completed | 2nd Attempt |
| | Forensics | 37 | 4 | 2 | Completed | 2nd Attempt |
| | Preventive & Social Medicine | 40 | 2 | 4 | Completed | 2nd Attempt |
| | Clinical Posting | 37 | 5 | 10 | Completed | |
| Final M.B., B.S Part II (1½ Academic Year) | Medicine | 16 | 10 | 15 | Completed | |
| | Surgery | 16 | 10 | 15 | Completed | |
| | Obst: & Gynaecology | 16 | 10 | 15 | Completed | |
| | Paediatrics | 16 | 10 | 15 | Completed | |
| House Officer Training (1 Academic Year) | Medicine | 13 | 4 | 56 | Completed | Satisfactory |
| | Surgery | 13 | 4 | 56 | Completed | Satisfactory |
| | Obst: & Gynaecology | 13 | 4 | 56 | Completed | Satisfactory |
| | Paediatrics | 11 | 4 | 56 | Completed | Satisfactory |
| | Community Medicine | 2 | 10 | 20 | Completed | Satisfactory |

Dated 28-9-2024

UNIVERSITY OF MEDICINE-MANDALAY

Registrar


(Prof. Khin Maung Lwin)
Patron
University of Medicine, Mandalay

**အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော NUG အဖွဲ့လက်အောက်ခံ တရားမဝင်ဆေးတက္ကသိုလ်(မန္တလေး)မှထုတ်ပေးထားသည့် ကေဇင်ထွန်း၏အမှတ်စာရင်းအတု**

ထုတ်ပေးခဲ့သည့် တရားမဝင် ယာယီဆေးပညာဘွဲ့လက်မှတ်အတုဖြင့် UAE နိုင်ငံ၊ ဒူဘိုင်းမြို့တွင် ဆက်လက်ပညာသင်ကြားရန်လျှောက်ထားသည့် ကေဇင်ထွန်းအား Black List (အမည်မည်းစာရင်း)ရေးသွင်း၍ ဖော်ထုတ်ဖမ်းဆီးကာ တရားဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး ကေဇင်ထွန်း၏ ယာယီဆေးပညာဘွဲ့လက်မှတ်(အတု)အား Notary (သက်သေခံချက်)ပြုလုပ်ပေးခဲ့သူများဖြစ်ကြသော အိလဲ့လဲ့ထွန်း(Angel Online Notary Service)၊ ဇာနည်လွင်(ခ)လပြည့် (လပြည့်ဝန်း Notary ဆိုင်ပိုင်ရှင်)၊ ရွှေ့နေလှဝင်း(ရွှေပြည်အောင် Notary ဆိုင်ပိုင်ရှင်) နှင့် အေးသီတာ(အောင် Notary ဆိုင်ပိုင်ရှင်) တို့ ၄ ဦးအားလည်းကောင်း၊ ၎င်းဘွဲ့လက်မှတ်(အတု)အား ထပ်ဆင့်လက်မှတ်ရေးထိုးခြင်းများ ဆောင်ရွက်ပေးခဲ့သည့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ Notary ဌာနစိတ် (ရန်ကုန်)မှ ဒုတိယညွှန်ကြားရေးမှူး အောင်ကျော်မိုး၊ ရုံးအုပ်များဖြစ်ကြသော နိုင်နိုင်လတ်နှင့် မောင်မောင်ချစ်စန်းဦးတို့ ၃ဦးအားလည်းကောင်း၊ ထွက်ပြေးတိမ်းရှောင်နေသူ ပွဲစား ခိုင်ခိုင်အားလည်းကောင်း ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မိဘပြည်သူများအနေဖြင့်လည်း မိမိတို့၏သား/သမီးများအား နိုင်ငံတော်အစိုးရက ဖွင့်လှစ်ထားသောတက္ကသိုလ်များတွင်သာ တက်ရောက်ပညာသင်ကြားစေရေးပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်၊ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော NUG အဖွဲ့မှ တရားမဝင်ဖွင့်လှစ်ထားသည့် တက္ကသိုလ်အပါအဝင် ပညာရေးကျောင်းများတွင် စာသင်ကြားမှုများမပြုလုပ်ရန်၊ ၎င်းတရားမဝင်တက္ကသိုလ်များ၊ ပညာရေးကျောင်းများ၊ အွန်လိုင်းပညာရေးစနစ်များနှင့်ပတ်သက်၍ သတင်းရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာဆက်သွယ်သတင်းပေးပို့စေလိုကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

(၁၀၀)



**ရွှေ့နေလှဝင်း၏ Notary(သက်သေခံချက်)ပြုလုပ်ရာတွင် အသုံးပြုခဲ့သည့် မှတ်ပုံတင်စာအုပ်နှင့် တံဆိပ်တုံးများအား တွေ့ရစဉ်။**

---

**❑ ကျောဖုံးမှအဆက်**

ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျလွှဲပြောင်းပေးလျက်ရှိရာ ကရင်ပြည်နယ်၊ မြဝတီမြို့-ရွှေကုက္ကိုလ်၊ မယ်ထော်သလေးနှင့် KK Park နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၂၈၃ ဦးကို ယနေ့တွင် သက်ဆိုင်ရာနိုင်ငံသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၃၅၇ ဦးကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

ရှေးဦးစွာ ကရင်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီးမင်းသူကျော်နှင့် တာဝန်ရှိသူများက ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် တွေ့ဆုံဆွေးနွေးပွဲကျင်းပခဲ့ရာ ကရင်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမင်းသူကျော်နှင့် တာဝန်ရှိသူများ၊ ထိုင်းတပ်မတော် ဒုတိယကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဥကရစ်ဘွန်တန်နွန်နှင့်တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးမှ သံအမတ်ကြီး H.E. Mr. Pranav .Ganesh နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှတာဝန်ရှိသူများတက်ရောက်ခဲ့ကြပြီး မြန်မာ - ထိုင်း-တရုတ် သုံးနိုင်ငံပူးပေါင်း၍ အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scam)နှင့် အွန်လိုင်းလောင်းကစားမှု (Online Gambling) တိုက်ဖျက်ရေးလုပ်ငန်းများကို အရှိန်မြှင့်တင်ဆောင်ရွက်ရေး၊ မူရင်းနိုင်ငံ၊ ဖြတ်သန်းနိုင်ငံနှင့် ဆိုက်ရောက်နိုင်ငံတို့အကြား လွှဲပြောင်းလက်ခံရေးလုပ်ငန်းစဉ်များ စနစ်တကျဆောင်ရွက်နိုင်ရေးကိစ္စရပ်များ၊ အဆိုပါ နိုင်ငံများအကြား Task Force ဖွဲ့စည်းပြီး Action Plan ရေးဆွဲ၍ ပူးပေါင်းဆောင်ရွက်သွားမည့် အစီအမံများ၊ တတိယနိုင်ငံသားများအား ထိုင်းနိုင်ငံမှတစ်ဆင့်သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးလွှဲပြောင်းနိုင်ရေး ညှိနှိုင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ဆက်လက်၍ပြည်နှင်လွှဲပြောင်းပေးအပ်မည့်ကိစ္စရပ်များဆောင်ရွက်ခဲ့ရာ မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

အလားတူ မြဝတီမြို့-မယ်ထော်သလေးနယ်မြေသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် ပြည်ပနိုင်ငံသား ၃၅၇ ဦးကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများစာရင်းကောက်ယူခြင်းလုပ်ငန်းများကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့်ဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ မတ်လ ၁၀ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၅၁၉၉ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၂၄၇၂ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၂၇၂၇ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

အဆိုပါထိန်းသိမ်းခဲ့သည့်ပြည်ပနိုင်ငံသား ၅၁၉၉ ဦးသည် တရုတ်၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ မလေးရှား၊ ပါကစ္စတန်၊ အိန္ဒိယ၊ ယူဂန်ဒါ၊ အီသီယိုးပီးယား၊ နီပေါ၊ ထိုင်း၊ ရဝမ်ဒါ၊ ကင်ညာ၊ ကာဇက်စတန်၊ ကမ္ဘောဒီးယား၊ ဂါနာ၊ ဘင်္ဂလားဒေ့ရှ်၊ ဂျပန်နှင့် တရုတ်(တိုင်ပေ)တို့မှနိုင်ငံသားများဖြစ်ကြပြီး အများစုမှာ တရုတ်နိုင်ငံသားများဖြစ်ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

---

**ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း**

၁။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၂။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၃။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၄။ Myawady Webportal
https://myawady.net.mm

၅။ Myanmar National Portal
https://myanmar.gov.mm

---

**ထူးခြားသည့်နေ့အပူချိန်များ**

၁၀-၃-၂၀၂၅

| | | | | |
|---|---|---|---|---|
| သိမ်ဇရပ် | ၄၀ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ရွှေကျင် | ၃၉ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |
| ချောက် | ၃၉ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |
| ဘားအံ | ၃၉ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |
| အောင်လံ | ၃၉ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယက် |
| ဘားအံ (စိုက်ပျိုးရေးမိုးလေဝသ) | ၃၉ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |
| မြဝတီ | ၃၉ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |
| တောင်ငူ | ၃၉ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ညောင်လေးပင် | ၃၉ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |

# မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးများသို့ သွားရောက်တာဝန်ထမ်းဆောင်ကြမည့် အရာထမ်း/အမှုထမ်းများအား ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး တွေ့ဆုံအမှာစကားပြောကြား

**နေပြည်တော် မတ် ၁၀**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပြည်ပရှိ မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးများသို့ သွားရောက်တာဝန်ထမ်းဆောင်ကြမည့် အရာထမ်း/အမှုထမ်းများအား တွေ့ဆုံ အမှာစကားပြောကြားသည့်အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ရောဝတီခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ဒုတိယဝန်ကြီး ဦးလွင်ဦးနှင့် ဦးကိုကိုကျော်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ပြည်ပသို့ သွားရောက်တာဝန်ထမ်းဆောင်ကြမည့် အရာထမ်း/အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ သံရုံး၊ အဖွဲ့ရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးများတွင် သွားရောက်တာဝန်ထမ်းဆောင်ကြမည့် အရာထမ်းများနှင့် အမှုထမ်းများက သွားရောက်တာဝန်ထမ်းဆောင်ခဲ့သည့် နိုင်ငံများ၊ ယခုသွားရောက်တာဝန်ထမ်းဆောင်ရမည့် နိုင်ငံများကို တစ်ဦးချင်းစီ မိတ်ဆက်တင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် သံတမန်ဝန်ထမ်းတစ်ဦးအတွက် အရေးကြီးဆုံးတာဝန်သည် နိုင်ငံတော်နှင့် လူမျိုးအပေါ် သစ္စာစောင့်သိရိုသေရန် ဖြစ်ကြောင်း၊ သံတမန်တစ်ဦးသည် အရည်အသွေး၊ အရည်အချင်းများနှင့် ပြည့်စုံပြီး ဆင်ခြင်တုံတရားရှိရှိဆောင်ရွက်နိုင်မှသာ မိမိကိုယ်မိမိ တန်ဖိုးမြှင့်တင်နိုင်မည်ဖြစ်ကြောင်း၊ သံတမန်ဆိုသည်မှာ လူအင်အားအနည်းဆုံးဖြင့် ကြီးမားသည့် တာဝန်ကို ထမ်းဆောင်ရခြင်းဖြစ်၍ သံတမန်အရည်အသွေးများ တိုးတက်နေအောင်၊ ထက်မြက်နေအောင် အစဉ်အမြဲကြိုးစားကြရမည်ဖြစ်ကြောင်း။



နိုင်ငံနှင့် လူမျိုးအတွက် အကျိုးဖြစ်ထွန်းမည့် ကိစ္စရပ်များကို သတ္တိရှိရှိ တာဝန်ထမ်းဆောင်ရန် မှာကြားလိုကြောင်း၊ ဝန်ထမ်းများ လိုက်နာရမည့်စည်းကမ်း၊ စောင့်ထိန်းရမည့် ကျင့်ဝတ်များကို သိရှိထားရန်လိုအပ်ကြောင်း၊ သံတမန်ကျင့်ဝတ်နှင့်အညီ နေထိုင်ပြီး ပေးအပ်သည့် တာဝန်များကို စိတ်ရင်းစေတနာထား၍ မျှော်မှန်းချက်ရှိရှိ ဆောင်ရွက်ရန်လိုကြောင်း။

သံတမန်ဝန်ထမ်းများအနေဖြင့် တာဝန်ထမ်းဆောင်ရာတွင် မိမိနိုင်ငံ၏ အကျိုးဖြစ်ထွန်းအောင်၊ နှစ်နိုင်ငံ အကျိုးဖြစ်ထွန်းအောင်၊ ဆက်ဆံရေးတိုးတက်အောင် ဆင်ခြင်တုံတရားဖြင့် ဆောင်ရွက်သွားကြရမည်ဖြစ်ပြီး ရန်သူကို မိတ်ဆွေဖြစ်အောင်၊ မိတ်ဆွေကို အကျိုးစီးပွားဖြစ်ထွန်းအောင် လုပ်ဆောင်ရန် အရေးကြီးကြောင်း။

သံတမန် တစ် ဦးဖြစ် သည့် အတွက် Capacity Building ကို အစဉ်အမြဲ မြှင့်တင်နေရန်လိုအပ်ပြီး သားသမီးများ၏ ပညာရေးကိုလည်း အားပေးရန် မှာကြားလိုကြောင်း၊ ယနေ့ခေတ် တိုးတက်လာသည့် နည်းပညာရပ်များကို လေ့လာသင်ယူပြီး ထိရောက်စွာ အသုံးချတတ်ရန်လိုအပ်ကြောင်း။

ထို့ပြင် သံတမန်တစ်ဦးအနေဖြင့် ဘာသာစကားများ ကျွမ်းကျင်မှုရှိအောင် အစဉ်အမြဲကြိုးစားကြရမည်ဖြစ်ပြီး ကမ္ဘာသုံးဘာသာစကား၊ သွားရောက်တာဝန်ထမ်းဆောင်မည့် နိုင်ငံ၏ဘာသာစကားကိုပါ တတ်မြောက်ကျွမ်းကျင်ရန် ကြိုးစားလေ့လာသင်ယူစေလိုကြောင်း မှာကြားခဲ့ကြောင်း သိရသည်။

(ဥ၀၀)

## အမျိုးသမီးများ ချစ်ကြည်ဖလှယ်ရေးဆွေးနွေးပွဲကျင်းပ



**နေပြည်တော် မတ် ၁၀**

အမျိုးသမီးများ ချစ်ကြည်ဖလှယ်ရေးဆွေးနွေးပွဲကို မတ်လ ၆ ရက်က တရုတ်နိုင်ငံ ထယ်ဟုန်ပြည်နယ်ခွဲ မန်စီမြို့ အသက်မွေးဝမ်းကျောင်းကောလိပ်အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း(ဗဟို) ဒုတိယဥက္ကဋ္ဌ မူဆယ်ရုံးခွဲဥက္ကဋ္ဌ ဦးခင်ဦး(ခ) ဦးရှင်ဖူး၊ နာယက ဒေါ်စစ်စိန်နှင့်အဖွဲ့တို့ တက်ရောက်ခဲ့ကြသည်။

ဆွေးနွေးပွဲတွင် နှစ်နိုင်ငံတာဝန်ရှိသူများသည် တရုတ်-မြန်မာ နှစ်နိုင်ငံအကြား လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ ယဉ်ကျေးမှု အစရှိသည့် လုပ်ငန်းများတွင် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုကို အခြေခံကာ နှစ်ဖက်အမျိုးသမီးများ၏ အလုပ်အကိုင်အခွင့်အရေး၊ ဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်ပေးရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲအပြီးတွင် တက်ရောက်လာကြသူများသည် နှစ်ဖက်လက်ဆောင်ပစ္စည်းပေးအပ်ခြင်း၊ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခြင်းတို့ကို ဆောင်ရွက်၍ ချစ်ကြည်ရေးအထိမ်းအမှတ် စံကားပင်စိုက်ပျိုးခြင်းများ ဆောင်ရွက်ခဲ့ကြပြီး ထယ်ဟုန်ပြည်နယ်ခွဲပြတိုက်၊ အသက်မွေးဝမ်းကျောင်းကောလိပ်၊ သူငယ်တန်းကျောင်း၊ အမျိုးသမီးနှင့် ကလေးဆေးရုံတို့ကို လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

## စာစစ်ဌာနများ၌ မီးဘေးလုံခြုံရေးစစ်ဆေးအကြံပြုခြင်းများကွင်းဆင်းဆောင်ရွက်

**ညောင်ဦး မတ် ၁၀**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်း တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုရန်စီစဉ်ထားရှိသော စာစစ်ဌာနများ၌ မီးဘေးအန္တရာယ်ကင်းဝေးစေရန် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့က မီးဘေးလုံခြုံရေးစစ်ဆေးအကြံပြုခြင်းများကို မတ်လ ၉ ရက်က ကွင်းဆင်းဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ညောင်ဦးမြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးကျော်မင်းသူဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကျင်းပမည့် ညောင်ဦးမြို့(အ.ထ.က) စာစစ်ဌာနသို့သွားရောက်ပြီး ဆရာ၊ ဆရာမများနှင့်တွေ့ဆုံကာ မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိရမည့်လုပ်ငန်းများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် စာသင်ကျောင်းဆောင်များ၊ စာဖြေခန်းများနှင့် ကျောင်းပတ်ဝန်းကျင် မီးဘေးလုံခြုံရေးအတွက် မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးအကြံပြုခြင်း၊ လျှပ်စစ်မီးကြိုးများ သွယ်တန်းထားရှိမှုနှင့်ပတ်သက်၍ မီးဘေးလုံခြုံစိတ်ချရမှု ရှိ/မရှိ၊ မီးဘေးကာကွယ်ရေးသုံးပစ္စည်းများ ကြိုတင်ပြင်ဆင်ထားရှိမှု၊ အရေးပေါ် မီးငြိမ်းသတ်ရေးလုပ်ငန်းအတွက် ရေသိုလှောင်ထားရှိမှုနှင့် ပြင်ပမှမီးကူးစက်ပြန့်ပွားမှုမရှိစေရေး သန့်ရှင်းရေးပြုလုပ်ဆောင်ရွက်ထားမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဖြည့်စွက်ဆောင်ရွက်ရန် လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

## မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင် ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ (Free to Air – FTA)ဖြင့် အခမဲ့ထုတ်လွှင့်လျက်ရှိရာ (MRTV–HD Channel)မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိပါသည်။

၂။ ယခုအခါ ၂၀၂၅ ခုနှစ်၊ မတ်လ (၂၇)ရက်နေ့တွင် ရောက်ရှိမည့် နှစ်(၈၀)ပြည့် **"တပ်မတော်နေ့"**ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် (၁၄-၃-၂၀၂၅)ရက် (သောကြာနေ့) ညတွင် တပ်မတော်ဆိုင်ရာတေးသီချင်းများကို မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ ပြင်ပ/ဌာနအဆိုရှင်များဖြင့် စုပေါင်း၍ **"ပြည်ချစ်သားမွန် တေးသဝဏ်"** ပွဲစဉ်(၂) ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်၍ အောက်ပါ တေးသီချင်းများအား အခမဲ့အသုံးပြုသွားမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံအသိပေးအကြောင်းကြားပါသည်-

**(၁၄-၃-၂၀၂၅)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအစီအစဉ်မှ "ပြည်ချစ်သားမွန် တေးသဝဏ်" ပွဲစဉ်(၂) ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၀)ပုဒ်**

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | ရွှေကျီးလေးသာသောတစ်နေ့ | ဌာနအဆိုရှင် |
| ၂။ | စစ်သားလဲလွမ်းနေရတယ် | ဌာနအဆိုရှင် |
| ၃။ | ရှေ့တန်းပြန်ချစ်သူ | ပြင်ပအဆိုရှင် |
| ၄။ | ဂုဏ်ယူကာလွမ်းတော့ချစ်သူရေ | ပြင်ပအဆိုရှင် |
| ၅။ | မြန်မာ့သားကောင်းများသို့ | ပြင်ပအဆိုရှင် |
| ၆။ | ပြည်သူ့အတွက်တပ်မတော် | တူယှဉ်နွဲပျော် ဂီတပွဲတော် ဆုရအဆိုရှင် |
| ၇။ | တို့ရည်မှန်းချက် | တူယှဉ်နွဲပျော် ဂီတပွဲတော် ဆုရအဆိုရှင် |
| ၈။ | အချစ်တစ်ပွဲ စစ်ပွဲတစ်ရာ | ပြင်ပအဆိုရှင် |
| ၉။ | အောင်ပန်းဆင်ခဲ့စစ်ပွဲတစ်ရာ | ပြင်ပအဆိုရှင် |
| ၁၀။ | ရေဆန်လမ်း | ပြင်ပအဆိုရှင် |

# "Capacity Building for SOCA and ASCC Sectoral Bodies of CLMV Countries on the ASCC Blueprint 2025 M&E System, including the End-Term Review of the ASCC Blueprint 2025" သင်တန်းကို အိမ်ရှင်နိုင်ငံအဖြစ် အောင်မြင်စွာလက်ခံကျင်းပနိုင်ရေး ဦးစီးကော်မတီအစည်းအဝေးကျင်းပ



နေပြည်တော် မတ် ၁၀

"Capacity Building for SOCA and ASCC Sectoral Bodies of CLMV Countries on the ASCC Blueprint 2025 M&E System, including the End–Term Review of the ASCC Blueprint 2025" သင်တန်းကို အိမ်ရှင်နိုင်ငံအဖြစ် အောင်မြင်စွာလက်ခံကျင်းပနိုင်ရေးဦးစီးကော်မတီ အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင်အမျိုးသားစာကြည့်တိုက် (နေပြည်တော်) Orientation ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဲ၊ ဝန်ကြီးဌာနများမှ ဖိတ်ကြားထားသူများ၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်နှင့် လုပ်ငန်းကော်မတီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက ယခုသင်တန်းကို အာဆီယံ-တရုတ် ပူးပေါင်းဆောင်ရွက်ရေး ရန်ပုံငွေ ၂၀၂၅ (ASEAN–China Cooperation Fund (ACCF) ၏ အထောက်အပံ့ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး သင်တန်းဆရာများအဖြစ် အာဆီယံအတွင်းရေးမှူးချုပ်ရုံးရှိ ကဏ္ဍအလိုက် တာဝန်ရှိကျွမ်းကျင်သူများက လာရောက်ပို့ချပေးမည်ဖြစ်ကြောင်း၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးကကြီးမှူးပြီး အာဆီယံ လူမှု-ယဉ်ကျေးမှုအသိုက်အဝန်းမဏ္ဍိုင်တွင် ပါဝင်သည့် ဆက်စပ်ဝန်ကြီးဌာနများ၏ အာဆီယံလူမှု-ယဉ်ကျေးမှုအသိုက်အဝန်း အခြေပြမြေပုံ ၂၀၂၅ ပါ မဟာဗျူဟာမြောက် လုပ်ငန်းစဉ်များ၊ အာဆီယံနှင့်စပ်လျဉ်းပြီး နှစ်စဉ်ထုတ်ပြန်လျက်ရှိသည့် ကြေညာချက်များ၊ မှတ်တမ်းမှတ်ရာများ၊ အာဆီယံ ခေါင်းဆောင်များ၏ ထုတ်ပြန်ချက်များပါ နောက်ဆက်တွဲလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ASCC Database များကို စောင့်ကြည့်အကဲဖြတ်ခြင်းနှင့် Update ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ရာတွင် အာဆီယံလူမှု-ယဉ်ကျေးမှု အသိုက်အဝန်းမဏ္ဍိုင်နှင့် လုပ်ငန်းအစုအဖွဲ့များက အချက်အလက်များ၊ စာရင်းဇယားများကို စနစ်တကျ ထည့်သွင်းဆောင်ရွက်နိုင်ရေး လက်တွေ့သင်ကြားပေးမည့်အစီအစဉ်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနညွှန်ကြားရေးမှူးချုပ်က "Capacity Building for SOCA and ASCC Sectoral Bodies of CLMV Countries on the ASCC Blueprint 2025 M&E System, including the End–Term Review of the ASCC Blueprint 2025" သင်တန်း အောင်မြင်စွာ လက်ခံကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာသူများက ဆပ်ကော်မတီအလိုက် ဆွေးနွေးတင်ပြကြပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ဥပဒေရေးရာဝန်ကြီးဌာနနှင့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာနတို့ပူးပေါင်း၍ ဝန်ထမ်းသက်သာဆိုင်ဖွင့်လှစ်



နေပြည်တော် မတ် ၁၀

ဥပဒေရေးရာဝန်ကြီးဌာနနှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ အပ်ကုန်စနစ်ဖြင့် ဖွင့်လှစ်သည့် ဝန်ထမ်းသက်သာဆိုင် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ဥပဒေရေးရာဝန်ကြီးဌာန မျက်နှာစာရှိ ဝန်ထမ်းသက်သာဆိုင်ရှေ့၌ ကျင်းပသည်။

အခမ်းအနားသို့ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီး၊ ဥပဒေရေးရာဝန်ကြီးဌာနနှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာအကြီးအကဲများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

အဆိုပါ ဝန်ထမ်းသက်သာဆိုင်တွင် အခြေခံစားကုန်ပစ္စည်းများဖြစ်သော ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်အပါအဝင် လူသုံးကုန်ပစ္စည်းများနှင့် ဥပဒေစာအုပ်များကို ဝယ်ယူရရှိနိုင်ကြောင်းသိရသည်။ (သတင်းစဉ်)

# အမရပူရနှင့် ကလောမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ



ထွန်းထွန်းဇော်(ခ)ထူးငယ်နှင့် မင်းဆန်းမြင့်ထွန်း(ခ)ကိုမင်းတို့အား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် မတ် ၁၀

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ်လ ၅ ရက် နံနက် ၈ နာရီတွင် အမရပူရမြို့နယ်၊ ရွှေကြက်ယက်ကျေးရွာအနီးတွင် ထွန်းထွန်းဇော်(ခ) ထူးငယ် မောင်းနှင်ပြီး မင်းဆန်းမြင့်ထွန်း(ခ)ကိုမင်း လိုက်ပါလာသည့် NISSAN DIESEL အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၃ ဒသမ ၉၉ ကီလို(တစ်ကီလိုလျှင်သိန်း ၂၅၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေ ၉၉၇ ဒသမ ၅ သိန်း)ကိုလည်းကောင်း၊

မတ်လ ၉ ရက် နံနက် ၁၀ နာရီတွင် ကလောမြို့၊ ရပ်ကွက်(၃)၊ ကလော-မြင်းတိုက်သွားကားလမ်းတွင် အောင်ကျော်(ခ) ထွန်းနိုင် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ (တစ်ပြားလျှင် ၅၀၀ ကျပ်နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေ သိန်း ၅၀)ကိုသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှသိရသည်။ ရဲပြန်ကြား

# နန်းယွန်းမြို့နယ် ရောင်ကွန်- ရှိတ်ညို- ကြူယမ်း- ဝပ်ကကျောက်ခေါ်- ဟရှိတ်နုတ်ညိုလမ်း လမ်းတာချဲ့ခြင်းလုပ်ငန်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး



နေပြည်တော် မတ် ၁၀

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း နန်းယွန်းမြို့နယ် ရောင်ကွန်-ရှိတ်ညို- ကြူယမ်း- ဝပ်ကကျောက်ခေါ်-ဟရှိတ်နုတ်ညိုလမ်း ၄၃ မိုင် ၄ ဖာလုံအနက် ၁၀ မိုင် လမ်းတာချဲ့ခြင်းလုပ်ငန်း ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးရွာချင်းဆက်လမ်းအား အဆင့်မြှင့်တင်ပေးနိုင်ခဲ့ခြင်းကြောင့် ဒေသခံကျေးရွာပေါင်း ၁၁ ရွာ၊ အိမ်ခြေ ၁၂၄၉ အိမ်၊ လူဦးရေ ၁၀၀၉၁ ဦးတို့၏ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် မတ် ၁၀

ကပ္ပလီပင်လယ်ပြင်တောင်ပိုင်း၊ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။ (မိုး/ဇလ)

# ၂၀၂၅ ခုနှစ်၊ နှစ်(၈၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲတွင် ဆုရရှိသူများအမည်စာရင်း

**စစ်ချီသီချင်း**

၁။ **ရဲရဲတက် ရဲရဲတိုက် ရဲရဲချေမှုန်း** — ပထမဆု
မြင့်မိုရ်ဦး

၂။ **ပြည်သူ့အတွက် တပ်မတော်ဖြစ်သည်** — ဒုတိယဆု
အောင်ဇော်ဦး(ရဲတီးဝိုင်း)

၃။ **(ကြည်း၊ ရေ၊ လေ)သည် ထာဝရညီ** — တတိယဆု
လှိုင်ဝင်းထွန်း

၄။ **ရဲဝံ့စွန့်စား ပြည်ချစ်သား** — စတုတ္ထဆု
ဒုတိယအရာခံဗိုလ်သက်ဝင်းလှိုင်

၅။ **နိုင်ငံတော်ကို ကာကွယ်ထား နည်းပညာနဲ့တပ်မတော်သား** — ပဉ္စမဆု
ခင်ဇော်(မြဝတီ)

**စစ်သည်တေးသီချင်း**

၁။ **တွဲလက်မြဲစေ ညီအစ်ကိုတွေ** — ပထမဆု
ထားရ

၂။ **တပ်မတော်၏သမိုင်းပေးတာဝန်** — ဒုတိယဆု
မအိ(ပဲခူး)

၃။ **အမိမြေကို ချစ်ကြသူများ** — တတိယဆု
ရွှေသင်းသူ(သဇင်)

၄။ **စစ်သားဆိုတာ** — စတုတ္ထဆု
ကေသီ

၅။ **ရှေ့သို့ချီမည် ပန်းတိုင်ဆီ** — ပဉ္စမဆု
မြင့်မြတ်ဦး(မြဝတီ)

**ကဗျာ(ဝါသနာရှင်)**

၁။ **ခေတ်သမိုင်းကိုဆစ်ပိုင်း၍ ရစ်သိုင်းလေသော မော်ကွန်းလွှာ** — ပထမဆု
ကောင်းခြိမ့်ကျော်

၂။ **စစ်သားဆိုတာ ပြည့်ရတနာ** — ဒုတိယဆု
မနောသစ်(ပခုက္ကူ)

၃။ **နှစ်(၈၀)ပြည့် ဂုဏ်မြတ်သည့်တပ်မတော်နေ့** — တတိယဆု
အောင်နိုင်သူ(ဖွဲ့ကပင်)

၄။ **ကြယ်ပေါင်းဝန်းရံရွှေနိုင်ငံ၏ အောင်လံမြင့်မော် တပ်မတော်** — စတုတ္ထဆု
ခိုင်မြတ်မော်(မြဝတီ)

၅။ **အစဉ်အလာကောင်းသည့်တပ်မတော်** — ပဉ္စမဆု
ညဏ်လင်း(တပ်ကုန်း)

၆။ **ခေတ်သမိုင်းကို ဆစ်ပိုင်းဖြတ်ကျော်တပ်မတော်** — အထူးဆု(၁)
သက်နှင်းညို

၇။ **တပေါင်းမှာသည် ရှေ့သို့ချီသော်၊ သွေးသစ် မော်ကွန်းတည်စေသတည်း** — အထူးဆု(၂)
ရဲမွန်ကျော်

၈။ **ကမ္ပည်းမော်ကွန်း တည်စေသွန်း** — အထူးဆု(၃)
ရွှေလေးခင်

**ကဗျာ(အလွတ်တန်း)**

၁။ **တို့များတပ်မတော်** — ပထမဆု
မြတ်ထွဏ်းနောင်

၂။ **နေတစ်စင်းနှင့်ငွေလမင်းသို့မှာ နိုင်ငံအတွက်သာ တပ်မတော်ပါ** — ဒုတိယဆု
ဘုန်းမောင်ဝင်း(ဖျာပုံ)

၃။ **တင့်တယ် သူရိန် လမင်းအိမ်သို့** — တတိယဆု
ဘုန်းရဲနိုင်(ဂန့်ဂေါ)

၄။ **ဖြတ်ကျော်လွှားရခရီးရှည် တပ်မတော်သားအလှ (ကြည်း၊ ရေ၊ လေ)** — စတုတ္ထဆု
ရေနံ့သာမောင်ကျော်ညွန့်

၅။ **နိုင်ငံ့လူမျိုးဂုဏ်ရှိန်တိုးအောင် ကြိုးစားဆောင်ဖော် တပ်မတော်** — ပဉ္စမဆု
မနောဖြူ

၆။ **အောင်သပြေဖော်ညွှန်း တပေါင်းမော်ကွန်း** — အထူးဆု(၁)
မောင်မင်းသိမ်း(သရက်)

၇။ **ခေတ်အဆက်ဆက် ထက်မြက်ဂုဏ်ကျော် မြန်မာ့တပ်မတော်** — အထူးဆု(၂)
မျိုးစစ်သည်

၈။ **ကမ္ပည်းမော်ကွန်း ပေါ်ထွန်းမွေးမြူ သမိုင်းလှသော မြန်မာ့တပ်မတော်** — အထူးဆု(၃)
ညောင်ရွှေ-ခင်မောင်မြ

**ဝတ္ထုတို(ဝါသနာရှင်)**

၁။ **စစ်မှန်သော မေတ္တာတရားဖြင့်** — ပထမဆု
အမောင်

၂။ **သူတို့ကို စျေးမရောင်းတော့ပါ** — ဒုတိယဆု
မုန်းမောင်မောင်

၃။ **ခရေဦး၏သန္နိဋ္ဌာန်** — တတိယဆု
ယု(သဇင် FM)

၄။ **အပြုံးလည်းလှ နှလုံးသားလှတဲ့ မုန်းမရတဲ့ စစ်သည်တော်** — စတုတ္ထဆု
မနောဖြူ

၅။ **သူရဲကောင်းတို့၏ဝိညာဉ်များ** — ပဉ္စမဆု
ရဲမွန်ကျော်

၆။ **အမွန်မြတ်ဆုံးသော စွန့်လွှတ်ခြင်း** — အထူးဆု(၁)
ငြိမ်းချမ်းဖြူ

၇။ **စစ်ကျောပိုးအိတ်မှာ ဆွဲချိတ်ထားတဲ့ကြယ်မှုန်တွေ** — အထူးဆု(၂)
ထက်ပိုင်ဦး(သစ္စာမြေ)

၈။ **မွေးရာပါတာဝန်** — အထူးဆု(၃)
စစ်ငြိမ်းပန်း

**ဝတ္ထုတို(အလွတ်တန်း)**

၁။ **အားနာရန် မလိုခဲ့ပါ** — ပထမဆု
မျိုးမြင့်ရန်နောင်

၂။ **ဇာတိသွေးစက် အိုးစားဖက်ကိုရှာကြသည်** — ဒုတိယဆု
မောင်မောင်လွင်(ရွှေဘိုသား)

၃။ **ကြယ်တွေကြွေသောလမ်း** — တတိယဆု
ကျော်တေဇ(ဥက္ကလာ)

၄။ **ယုံကြည်ခြေတစ်လှမ်း** — စတုတ္ထဆု
ထက်ဝေအောင်(စစ်ကိုင်း)

၅။ **မကြွေခဲ့ရုံ ကြယ်တစ်ပွင့်ရဲ့ရာဇဝင်** — ပဉ္စမဆု
မောင်စူးရှ(အနောက်ရိုးမ)

၆။ **ငြိမ်းချမ်းပါစေ ပန်းဝါမြေ** — အထူးဆု(၁)
မင်းလပြည့်(ဟားခါး)

၇။ **အမေ့မှာ သားတွေအများကြီးရှိပါတယ်** — အထူးဆု(၂)
သက်သက်နွယ်(ရန်ကုန်တက္ကသိုလ်)

၈။ **ကိုယ်သင်းနံ့လေး မွေးပျံ့နေသည်** — အထူးဆု(၃)
စေတမန်

**ဝတ္ထုရှည်(ဝါသနာရှင်)**

၁။ **နောက်ဆုံးကျည်ဆန်** — ပထမဆု
မြခြူးအိမ်

၂။ **သစ္စာနန်းမှပန်းရင်ခွင်** — ဒုတိယဆု
ဘုန်းရဲနိုင်(ဂန့်ဂေါ)

၃။ **အိမ်အမှတ်(၁၃၅)** — တတိယဆု
လူမောင်(ဝိရောဓိ)

၄။ **အဏ္ဏဝါထက်က ပန်းပျိုးလက်** — စတုတ္ထဆု
တင်ဦး(ရန်ကင်း)

၅။ **ကရုဏာရွှေလက်တို့ဖြင့် အမွန်မြတ်ဆုံး ပေးဆပ်ခဲ့ကြပါသည်** — ပဉ္စမဆု
သျှင်ငြိမ်းစံ

၆။ **တိုင်းပြည်ကို စောင့်ရှောက်ဖို့ တာဝန်ရှိနေလို့ပါ** — အထူးဆု(၁)
မောင်စိုးထွန်း

၇။ **အစဉ်နှပျိုနေသည့် ဥဒါန်းစကား** — အထူးဆု(၂)
အောင်မင်းကျော်(ပညာ)

၈။ **စောင့်ထိန်းအပ်သော သစ္စာတရားတို့ဖြင့်** — အထူးဆု(၃)
ခင်မျိုးမျိုးချစ်(ချင်းတောင်)

**ဝတ္ထုရှည်(အလွတ်တန်း)**

၁။ **လွမ်းရက်တာရှည် စစ်မြေစခန်းမှာဖြင့်** — ပထမဆု
တက္ကသိုလ်မြမဥ္ဇူ

၂။ **ထာဝရစစ်သား ထာဝရမြန်မာ့တပ်မတော်** — ဒုတိယဆု
စိုးနွေ

၃။ **နမ့်လွေချောင်းဘေးမှာ ပေးခဲ့လေသော မြေပုံလေးတစ်ချပ်အကြောင်း** — တတိယဆု
ရဲမင်းစိုး

၄။ **လွမ်းရစ်စေသူ** — စတုတ္ထဆု
ညိမ်းညို

၅။ **ကြယ်တစ်စင်းရဲ့ ဘဝစာမျက်နှာ** — ပဉ္စမဆု
နေဇင်(ပေါက်ခေါင်း)

၆။ **ကျည်တစ်တောင့် လူတစ်ယောက်** — အထူးဆု(၁)
နီသင်အောင်ကျော်မိုး

၇။ **ပေးဆပ်သူတို့၏ ချစ်ခြင်းသက်သေ** — အထူးဆု(၂)
ခန့်ပိုင်

၈။ **အဖြူရောင်အနားသတ်** — အထူးဆု(၃)
အမေ့သား(နတ်မောက်)

**မှတ်ချက်။** ဆုပေးပွဲအခမ်းအနားကျင်းပမည့်နေ့ရက်၊ နေရာနှင့် အချိန်တို့ကို ထပ်မံအသိပေးသွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းနံပါတ် ၀၃၆-၃၀၅၁၆၊ ၀၃၆-၃၀၅၁၈ တို့ထံ ဆက်သွယ် မေးမြန်းနိုင်ပါသည်။

---

**အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူ့အတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက် သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက် ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆိုခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအားနှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# သူလျှိုလုပ်ဆောင်မှုများတွင်ပါဝင်သည့် ဗြိတိန်သံအမှုထမ်းနှစ်ဦးကို နိုင်ငံအတွင်းမှထွက်ခွာရန် ရုရှားအမိန့်ပေး

**မော်စကို၊ သူလျှိုမှု**

သူလျှိုလုပ်ဆောင်မှုများတွင်ပါဝင်ခဲ့သည့် ဗြိတိန်သံရုံးမှ အမှုထမ်းနှစ်ဦးကို နှစ်ပတ်အတွင်း နိုင်ငံအတွင်းမှထွက်ခွာသွားရန် ရုရှားအစိုးရက မတ်လ ၁၀ ရက်တွင် အမိန့်ပေးလိုက်ကြောင်းသိရသည်။

အဆိုပါ ဗြိတိန်သံအမှုထမ်းများသည် ထောက်လှမ်းရေးအချက်အလက်စုဆောင်းခြင်းနှင့် ရုရှားနိုင်ငံ၏လုံခြုံရေးကို လျော့ပါးစေမည့်ဆောင်ရွက်မှုများကို လုပ်ဆောင်ခဲ့ကြောင်း ပြည်ထောင်စုလုံခြုံရေးအဖွဲ့က ဖော်ထုတ်တွေ့ရှိပြီးနောက်ပိုင်း ၎င်းတို့၏ သံအမှုထမ်းအဖြစ် တရားဝင်အသိအမှတ်ပြုမှုကို ရုရှားအစိုးရကရုပ်သိမ်းပြီး နိုင်ငံအတွင်းမှ ထွက်ခွာသွားရန် ညွှန်ကြားလိုက်ခြင်းဖြစ်သည်။

အဆိုပါသံအမှုထမ်းများသည် ဗြိတိန်သံရုံးရှိ နိုင်ငံရေးဌာနမှဖြစ်ပြီး ၎င်းတို့သည် ရုရှားနိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့်ရရှိပြီးနောက်ပိုင်းတွင် သတင်းအမှားများကို ရည်ရွယ်ချက်ရှိရှိပေးပို့ခဲ့ပြီး ရုရှားနိုင်ငံ၏ ဥပဒေကိုချိုးဖောက်ခဲ့ကြကြောင်း ပြည်ထောင်စုလုံခြုံရေးအဖွဲ့က ထုတ်ပြန်သည့်ကြေညာချက်တွင် ဖော်ပြထားကြောင်းသိရသည်။

ထို့ကြောင့် ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနသည် အခြားအေဂျင်စီများနှင့် ပူးပေါင်းဆောင်ရွက်ပြီး အဆိုပါဗြိတိန်သံအမှုထမ်းများ၏ သံအမှုထမ်းအဖြစ် တရားဝင်အသိအမှတ်ပြုမှုကိုရုပ်သိမ်း၍ နိုင်ငံအတွင်းမှ ထွက်ခွာရန် အမိန့်ပေးခဲ့ခြင်းဖြစ်သည်။

ပြည်ထောင်စုလုံခြုံရေးအဖွဲ့အနေဖြင့် ပြည်ပထောက်လှမ်းရေးအဖွဲ့များ၏ထောက်လှမ်းရေး သတင်းအချက်အလက်စုဆောင်းခြင်းနှင့် နိုင်ငံ၏လုံခြုံရေးကိုလျော့ပါးစေမည့်လုပ်ဆောင်ချက်များကို တန်ပြန်နိုင်ရန်အတွက် ရယူအသုံးပြုနိုင်သည့် နည်းလမ်းအားလုံးကိုအသုံးပြု၍ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ၎င်းအဖွဲ့က ထုတ်ပြန်သည့်ကြေညာချက်တွင်ဖော်ပြထားကြောင်း သိရသည်။

Ref: RT

# ရုရှား၊ တရုတ်နှင့် အီရန်သုံးနိုင်ငံကြား ပူးတွဲရေတပ် စစ်ရေးလေ့ကျင့်မှုများ အီရန်တွင်စတင်



**တီဟီရန်၊ စစ်ရေးလေ့ကျင့်မှု**

ရုရှား၊ တရုတ်နှင့် အီရန်သုံးနိုင်ငံကြား ပြုလုပ်သည့် ပူးတွဲရေတပ်စစ်ရေးလေ့ကျင့်မှုများကို အီရန်နိုင်ငံ ချက်ဘီဟာဆိပ်ကမ်းတွင် မတ်လ ၁၀ ရက်က စတင်လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

Security Belt – 2025 ဟု အမည်ပေးထားသည့် ပူးတွဲစစ်ရေးလေ့ကျင့်မှုတွင် ရုရှား၊ တရုတ်နှင့် အီရန် သုံးနိုင်ငံစလုံးမှ ရေတပ်ဖွဲ့များပါဝင်ပြီး ရုရှားနိုင်ငံက ၎င်းတို့၏ပစိဖိတ်ရေယာဉ်အုပ်မှ Aldar Tsydenzhapov၊ Russy စသည့် ကော်ဗက်စစ်ရေယာဉ်များ ပါဝင်လေ့ကျင့်လျက်ရှိသည်ဟု ရုရှားကာကွယ်ရေးဝန်ကြီးဌာနမှ သတင်းနှင့် ဆက်သွယ်ရေးဌာနက ထုတ်ပြန်သည်။

ပူးတွဲစစ်ရေးလေ့ကျင့်မှုအတွင်း သုံးနိုင်ငံမှ ရေတပ်ဖွဲ့ဝင်များသည် ရေယာဉ်များအား ဖမ်းဆီးခြင်းနှင့် ပြန်လွှတ်ပေးခြင်း၊ ပင်လယ်ပြင်အတွင်း ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ၊ ပင်လယ်ရေပြင်အတွင်းရှိ ပစ်မှတ်များအား အမြောက်များဖြင့်ပစ်ခတ်တိုက်ခိုက်ခြင်း စသည့်လေ့ကျင့်မှုများကိုလုပ်ဆောင်ရန်စီစဉ်ထားသည်။ အဆိုပါစစ်ရေးလေ့ကျင့်မှုများကို အိန္ဒိယသမုဒ္ဒရာမြောက်ပိုင်းရှိ ရေပြင်တွင် ရက်ပေါင်းအတော်ကြာ လုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

Security Belt – 2025 သုံးနိုင်ငံပူးတွဲရေတပ်စစ်ရေးလေ့ကျင့်မှုကို ယခုတစ်ကြိမ်အပါအဝင် ခုနစ်ကြိမ်မြောက်လုပ်ဆောင်ခြင်းဖြစ်ပြီး စစ်ရေးလေ့ကျင့်မှု၏အဓိကရည်ရွယ်ချက်မှာ ပင်လယ်ပြင်လုံခြုံရေး၊ ပင်လယ်ဓားပြမှုနှင့်အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးနှင့် ပင်လယ်ရေကြောင်းဆက်သွယ်ရေးလမ်းကြောင်းများကိုကာကွယ်နိုင်ရေးတို့အတွက်ဖြစ်ကြောင်း သတင်းနှင့်ဆက်သွယ်ရေးဌာနက ဆက်လက်ဖော်ပြသည်။
